

တက္ကသိုလ်

# နေလင်းအောင်

# အဝီးကျန်၏အလွှပုံရိပ်

စာစဥ် (၁+၄)

စာစဥ် (၁)

ဝမ်အင်း၏ ဂူးယဲ့ယီဝမ်းတ

2005

11.10.2016

Alien မှ pdf အဖြစ် စကန်ဖတ်သည်

Alien-ချစ်စုလှိုင်

သိုင်းစာစဥ်များPAGE



တစဉ် (၃)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
☆ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်

# နေလင်းအောင်

---

## အထီးကျန်၏အတ္ထုပ္ပတ္တိ

(စာစဉ်-၃)

စာမူခွင့်ပြုချက် ၅၀၀၅၄၄၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၅၈၄၀၅၀၅

၂၀၀၅ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမ္မသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝ အော့ဖ်ဆက်)
အမှတ် ၁၄၇ - ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့



ခေါင်းဆောင်စကားဆုံးသည်နှင့် ကျင်းဖုံးသည် ရှေ့သို့ လျှပ်တစ်ပြက် တိုးကာ အစောင့်ခေါင်းဆောင်အား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

'အား'

အစောင့်ခေါင်းဆောင်မှာ တစ်ချက်သာ အော်နိုင်ပြီး မြေပေါ်ခွေခနဲ လဲကျသွားလေတော့သည်။

'ဟင်'

'ဟာ'

အစောင့်များ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

သို့သော် ချက်ချင်း သတိဝင်လာကြပြီ။

'ရန်သူ ရန်သူ'

'မလွှတ်စေနဲ့'

'သည်ကောင့်ကို ဝိုင်းထားကြ'

တစ်ယောက်တစ်ပေါက် အော်ပြောကာ ကျင်းဖိုးထံ ပြေးဝင်လာကြသည်။

ကျင်းဖိုးက လဲကျနေသည့် အစောင့်ခေါင်းဆောင်၏ ဓားကို ဆွဲယူလိုက်ပြီး အစောင့်များကို တိုက်ခိုက်လိုက်သည်။

သူ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်လို လျှင်မြန်နေသည်။

'အား'

'အွန့်'

'အမလေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

အစောင့်များမှာ တစ်ယောက်ပြီးတစ်ယောက် မြေပေါ် လဲကျသွားသည်။

ကျင်းဖိုးသည် အစောင့်အကြပ်များကို တရကြမ်း တိုက်ခိုက်ရင်း တံခါးပေါက်ဆီသို့ တိုးကပ်သွားပါသည်။

အစောင့်အကြပ်များသည် ဝိုင်းဝန်းတိုက်ခိုက်ကြပါသော်လည်း အနိုင်မရသည့်အပြင် မရှုမလှ ရှုံးနိမ့်နေသဖြင့် ထိတ်လန့်ကာ နောက်သို့ ဆုတ်သွားကြ၏။

ကျင်းဖိုးသည် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ အဆောက်အအုံတွင်းသို့ ခုန်ဝင်လိုက်လေသည်။



အဆောက်အအုံအတွင်းဘက်၌ အဆောင်ဆောင် အခန်းခန်း ဖွဲ့စည်းတည်ဆောက်ထားသည်ကို တွေ့ရပေသည်။

စင်္ကြံလမ်းတစ်လျှောက်တွင်လည်းကောင်း၊ အခန်းများ အဆောင်များရှေ့၌လည်းကောင်း အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအစောင့်များသည် အပြင်ဘက်မှ ဆူဆူညံညံ အသံများကြောင့် စူးစမ်းသောအကြည့်ဖြင့် တံခါးပေါက်ဆီသို့ လှမ်းကြည့်နေကြပါသည်။

ကျင်းဖိုးသည် အဆောက်အအုံအတွင်း ရောက်သည်နှင့် အချိန်ဆွဲမနေတော့ဘဲ စင်္ကြံလမ်း၌ စောင့်ကြပ်နေသူများအား ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အစောင့်များမှာ ကြောင်အမ်းအမ်းဖြစ်နေသောကြောင့် ခုခံနိုင်ခြင်းမရှိဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြသည်။

ယခုမှ ရန်သူ ဝင်ရောက်လာပြီဖြစ်ကြောင်း သဘောပေါက်

သွားကြသည့် အစောင့်အကြပ်များက ချက်ချင်းပင်

'ရန်သူဟေ့'

'တိုက်ကြဟေ့'

တစ်ယောက်တစ်ပေါက် အော်ပြောကာ ကျင်းဖုံးထံ ပြေးဝင်လာကြတော့သည်။

အဆောက်အအုံအပြင်ဘက်ရှိ အစောင့်အကြပ်များကို သုတ်သင် ရှင်းလင်းပြီးလျှင် ဆင့်ဆင့်အား ကယ်တင်နိုင်မည်ဟု ထင်မှတ်ခဲ့သည်။

အတွင်းဘက်၌ အစောင့်အကြပ်များ ရှိနေမည် မထင်ပါ။ သူ့ဓွေးခြံဝင်းတစ်ခုလုံးနှင့် ရင်ဆိုင်တိုက်ခိုက်ပြီးမှ ဆင့်ဆင့်အား ကယ်တင်နိုင်တော့မည် ဖြစ်ကြောင်း နားလည်မိလေသည်။

မည်သို့ဆိုစေ သူ နောက်ဆုတ်တော့မည် မဟုတ်ပါ။

'ယား'

ညာသံပေးကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ဓားရောင်များ ဝင်းလက်သွားသည်။

'အား'

'အွန့်'

'အမလေး'

အစောင့်အကြပ်များမှာ ကျင်းဖုံးကို မယှဉ်နိုင်ကြဘဲ တစ်



ယောက်ပြီးတစ်ယောက် လဲကျသွားလေ၏။

ကျင်းဖုံးသည် ထွက်ပြေးရန် ကြိုးစားနေသည့် အစောင့်တစ်ယောက်အား ခုန်အုပ်ဖမ်းချလိုက်ပြီး မေးလိုက်၏။

'ဆင့်ဆင့် ဘယ်မှာလဲ ပြောစမ်း'

ထိုအစောင့်သည် ကျင်းဖုံးလက်မှ လွတ်မြောက်နိုင်ခြင်း မရှိသည်ကို နားလည်သဘောပေါက်မိသောအခါ ကြောက်ရွံ့စွာ တောင်းပန်လေ၏။

'ကျုပ် ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ'

ကျင်းဖုံးက

'ဆင့်ဆင့် ဘယ်မှာလဲ'

'ရှိ ရှိပါတယ်၊ ဝဲဘက်အဆောင်မှာ ချုပ်ထားပါတယ်'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလေသည်။

ကျင်းဖုံးမှာ ဆင့်ဆင့်ရှိသည့်နေရာကို သိရသဖြင့် အစောင့်ကို တွန်းထုတ်ပစ်ကာ ဓားဖြင့် ခုတ်ချလိုက်လေ၏။

'အား'

အစောင့် ရှူးရှူးစွာ အော်ဟစ်ကာ လဲကျသွားသည်။

ကျင်းဖုံးလည်း အစောင့်ညွှန်ပြရာသို့ လျှင်မြန်စွာ ပြေးထွက်သွား၏။

ကျန်အစောင့်များသည် ညာသံပေးကာ နောက်မှ လိုက်လာ

ကြသည်။

စက္ကြိုလမ်းတစ်လျှောက် ကျင်းဖုံး၏ လက်ချက်မိသွားသည့် အစောင့်များ အတုံးအရုံး လဲကျနေပါသည်။

အစောင့်များသည် ကျင်းဖုံးအား အလွတ်မပေးကြသော်လည်း ဟန့်တားတိုက်ခိုက်ရန် လည်း မဝံ့မရဲ ဖြစ်နေကြ၏။

ကျင်းဖုံးအား ပြေးဝင်တိုက်ခိုက်လိုက်သူတိုင်းသည် ကျင်းဖုံး၏ လက်ချက်ဖြင့် မရှုမလှ လဲကျသွားရသည်ချည်း မဟုတ်ပါလား။

ကျင်းဖုံးသည် ဆင့်ဆင့်ရှိနေသည်ဆိုသော အဆောင်ဘက်သို့ ပြေးအသွားတွင်

'ရပ်လိုက်စမ်း'

ဟန့်တားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအခါ အနီရောင်ဝတ်ဆင်ထားသူတစ်ယောက် လမ်းပိတ်ဟန့်တားထားသည်ကို တွေ့မြင်ရသည်။

ထိုလူကို မြင်လျှင် ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

'ဘေးဖယ်လိုက်စမ်း'

'မင်း ဘယ်သူလဲ'

ထိုလူမှာ ဘုံကျောင်းရှေ့ဝယ် ရှမ်းချီနှင့် တိုက်ခိုက်ခဲ့သူဖြစ်ပေသည်။



ကျင်းဖုံးကား ထိုလူမှာ သူဌေးခြံဝင်းတွင် တာဝန်ရှိသူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်မိသည်။

သူသည် အော်လိုက်ကာ

'ရှမ်းချီအတွက် ခင်ဗျားတို့ အသက်ကို ပြန်ပေးရမယ်'

ထို့နောက် ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

အနီရောင်ဝတ်ဆင်ထားသူကလည်း ပြန်လည်တိုက်ခိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်

'ဝုန်း'

'အား'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ အနီရောင်ဝတ်ဆင်ထားသူမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

အနီရောင်ဝတ်ဆင်ထားသူသည် ကျင်းဖုံးအား ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ကြည့်လိုက်သည်။

သူဌေးခြံဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်နေသူမှာ ခေသူမဟုတ်ကြောင်း ကောင်းစွာ သဘောပေါက်သွားသည်။

ကျင်းဖုံးက မေးလိုက်၏။

'ဆင့်ဆင့် ဘယ်မှာလဲ'

အနီရောင်ဝတ်ဆင်ထားသူ မျက်မှောင်ကြုတ်သွားသည်။

'မင်းက ဆင့်ဆင့်အတွက် လာတာလား'

'ဟုတ်တယ်'

'ရှမ်းချီအတွက် လုထိန်ကို သုတ်သင်ရှင်းလင်းပစ်ရလိမ့်မယ်'

ရှမ်းချီသည် ဘုံကျောင်းပျက်ရှေ့တွင် သူနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သူဖြစ်ကြောင်း အနီရောင်ဝတ်ဆင်ထားသူ နားလည်ထားသည်။

ရှမ်းချီ၏ လက်ချက်ကြောင့် သူ၏ လက်တစ်ဖက် ကျိုးခဲ့ရသည်။

ယခု ရှမ်းချီ၏ မိတ်ဆွေသည် သူ့ဌေးခြံဝင်းအတွင်းသို့ပင် ကျူးကျော်ဝင်ရောက်လာလေပြီ။

'သတ္တိရှိရင် မင်းနာမည်ပြောစမ်း'

ကျင်းဖုံးကို စိုက်ကြည့်ရင်း မေးလိုက်သည်။

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားတို့လို လူစားမျိုးတွေကို ကျုပ်နာမည် ပြောပြဖို့ မတန်ပါဘူးဗျာ။ ကဲ လမ်းဖယ်ပေးပါ'

ပြောပြောဆိုဆို ရှေ့တိုးကာ အနီရောင်ဝတ်ဆင်ထားသူအား တိုက်ခိုက်လိုက်သည်။

အနီရောင်ဝတ်ဆင်ထားသူ ရင်ထိတ်သွားသည်။

'ဟေ့ ဘာလုပ်နေကြတာလဲ၊ ဝင်တိုက်ကြပါတော့လား'



ဝိုင်းရံထားသည့် အစောင့်အကြပ်များကို အော်ငေါက်အမိန့်ပေးလိုက်သည်။

'ယား'

အစောင့်များသည် အမိန့်ကို မလွန်ဆန်ဝံ့ဘဲ ညာသံပေးကာ ကျင်းဖုံးထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

ကျင်းဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်ပါ၏။

ဓားရောင်များ ဝင်းလက်တောက်ပသွားသည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှကျယ်လောင်သော အော်ဟာစ်သံများနှင့်အတူ အစောင့်အချို့မှာ ကျင်းဖုံး၏ လက်ချက်မိကာ လဲကျသွားကြသည်။

သူ့ဌေးခြံဝင်းသည် ကျူးကျော်ဝင်ရောက်လာသူတစ်ယောက်ကိုပင် အနိုင်တိုက်ခိုက်နိုင်ခြင်းမရှိလျှင် လူအထင်သေးမည်ကို တွေးမိသဖြင့် အနီရောင်ဝတ်ဆင်ထားသူကလည်း ကျင်းဖုံးကို ပြေးဝင်တိုက်ခိုက်လိုက်သည်။

သို့သော် ကျင်းဖုံးက ပြန်လည်တိုက်ခိုက်လိုက်လျှင်

'အမလေးဗျ'

**စူးရှစွာ အော်ဟာစ်လိုက်၏။**

သူ၏ လက်ဝဲဘက် ပခုံး၌ ဓားဒဏ်ရာကြီးရှိနေပြီး သွေးချင်းချင်း နီရဲသွားသည်။

ကျင်းဖုံးသည် ထိုလူကိုပင် ဂရုမစိုက်တော့ဘဲ ဆင့်ဆင့်ရှိသည့် အဆောင်အတွင်းသို့ ပြေးဝင်လိုက်သည်။

အဆောင်ထဲရောက်သည်နှင့် မိန်းကလေးတစ်ယောက်အား အစောင့်သုံးယောက်က ဝိုင်းရံထားကြသည်ကို တွေ့ရလေသည်။

ထိုမိန်းကလေးမှာ သူ လိုက်ရှာနေသည့် ဆင့်ဆင့်ဖြစ်၏။

ကျင်းဖုံးက

'ယား'

ညာသံပေးကာ အစောင့်သုံးယောက်ထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

အစောင့်တစ်ယောက်က

'ရပ်လိုက်စမ်း၊ မရပ်ရင် သခင်မလေးကို သတ်ပစ်လိုက်မယ်'

ဆင့်ဆင့်အား ဓားဖြင့် ခုတ်ချရန် ချိန်ရွယ်ကာ အော်ပြောလိုက်လေသည်။

သို့သော် သူ၏ ခြိမ်းခြောက်မှုမှာ မထိရောက်နိုင်ခဲ့ပေ။

ကျင်းဖုံးသည် သူတို့အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

'ဝုန်း'



'အား'

'အမလေး'

အစောင့်သုံးယောက်စလုံး ကြမ်းပြင်ပေါ် ဖရိုဖရဲ လဲကျသွားသည်။

ဆင့်ဆင့်သည် ခုံတစ်လုံးတွင် မလှုပ်မယှက် ရှိနေ၏။

သူမအား ခုံနှင့်ပူး၍ ကြိုးများနှင့် ချည်နှောင်ထားသည်ကို တွေ့ရလေသည်။

ကျင်းဖုံးကိုမြင်လျှင်

'ဟင် ရှင် ရှင်'

တအံ့တသြဖြင့် စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေလေတော့သည်။

ကျင်းဖုံးက ဘာမှ မပြောပါ။

လက်ထဲ ကိုင်ထားသည့် ဓားကို ဝှေ့ယမ်းလိုက်သည်။

'တောက် တောက်'

ဆင့်ဆင့်အား ချုပ်နှောင်ထားသည့် ကြိုးများ အပိုင်းပိုင်း ပြတ်သွားလေ၏။

အနှောင်အဖွဲ့မှ လွတ်မြောက်လာသည်နှင့် ဆင့်ဆင့် ခုန်ထလာလေသည်။

'ရှင် ရှင် ကျွန်မကို လာကယ်တာလား'

ကျင်းဖုံးက မေးလေ၏။

'လုထိန်ကော'

ဆင့်ဆင့် ဒေါသ ထွက်သွားလေသည်။

'သူက လူယုတ်မာတစ်ယောက်ပဲရှင့်၊ ကျွန်မဖေဖေကို ဒုက္ခ ပေးခဲ့တာလည်း သူပဲ၊ သူက ရှူဆိုးတွေနဲ့ ပေါင်းပြီး ကျွန်မကို ဖမ်း ဆီးခဲ့တာ၊ ကျွန်မဆီမှာ နေမင်းသူရိန် ကျင့်စဉ် ရှိနေတယ်လို့ ထင်ပုံ ရတယ်'

'လုထိန်ဘယ်မှာလဲ'

ကျင်းဖုံးက ထပ်မေးလာသည်။

သူမ၏ စကားကို ကျင်းဖုံး စိတ်ဝင်စားခြင်းမရှိသည်ကို ရိပ်မိလျှင် ဆင့်ဆင့် စိတ်မကောင်းဖြစ်သွားသည်။

'ဒီခြံဝင်းထဲမှာပဲ ရှိမှာပေါ့၊ ကျွန်မက အဖမ်းခံနေရတော့ သူ ဘယ်မှာ ရှိတယ်ဆိုတာကို ဘယ်လိုလုပ် သိနိုင်မှာလဲရှင့်'

ကျင်းဖုံး တွေဝေသွားသည်။

အနည်းငယ် စဉ်းစားပြီးမှ

'ကောင်းပြီ၊ တို့ ဒီက ထွက်သွားမယ်၊ ကျုပ်နောက် လိုက်ခဲ့ ပေါ့'

စကားဆုံးလျှင် ချာကနဲ လှည့်ထွက်သွားသည်။

ဆင့်ဆင့်လည်း မငံ့မရဲဖြင့် နောက်မှ လိုက်သွား၏။



ကျင်းဖုံးအား ကူညီစေချင်သူ ပါလာသလားဟု ဟိုဟို သည်သည် အကဲခတ် ကြည့်လိုက်ပါသော်လည်း အရိပ်အယောင်ပင် မတွေ့ရချေ။

သူမ တွေ့ရသည်မှာ ကျင်းဖုံးအား သုတ်သင်ရှင်းလင်းပစ် ရန် သူ့ရှေ့ခြံဝင်းမှ သိုင်းသမားများသာ ဖြစ်လေတော့သည်။

အနီရောင်ဝတ်ဆင်ထားသူ ဦးဆောင်သည့် အစောင့်အကြပ် များသည် သူတို့ ထွက်သွား၍ မရအောင် အဆောင်ရှေ့တွင် ပိတ်ဆို့ ဟန့်တားထားလိုက်သည်။

ကျင်းဖုံးက ထိုလူများထံသို့ တန်းတန်းမတ်မတ် လျှောက် သွားနေ၏။ ဆင့်ဆင့် ကြောက်ရွံ့သွားသည်။

အနီရောင်ဝတ်ဆင်ထားသူမှာ ကျင်းဖုံး၏ လက်ချက်ကြောင့် ဒဏ်ရာရထားပြီး တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။

ကျင်းဖုံးလျှောက်လာနေသဖြင့် ဟန့်တားလိုက်သည်။

"ရပ်လိုက်စမ်း။ မင်း ထွက်သွားလို့ ရတော့မှာ မဟုတ်ဘူး။ အေးအေးဆေးဆေး လက်နက်ချပြီး အဖမ်းခံတာ ကောင်းတယ်"

ကျင်းဖုံး ဘာမျှ မပြောပါ။

အနီရောင်ဝတ်ဆင်ထားသူနှင့် လက်တစ်ကမ်းအကွာ ရောက် ရှိသွားသည်နှင့် ဘာမပြော ညာမပြော ဓားဖြင့် ခုတ်ချလိုက်လေသည်။

"ဟာ"

အနီရောင်ဝတ်ဆင်ထားသူ ထိတ်လန့်သွား၏။

ချက်ချင်းပင် ပြန်လည်ခုခံလိုက်၏။

သို့သော် ကျင်းဖုံး၏ ဓားချက်သည် သူ၏ ရင်ဝ၌ ပြင်းထန်သော ဒဏ်ရာကြီး ဖြစ်ပေါ်လာစေတော့သည်။

'အား'

အနီရောင်ဝတ်ဆင်ထားသူ ငယ်သံပါအောင် အော်ဟစ်လိုက်လေတော့သည်။

ထို့နောက်

'ဝုန်း'

ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားပြီး ပြန်မထတော့ချေ။

ကျင်းဖုံးသည် ထိုလူအား အရေးမစိုက်တော့ဘဲ လမ်းပိတ်ထားသည့် အစောင့်များထံ လှမ်းသွားကာ ထပ်မံ တိုက်ခိုက်လိုက်သည်။

အစောင့်များသည် အနီရောင်ဝတ်ဆင်ထားသူ၏ အဖြစ်အပျက်ကြောင့် ကြောင်အမ်းအမ်းဖြစ်နေကြပါသည်။

ကျင်းဖုံးတိုက်ခိုက်လာသောအခါ ရှောင်တိမ်းခုခံနိုင်ခြင်း မရှိတော့ပါ။

'အား'

'အွန့်'



'အမလေး'

သုံးလေးယောက်မျှ ကျင်းဖုံး၏ လက်ချက်မိကာ လဲကျသွားကုန်သည်။

ကျန်လူများသည် ကျင်းဖုံးအား ကြောက်ရွံ့လာကြလေတော့သည်။

'နောက်ဆုတ်ကြဟေ့'

တစ်ယောက်က အော်ပြောပြီး နောက်လှည့်ထွက်ပြေး၏။

ထိုအခါ ကျန်လူများလည်း ဆက်၍ ဟန့်တားဝံ့ခြင်းမရှိတော့ဘဲ ထွက်ပြေးသွားကြသည်။

စင်္ကြံလမ်းတစ်လျှောက်ဝယ် လူရှင်းသွား၏။

ကျင်းဖုံးက ဆင့်ဆင့်ကို လှည့်ကြည့်လိုက်၏။

ဆင့်ဆင့်သည် သူ့အား မျက်လုံးကလေး အဝိုင်းသားဖြင့် ကြည့်နေပါ၏။

ကျင်းဖုံးက

'ကျုပ်နောက်လိုက်ခဲ့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွား၏။

ဆင့်ဆင့်မှာ မှင်တက်မိသူ ဖြစ်သွား၏။

ကျင်းဖုံး၏ စကားကို မလွန်ဆန်နိုင်ဘဲ နောက်မှ လိုက်သွားလေတော့သည်။

✳ ✳ ✳

## အခန်း (၁၈)
## သံမဏိလှူသား

ကျင်းဖုံးသည် တွေ့သမျှ ရှင်းပစ်မည်ဆိုသည့် ဟန်ပန်ဖြင့် လျှောက်သွားနေ၏။

ဆင့်ဆင့်က နောက်မှ လိုက်သွားသည်။

စကြံလမ်းတစ်လျှောက်ဝယ် လဲကျသေဆုံးနေသည့် အစောင့်အကြပ်များ၏ အလောင်းများ ပြန့်ကျဲနေပါသည်။

ဆင့်ဆင့်သည် အလောင်းများကြားမှ အေးအေးဆေးဆေး ဖြတ်သွားနေသည့် ကျင်းဖုံးကို ကြည့်ကာ ရင်ထဲ ကြောက်ရွံ့လာသည်။

ကျင်းဖုံးသည် လွှန်စွာမှပင် အေးဆေးပြီး ရက်စက်ကြမ်းကြုတ်သည့် စိတ်ထားရှိသူဟု ထင်မှတ်လာတော့သည်။



ကျင်းဖုံးသည် ရှေ့ဆက်လျှောက်သွားရာ အဆောင် တံခါးအနီးသို့ ရောက်ရှိသွားသည်။

ထိုစဉ်မှာပင်

'ဒေါင် ဒေါင် ဒေါင် ဒေါင်'

'ရန်သူဟော့ ရန်သူ'

'အရှေ့ဘက်အဆောင်မှာဟော့'

အပြင်ဘက်မှ အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တစ်ဆက်တည်းပင် အဆောက်အအုံသို့ ဦးတည်ပြေးလွှားလာနေသည့် ခြေသံများ ကြားလိုက်ရသည်။

ကျင်းဖုံးက အရေးမစိုက်ဘဲ ရှေ့ဆက်လျှောက်သွား၏။ ဆင့်ဆင့်က မဝံ့မရဲဖြင့် မေးရတော့သည်။

'ကျွန် ကျွန်မတို့ ထွက်ပြေးလို့ ရပါ့မလားရှင်'

ကျင်းဖုံးက ဘာမျှ မပြောပါ။

အပြင်ဘက်သို့သာ လှမ်းထွက်လိုက်၏။

ဆင့်ဆင့် လိုက်သွား၏။

အဆောက်အအုံ၏ အပြင်ဘက် ရောက်ရှိသွားသည်နှင့် သူမ၏ ခြေလှမ်းများ အလိုလို ရပ်တန့်သွား လေတော့သည်။

အဘယ်ကြောင့်ဆိုသော် အပြင်ဘက်တွင် များပြားလှသည့်

အစောင့်အကြပ်များကို တွေ့မြင်လိုက်ရခြင်းကြောင့်တည်း။

အစောင့်များမှာ နှစ်ရာခန့်ရှိသည်။

အဆောက်အအုံ ပတ်ပတ်လည်တွင် ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားကြသည်။

ကျင်းဖုံးသည် များပြားလှသည့် ရန်သူများ၏ အလယ်မှ မည်သို့ ထိုးဖောက်ထွက်သွားလိမ့်မည်နည်း။

ကျင်းဖုံး ဒုက္ခရောက်သွားမည်ဟု ဆင့်ဆင့် ယုံကြည်မိသည်။

ထို့ကြောင့်

'ကျွန်မကို ထားခဲ့ပြီး ထွက်သွားပါတော့ရှင်'

သူမ၏ စကားကြောင့် ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဆင့်ဆင့်အား ချက်ချင်းလှည့်ကြည့်လိုက်သည်။

သူ၏ အကြည့်မှာ အေးစက် ခက်ထန်နေပေတော့သည်။

'ကျုပ်က ခင်ဗျားကို ကယ်တင်ပါ့မယ်လို့ ရှမ်းချီကို ကတိပေးပြီးပြီ၊ ဒါကြောင့် ထွက်သွားဖို့ စကားမပြောနဲ့၊ ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ'

ဆင့်ဆင့် ခေါင်းယမ်းလိုက်သည်။

'သူတို့က အများကြီးပဲ၊ ရှင်ဘယ်လိုလုပ် ထိုးဖောက်ထွက်နိုင်မှာလဲ၊ ကျွန်မအတွက် ရှင် ဒုက္ခရောက်သွားမှာကို မလိုလားဘူးရှင်၊



ကျေးဇူးပြုပြီး ထွက်သွားပါတော့'

'ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်း'

ကျင်းဖုံးက အော်ငေါက်လိုက်လေသည်။

ဆင့်ဆင့်က လုံးဝ ဂရုမစိုက်ဘဲ

'သူတို့က နေမင်းသူရိန်ကျင့်စဉ်ကို မရသေးရင် ကျွန်မကို သတ်ပစ်ရဲကြမှာ မဟုတ်ဘူးရှင့်၊ ရှင့်ကိုတော့ ချမ်းသာပေးကြမှာ မဟုတ်ဘူး'

ကျင်းဖုံး၏ လက်တစ်ဖက် မြောက်တက်သွားသည်။

'ဖြန်း'

ပါးရိုက်ခံလိုက်ရသဖြင့် ဆင့်ဆင့် လည်ထွက်သွားသည်။ ကျင်းဖုံးသည် သူမ၏ လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်ပြီး

'ကျုပ်နောက်လိုက်ခဲ့၊ ထိုးဖောက်ထွက်ကြမယ်'

'ကျုပ်ကို ဟန့်တားတဲ့လူတွေ ဘယ်လိုဖြစ်သွားရတယ်ဆိုတာ ခင်ဗျား တွေ့ရလိမ့်မယ်'

စကားဆုံးလျှင် လက်တစ်ဖက်က ဆင့်ဆင့်ကို တွဲ၍ ကျန်လက်တစ်ဖက်က ဓားကို ဆုတ်ကိုင်ကာ ရှေ့သို့ လှမ်းထွက်သွားလေသည်။

'ရပ်လိုက်စမ်း'

အော်ငေါက်သံနှင့်အတူ အစောင့်သုံးယောက်သည် ရှေ့သို့

ခုန်ဝင်ကာ ဟန့်တားတိုက်ခိုက်လိုက်သည်။

ကျောင်းဖုံးသည် နောက်ဆုတ်ခြင်းမရှိဘဲ ဓားရေးယှဉ်လိုက်လေ၏။

ဓားချောင်းဝင်းလက်သွားသည်။

သွေးစိုင်တို့သာ မြင်လိုက်ရသည်။

"ဖုတ် ဖုတ် ဖုတ်"

"အား"

"အွန့်"

"အမလေး"

စူးရှသော အော်သံများ ထွက်ပေါ်လာသည်။

ခုန်ဝင်လာသည့် အကောင်သုံးကောင်မှာ ကျောင်းဖုံး၏ လက်ချက်မိကာ မြေပေါ် လဲကျသွားလေ၏။

ဆင့်ဆင့် လန့်သွား၏။

ကျောင်းဖုံးသည် သနားညှာတာမှု ကင်းမဲ့သူတစ်ယောက်ပမာ ရန်သူတို့ပြင်းထန်စွာ တိုက်ခိုက်ခဲ့၏။

ရန်သူများ လဲကျသွားသည့်တိုင် ညည်းသံမျှ ခံစားရပုံ မရှိချေ။

ရှေ့ဆက်သွားရန် လမ်းပွင့်သွားသည်ဟုသာ သဘောထားပုံရ၏။

ကျောင်းဖုံး၏ ခက်ထန်သော စိတ်ထားကို မြောက်ဘက်တောင်



တန်းဝယ် တစ်ကြိမ် သိမြင်ခဲ့ပြီးဖြစ်သည်။

ဝံပုလွေဖြူကြီးများကြောင့် ဒုက္ခရောက်နေသည့် သူမအား လုံးဝ ကူညီခြင်းမရှိဘဲ လက်ပိုက် ကြည့်နေခဲ့သည် မဟုတ်ပါလား။

ကျောင်းဖုံးကို ကြည့်ရင်း ကြက်သီးဖြန်းခနဲ ထသွား၏။

ခက်ထန်မာကျောပြီး ရက်စက်ကြမ်းကြုတ်သည်မှာ ကျောင်းဖုံး တစ်ယောက်တည်းတော့ မဟုတ်ပါ။

လုထိန်နှင့် သူ့ရဲ့ ခြံဝင်းမှ လူများသည်လည်း ညှာတာ ထောက်ထားမှု ကင်းမဲ့သူချည်း ဖြစ်နေသည်။

သူတို့ အတူတူပင် ဖြစ်နေကြသော်လည်း လုထိန်က ကျေးဇူးရှင်ကို သစ္စာဖောက်ပြီး သူဌေးခြံဝင်းမှ လူများသည် နေမင်း သူရိန်ကျင့်စဉ်အတွက် လောဘထွက်နေကြသည်။

ကျောင်းဖုံးကတော့...

ဆင့်ဆင့်က ကျောင်းဖုံးအား အကဲခတ်လိုက်သည်။

'ရှင်က ဘာကြောင့် ဒီလောက်အန္တရာယ်များတဲ့ ကြားကနေ ကျွန်မကို ကယ်တင်ချင်ရတာလဲ'

သူမက မေးလိုက်သည်။

ကျောင်းဖုံးက သူမအား လှည့်ကြည့်လာပြန်သည်။

'မင်းကို ကယ်တင်ပေးပါမယ်လို့ ရှမ်းချိကို ကတိပေးခဲ့တယ်။ နောက်ထပ် မမေးနဲ့တော့'

ဆင့်ဆင့် ပါးစပ်ပိတ်ထားလိုက်၏။

ရှမ်းချီဆိုသူမှာ ကျင်းဖုံးနှင့်အတူ ဘုံကျောင်းပျက်တွင် တွေ့ခဲ့ရသည့် လူငယ်ပင်ဖြစ်သည်ဟု နားလည်လိုက်သည်။

'သွားကြစို့'

ကျင်းဖုံးက သူမ၏ လက်ကို ဆွဲကာ ရှေ့ဆက်လျှောက်သွားသည်။

သူ၏ အမူအရာကို မြင်ရုံဖြင့် သူ့ခြေးခြံဝင်းမှ သိုင်းသမားများ နောက်သို့ တရွေ့ရွေ့ ဆုတ်သွားကြသည်။

ကျင်းဖုံး၏ မျက်နှာထားမှာ အမူအရာကင်းမဲ့သည့် လူသေအလောင်းတစ်ခု၏ မျက်နှာနှင့် ခပ်ဆင်ဆင် တူနေသည်။

သူ၏ မျက်လုံးအကြည့်တွင် မုန်းတီးစက်ဆုပ်မှု၊ ညှာတာမှုကင်းမဲ့ခြင်းစသည့် အရိပ်အယောင်များ ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

သူ၏ ခန္ဓာကိုယ်မှ အေးစက်သည့် ဓား၏အငွေ့အသက်များ ထွက်ပေါ်နေ၏။

ကျင်းဖုံး၏ ပုံပန်းသဏ္ဍာန်ကို ကြည့်ရုံဖြင့် ကြောက်စရာကောင်းသူတစ်ယောက်ဖြစ်ကြောင်း လူတိုင်း နားလည်မိကြလေ ဖြစ်လေသည်။

ကျင်းဖုံး၏ မျက်နှာကို မြင်သည်နှင့် ဓားကို အပေါ်သို့



မမြှောက်ရဲကြတော့ချေ။

ဆင့်ဆင့်မှာ ကျင်းဖုံးဆွဲခေါ်သွားရာ နောက်သို့ ကန့်လန့်ကန့်လန့်ဖြင့် ပါသွားသည်။

သိုင်းသမားများသည် တရွေ့ရွေ့ နောက်ဆုတ်သွားကြသည်။

ထိုစဉ် တစ်ယောက်က အရေးတကြီး ပြောလာလေ၏။

'သူတို့ကို အလွတ်ပေးလို့ မဖြစ်ဘူး'

ထိုစကားကြားလျှင် သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'ဟေ့ ဝိုင်းတိုက်ကြပါတော့လား'

'မလွတ်စေနဲ့ဟေ့'

တစ်ယောက်တစ်ပေါက် အော်ပြောကာ လက်နက်ကိုယ်စီဖြင့် ကျင်းဖုံးထံ ပြေးဝင် တိုက်ခိုက်ကြသည်။

ကျင်းဖုံး၏ ဟန်အမူအရာ ထူးခြားပြောင်းလဲသွားခြင်း မရှိချေ။

သိုင်းသမားများ ပြေးဝင်လာသည်နှင့် ဓားဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ့တွင် ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာ တစ်စက်လေးမှ မတွေ့ရခြင်းကြောင့် ဆင့်ဆင့်က တအံ့တဩ ဖြစ်နေရပေတော့သည်။

ဓားရောင်များ ဝင်းလက်သွားပြန်၏။

ယခုတစ်ကြိမ်လည်း ဓားရိပ်များသာ တွေ့ရသည်။

ဓားလေ တိုးသံများသာ ကြားရသည်။

'ဝှစ် ဝှစ် ဝှစ်'

'အား'

'အွန့်'

'အမလေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား၏။

အချို့မှာ ဒဏ်ရာရကာ နောက်ဆုတ်သွားကြ၏။

မည်သူ တစ်ဦးတစ်ယောက်မှ ကျင်းဖုံး၏ အင်္ကျီကို ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိချေ။

ကျင်းဖုံးသည် ဆင့်ဆင့်၏ လက်ကို ဆွဲကာ ရှေ့ဆက် လျှောက်သွား၏။

သိုင်းသမားများသည် ဟန့်တားတိုက်ခိုက်ရန် မဝံ့ ရဲကြဘဲ နောက်ဆုတ်သွားကြသည်။

သို့တိုင် ကျင်းဖုံး လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားနိုင်ခြင်း မရှိရလေအောင် အထပ်ထပ် ဝိုင်းရံထားကြဆဲ။

ကျင်းဖုံးကလည်း ဂရုမစိုက်ဘဲ ရှေ့သို့သာ တိုး၍ သွားနေ



၏။

သူ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်လျှင် သိုင်းသမားများ နောက် သို့ ခြေတစ်လှမ်း ဆုတ်လိုက်ကြ၏။

ထိုအဖြစ်အပျက်ကြောင့် ဆင့်ဆင့် အားတက်လာလေသည်။

ကျင်းဖုံး၏ မထုံတက်တေး အမူအရာနှင့် အကြောက်အရွံ့ ကင်းမဲ့ပုံကို သဘောကျသလို ရှိလာသည်။

ကျင်းဖုံးသည် သားရဲတွင်းနှင့် တူသည့် သူဌေးခြံဝင်းအတွင်းမှ သူမအား ကယ်ထုတ်သွားနိုင်မည်ဟုလည်း ယုံကြည်လာသည်။

ကျင်းဖုံး ဆွဲခေါ်ရာနောက်သို့ ငြင်းဆန်ခြင်းမပြုဘဲ လိုက်ပါ သွားလေတော့သည်။

သူတို့နှစ်ယောက်သည် အဆောက်အအုံမှ ထွက်ကာ ခြံဝင်း အလယ်မြေကွက်လပ်သို့ပင် ရောက်ရှိလာကြလေ၏။

ထိုစဉ်

'ရပ်လိုက်စမ်း'

ဟန့်တားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'ဆရာ လုထိန် မြန်မြန်လာပါ'

တချို့က အော်ပြောကြလေသည်။

လုထိန်ဟူသော အမည်ကို ကြားလျှင် ကျင်းဖုံး၏ မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေ၏။

သို့သော်ချက်ချင်း ကွယ်ပျောက်သွားပြန်သည်။

ဆင့်ဆင့် ဘက်လှည့်ကာ ပြောလိုက်၏။

'ဘာမှ မကြောက်နဲ့၊ ထွက်ပြေးဖို့လည်း မကြိုးစားနဲ့၊ ငြိမ်ငြိမ်ကလေးနေ'

ပြောပြီး သူမ၏ လက်ကို လွှတ်ပေးလိုက်သည်။

ဆင့်ဆင့် ရင်ထိတ်သွားသည်။

သို့သော် ကျင်းဖုံးသည် လုထိန်အား လွတ်လွတ်လပ်လပ်ရင်ဆိုင်နိုင်ရန် သူမအား လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် စိတ်သက်သာရာ ရသွားသည်။

လုထိန် ရောက်လာပြီဆိုသဖြင့် ဒေါသလည်း ထွက်မိပါသည်။

လုထိန်သည် သူမ၏ ဖခင် ကောက်ကျင်းနယ်စားကြီး၏ လူယုံတော်ကြီးတစ်ယောက်ဖြစ်သည်။

ဖခင်ဖြစ်သူသည် အစစအရာရာ လုထိန်အပေါ် အားကိုးအားထားပြုခဲ့သည်။

ယခုတော့ လုထိန်မှာ နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်မက်မောပြီး သူမအပေါ် အကောက်ကြံခဲ့သည်။



'ဘာဖြစ်နေကြတာလဲဟေ့'

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်။

သိုင်းသမားများ ဘေးသို့ ရှဲသွားကြလျှင် လူတစ်ယောက်သည် လက်နှစ်ဖက် နောက်ပစ်ကာ လျှောက်လာနေသည်ကို တွေ့မြင်ရသည်။

ထိုလူမှာ လုထိန်ပင်ဖြစ်လေတော့သည်။

လုထိန်သည် အခြေအနေမှန်ကို သိလျက်နှင့် မသိဟန်ဆောင်ကာ မေးလိုက်ခြင်းဖြစ်ကြောင်း ဆင့်ဆင့် နားလည်သည်။

လုထိန်၏ မျက်နှာကို မြင်ရမှ ပို၍ ဒေါသထွက်လာသည်။

'ရှင် ရှင် လူယုတ်မာကြီး၊ ဖေဖေ့ကျေးဇူးကိုတောင် မထောက်မညှာ ကျွန်မကို ဒုက္ခပေးတာ ကောင်းသလား'

လုထိန်သည် ကျင်းဖုံးနှင့် မှုလှမ်းမကမ်းတွင် ရပ်တန့်လိုက်သည်။ ဆင့်ဆင့်အား ပြုံးပြပြီး

'မြို့စားကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်က နေမင်းသူရိန် ကျင့်စဉ်ကို လိုချင်တယ်လေ၊ သခင်မလေးသာ အသာတကြည် ထုတ်ပေးရင် မြို့စားကြီးရဲ့ မျက်နှာထောက်ထား ပြီး အသက်ချမ်းသာပေးပါမယ်လို့ ကျုပ် ပြောပြီးပြီ မဟုတ်လား'

'ထွီ'

ဆင့်ဆင့် တံတွေး ထွေးချလိုက်သည်။

လုထိန် မျက်နှာပျက်သွား၏။

ဆင့်ဆင့်အား မုန်းတီးသည့် အရိပ်အယောင်များ သူ၏ မျက်နှာပေါ် ထင်လာလေသည်။

ဆင့်ဆင့်က

'ကျွန်မဟာ သိုင်းပညာကို စိတ်မဝင်စားဘူးဆိုတာ ရှင်သိသားပဲ၊ နေမင်းသူရိန်ကျင့်စဉ် ဘယ်မှာရှိတယ်ဆိုတာ ကျွန်မ ဘယ်လို လုပ် သိမှာလဲရှင့်'

'သခင်မလေး သိကို သိရမယ်။ သခင်ကြီးနဲ့အတူ ပါမသွားဘူး၊ နယ်စားစံအိမ်မှာလည်း တစ်လက်မမကျန် မွှေနှောက်ရှာဖွေခဲ့တယ်၊ နေမင်းသူရိန်ကျင့်စဉ် ဘယ်မှာရှိတယ်ဆိုတာ သခင်ကြီးကလွဲရင် သခင်မလေးထက် ပိုပြီးသိနိုင်တဲ့လူ လောကမှာ ရှိတော့မှာမဟုတ်ဘူး၊ ကဲ ထွက်ပြေးဖို့ မကြိုးစားပါနဲ့တော့၊ ပြေးလို့လည်း ရမှာမဟုတ်ဘူး၊ နေမင်းသူရိန်ကျင့်စဉ်ကိုသာ အေးအေးဆေးဆေး ပေးပါ။ သခင်မလေးကို အသာအကြည် လွှတ်ပေးလိုက်ပါမယ်'

ကျင်းဖုံးသည် သူတို့နှစ်ယောက်အား အကဲခတ်ကြည့်နေပြီး ဘာမှ မပြောဘဲ ငြိမ်နေလေတော့သည်။

ဆင့်ဆင့် သက်ပြင်းချလိုက်သည်။

'ဦးလေးလုထိန် မှားနေပြီ၊ နေမင်းသူရိန်ကျင့်စဉ်နဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှ မသိဘူး'



လုထိန်၏ မျက်နှာ တင်းမာခက်ထန်သွားသည်။

'ကောင်းပြီ၊ သခင်မလေးက အသားနာချင်တယ်ဆိုတော့လည်း ကျုပ် ဘာတတ်နိုင်ဦးမှာလဲဗျာ'

သူက ကျင်းဖုံးကို လှမ်းကြည့်လိုက်သည်။

ကျင်းဖုံးက သူ့အား အေးတိအေးစက် ပြန်လည်စိုက်ကြည့်နေသည်ကို တွေ့မြင်ရသည်။

လုထိန်က မြေပေါ်တွင် လဲကျနေသည့် သိုင်းသမားများကို ငေးကြည့်ပြန်သည်။

ကျင်းဖုံးမှာ ခေသူ မဟုတ်သည်ကို ကောင်းစွာ နားလည်သဘောပေါက်ထားသည်။

လမ်းတစ်လျှောက် သူ့လူများ၏ အလောင်းများကို သူတွေ့ခဲ့သည် မဟုတ်ပါလား။

သူသည် ကျင်းဖုံးက ဆင့်ဆင့်ကို ခေါ်လာရင်း လမ်းခရီး၌ တစ်ကြိမ်၊ ဘုံကျောင်းပျက်၌ တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် တွေ့ခဲ့ဖူးသည်။

ကျင်းဖုံးမှာ ငယ်ရွယ်သူတစ်ယောက်ဖြစ်သည့်အပြင် သိုင်းလောက၌ ထင်ရှားကျော်ကြားသူတစ်ယောက်လည်း မဟုတ်သဖြင့် အလေးအနက်မထားမိခဲ့ခြင်း ဖြစ်ပေသည်။

**ကျင်းဖုံးကို စိုက်ကြည့်ရင်း**

'ကျူဂါလူတွေအတွက် မင်း အပြစ်ပေးခံရမယ်ဆိုတာ သိရဲ့လား'

သူက မေးလိုက်သည်။

ကျင်းဖုံး၏ အမူအရာ ကြောက်မက် ဖွယ်ကောင်းအောင် ခက်ထန်သွားသည်။

'ခင်ဗျားလည်း အကြွေးဆပ်ရမယ်'

အေးတိအေးစက် ပြန်ပြောလိုက်သည်။

လုထိန် မကျေမနပ် ဖြစ်သွား၏။

ကျင်းဖုံးက

'ရှမ်းချီကို ဘယ်သူသတ်တာလဲ ပြောစမ်း'

မေးရင်း ရှေ့တိုးလာသည်။

ယခုမှ ကျင်းဖုံးသည် ရှမ်းချီအတွက် ခံပြင်းဒေါသ ထွက်နေခြင်းဖြစ်ကြောင်း လုထိန် နားလည် သဘောပေါက်သွားလေတော့သည်။

'ဟား ဟား ဟား'

လုထိန်က ခေါင်းမော့ကာ အားရပါးရ ရယ်မောလိုက်သည်။

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဟား ဟား ဟား လက်စသတ်တော့ မင်းက ရှမ်းချီအတွက် မကျေမနပ်ဖြစ်နေတာကိုး၊ ရှမ်းချီကို ရှင်းပစ်လိုက်တာ ငါပဲကွ'



သူက အေးအေးစက်စက် ပြောလိုက်၏။

ရှမ်းချီ၊ ရီကျင်း၊ စမ်းယုနှင့် ကောက်ကျင်းနယ်စားဂေဟာမှ လက်ရွေးစင်သိုင်းသမားကို ရှင်းပစ်ခဲ့စဉ်က ကျင်းဖုံး လွတ်မြောက်နေသည်ကို သတိပြုမိသည်။

သို့ပါသော်လည်း ဆင့်ဆင့်အား ဖမ်းဆီးခေါ်ဆောင်သွားနိုင်ဖို့ အရေးကြီးနေသဖြင့် လျစ်လျူရှုကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခုတော့ ကျင်းဖုံးသည် သူ့ဒွေးခြံဝင်းအတွင်းသို့ တစ်ယောက်တည်းဝင်လာခြင်းဖြစ်သည်။

ကိုယ့်သေတွင်းကိုယ်တူးခြင်းသာ ဖြစ်သည်ဟု နားလည်ထား၏။

ကျင်းဖုံးအား ရှင်းပစ်နိုင်မည်ဟု ယုံကြည်ထားသည်။

လုထိန်၏ စကားကြားလျှင် ကျင်းဖုံး၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်လာလေတော့သည်။

ရှမ်းချီ၏ မျက်နှာကိုလည်း မြင်ယောင်လာသည်။

ရှမ်းချီသည် သူနှင့်ဘဝတူ မိဘမဲ့တစ်ယောက်ဖြစ်ခဲ့သည်။

ရှမ်းချီအတွက် သူက လက်တုံ့ပြန်ရမည်ဖြစ်သည်။

'ယား'

ကျင်းဖုံးက ညာသံပေးရင်း လုထိန်အား ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် သူဌေးခြံဝ
မှ သိုင်းသမားများသည် မြေကွက်လပ်တွင် စုရုံးရောက်ရှိနေပြီ။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့ ထွက်ပြေးမသွားနိုင်အောင် အသ
ထပ် ဝိုင်းရံထားကြသည်။

မြေကွက်လပ်တွင် ဆင့်ဆင့်သည် ခပ်ကုပ်ကုပ်ကလေ
ရပ်နေလေ၏။

ပြင်းထန်စွာ တိုက်ခိုက်နေသည့် ကျင်းဖုံးနှင့် လုထိန်တို့အ
ကြောက်ရွံ့စွာ ကြည့်နေမိသည်။

ကျင်းဖုံးကား မည်သူ့ကိုမှ အရေးမစိုက်တော့ချေ။

လုထိန်အား သုတ်သင်ရှင်းလင်းပစ်ရန် ပြင်းထန်စွာ တို
ခိုက်နေပေတော့သည်။

လုထိန်ကလည်း ဆေးတံရှည်ဖြင့် ပြန်လည်တိုက်ခိုက်
ပါသည်။

ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ကျင်းဖုံး၏ သိုင်းပညာသ
သူထင်မှတ်ထားသည်ထက် အဆပေါင်းများစွာ ပို၍ ထက်မြက်
ကြောင်း သိလိုက်ရသည်။

တိုက်ပွဲစလျှင်စချင်းမှာပင် လုထိန်မှာ နောက်ဆုတ်ပေးလို
ရလေတော့၏။

ကျင်းဖုံးသည်လည်း လုံးဝ အလွတ်မပေးဘဲ ပြင်းထန်



တိုက်ခိုက်၏။

လုထိန်က ဆေးတံရှည်ဖြင့် ပြန်လည်ခုခံနေသည့် ကြားမှ
ကျင်းဖုံး၏ ဓားချက်များသည် သူ၏ ခန္ဓာကိုယ်ပေါ် ဝဲ၍ဝဲ၍ နေသည်။

တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ ဓားချက်ထိပေလိမ့်မည်။

တစ်ချိန်တွင် လုထိန် နောက်သို့ အဆုတ်တွင် ခြေလှမ်းမှား
သွားသဖြင့် ခန္ဓာကိုယ် ယိမ်းယိုင်ကာ ကိုယ်နေဟန်ထား ပျက်ပြားသွား
သည်။

ထိုအခါ ဖိ၍ တိုက်ခိုက်လာသည့် ကျင်းဖုံး၏ ဓားချက်က
သူ၏ ဝဲဘက်လက်မောင်းကို ရှပ်၍ ခုတ်ချလိုက်မိတော့သည်။

'အား'

လုထိန် လွှတ်ခနဲ အော်လိုက်သည်။

မြေပေါ်ခြေဆောင့်ကာ နောက်ကျွမ်းပစ်၍ ရှောင်တိမ်းသွား
သည်။

လုထိန်ခံလိုက်ရသည်ကို မြင်လျှင် ဝိုင်းရံထားသည့် သိုင်း
သမားများ ထိတ်လန့်သွားကြလေ၏။

'ဆရာကြီးလုထိန်'

သိုင်းသမားအချို့က လုထိန်ထံ ကပျာကယာ ပြေးသွားကြ
သည်။

လုထိန် ဒေါသတကြီး အော်ငေါက်လိုက်သည်။

'မင်းတို့ ဘာလုပ်နေကြတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား'

သိုင်းသမားများ မနေနိုင်ကြတော့ပါ။

ကျင်းဖုံးထက် လုထိန်ကို ပို၍ ကြောက်ရွံ့မိကြသဖြင့် ချက်ချင်းပင် ကျင်းဖုံးကို ဝိုင်းရံ တိုက်ခိုက်လိုက်ကြသည်။

ကျင်းဖုံးကလည်း တစက်ကလေးမှ မညှာဘဲ ပြင်းပြင်းထန် ထန် ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အမလေး'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ သည်။

သူဌေးခြံဝင်းမှ သိုင်းသမားများ ဖရိုဖရဲ လဲကျကုန်သည်၊ ချက်ချင်းပင် နောက်ဆုတ်သွားကြပြန်လေတော့သည်။

လုထိန် အံကြိတ်လိုက်သည်။

'မင်း မင်းက သိုင်းပညာ အားကိုးပြီး သူဌေးခြံဝင်းမှာ ထင် တိုင်းကြဲလို့ ရမယ်ထင်သလား'

အော်ငေါက်ရင်း ကျင်းဖုံးထံ ခုန်ဝင်တိုက်ခိုက်လိုက်၏ ကျင်းဖုံးကလည်း ပြန်လည်တိုက်ခိုက်သည်။

လုထိန်သည် အခွင့်အရေးတစ်စုံတစ်ခု ချောင်းမြောင်းက



တိုက်ခိုက်နေကြောင်း ထင်ရှားပေသည်။

ကျင်းဖုံးမှာ ရှမ်းချီအား လုပ်ကြံသွားသည့် လုထိန်ကို သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ပို၍ ပို၍ အရှိန်မြင့် တိုက်ခိုက်လေတော့၏။

လုထိန်နေရာတွင် တော်ရုံတန်ရုံ လူတစ်ယောက်ဆိုလျှင် လဲ ကျသေဆုံးသွားသည်မှာ ကြာပြီဖြစ်သည်။

လုထိန်သည်ပင် ပြန်လည်တိုက်ခိုက်နေသည့်ကြားမှ ကျင်းဖုံး ၏ ဓားချက်ကြောင့် ခန္ဓာကိုယ်ပေါ်ဝယ် ဓားဒဏ်ရာ တစ်ချက်ပြီးတစ် ချက် တိုးလာသည်။

လုထိန် အရေးနိမ့်နေသည်ကို တွေ့မြင်ရလျှင် ဆင့်ဆင့် ဝမ်း သာသွား၏။

လုထိန်သည် ကောက်ကျင်းနယ်စားကြီး၏ လက်ရုံးဖြစ် သည့် အားလျော်စွာ သိုင်းပညာ မခေချေ။

သို့တိုင် ကျင်းဖုံးကို မယှဉ်နိုင်ဘဲ ဖြစ်နေသည်။

ကျင်းဖုံး၏ ဓားချက်များသည် သူ၏ တစ်ကိုယ်လုံး လွှမ်းခြုံ ထား၏။

လုထိန်မှာ ရှောင်တိမ်းရန်ပင် တစ်စထက်တစ်စ ခဲယဉ်းလာ သည်။

မကြာမီ ကျင်းဖုံး၏ ဓားချက်ဖြင့် သေဆုံးသွားမည်ဟု

အားလုံး ထင်မှတ်ထားကြသည်။

ကျင်းဖုံးကိုယ်တိုင်လည်း လုထိန်ကို ပြတ်ပြတ်သားသား ရှင်းပစ်နိုင်ရန် ဖိ၍ တိုက်ခိုက်လိုက်သည်။

ထိုစဥ်မှာပင် အခြေအနေမှာ ဘစ်မျိုးပြောင်းလဲသွားလေသည်။

လုထိန်သည် လက်ထဲမှ ဆေးတံကို ဇွေ့ယမ်းလိုက်ရာ ဆေးတံအိုးမှ ဆေးပြာများ လွင့်ပျံ့လာလေသည်။

ဆေးပြာများမှာ အနီရောင် အမှုန့်များဖြစ်နေသည်။

ကျင်းဖုံး ရင်ထိတ်သွားသည်။

အနီရောင်ဆေးပြာများ သူ၏ တစ်ကိုယ်လုံး လွှမ်းခြုံထားသဖြင့် တိုက်ခိုက်မှုကို ရုတ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

လုထိန်သည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ မြေပေါ် ခြေဆောင့်ကာ ကျင်းဖုံး၏ ရင်ဝကို ခြေထောက်နှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက်လိုက်လေသည်။

ကျင်းဖုံး နောက်ဆုတ်လိုက်သည့်တိုင် မလွတ်နိုင်တော့ပါ။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ကျင်းဖုံးမှာ အနောက်ဘက်သို့ လွင့်စင်သွားလေသည်။



'ဟား ဟား ဟား'

လုထိန် သဘောကျစွာ ရယ်မောလိုက်၏။

မြေပေါ်မှ ဒယီးဒယိုင်ဖြင့် ထလာသည့် ကျင်းဖုံးကို ကြည့်ကာ

'မင်း ဘာတတ်နိုင်သေးလဲ၊ ငါ့ရဲ့ အဆိပ်ပြာမိသွားရင် ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ဘူးဆိုတာ မှတ်ထား'

သူက ကျေနပ်စွာ ပြောသည်။

ကျင်းဖုံးထရပ်လာနိုင်ပြီ ဖြစ်သည်။

သို့တိုင် သူ၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်နေပါ၏။

ဆင့်ဆင့် ထိတ်လန့်သွားသည်။

'ရှင် ရှင် ဘယ်လိုနေလဲ'

ကျင်းဖုံးအနီးသို့ ချဥ်းကပ်သွားပြီး စိုးရိမ်တကြီး မေးလိုက်သည်။

'သွားစမ်း'

ကျင်းဖုံးဒေါသတကြီး အော်ငေါက်လိုက်သည်။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာသည်ကို တွေ့ရသဖြင့် ဆင့်ဆင့် ထွက်မသွားပါချေ။

'ကျွန်မအတွက် ရှင် အသက်မသေစေရဘူး'

ကြေကွဲစွာ ပြောရင်း လုထိန်ဘက် လှည့်လိုက်သည်။

'ရှင်လိုချင်တဲ့ နေမင်းသူရိန်ကျင့်စဥ်ကို ပေးမယ်၊ သူ့ကို

လွှတ်ပေးလိုက်ပါ'

ထိုစကား ကြားရသောအခါ လုထိန် ဝမ်းသာသွားသည်။

နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်သော်လည်း ကျင်းဖုံးကို လွှတ်မပေးလိုချေ။

ကျင်းဖုံးအသက်ရှင်နေသရွေ့ သူ့အား ဒုက္ခပေးရန် ကြိုးစားနေမည်ဖြစ်ကြောင်း နားလည်သဘောပေါက်ထားတော့သည်။

သို့သော် ဟန်ဆောင်ပြုံးရင်း ပြောသည်။

'သခင်မလေး တကယ်ပြောတာလားဗျာ။ ကျုပ်အတွက် နေမင်းသူရိန်ကျင့်စဉ်က အရေးအကြီးဆုံးပါ၊ သူ့ကို မလွှတ်ပေးနိုင်စရာ အကြောင်းမရှိပါဘူး'

ဆင့်ဆင့် ကျေနပ်သွားသည်။

'သူ့ကို အရင်ဆုံး လွှတ်ပေးလိုက်ပါ'

'ဟာ ဒါတော့ ဘယ်ဖြစ်မလဲ'

'သူ့ကို လွှတ်ပြီးမှ သခင်မလေး က မပေးဘူးဆိုရင် ဘယ်ဖြစ်မလဲ'

'ကျွန်မ ပေးမှာပါရှင်'

ဆင့်ဆင့်မှာ ဖွတ်မှိတ်ပြောလိုက်ခြင်းဖြစ်ပါသည်။

အမှန်တော့ နေမင်းသူရိန်ကျင့်စဉ် မည်သည့်နေရာတွင် ရှိသည်ကို သူမ လုံးဝ မသိပါချေ။



လုထိန် လက်ဝါးဖြန့်လိုက်သည်။

'နေမင်းသူရိန်ကျင့်စဉ်ကို ပေးပါ'

ဆင့်ဆင့်က

'သူ့ကို လွှတ်ပေးလိုက်ပါ'

ကျင်းဖုံးအား ညွှန်ပြကာ ပြောလိုက်သည်။

လုထိန် ခေါင်းခါယမ်းလိုက်၏။

'နေမင်းသူရိန်ကျင့်စဉ် ကျုပ်လက်ထဲ ရောက်မှ သူ့ကို လွှတ်ပေးနိုင်မယ်၊ ဒါ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ပဲ'

ဆင့်ဆင့် အခက်တွေ့သွားသည်။

ထိုအချိန်တွင် တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည့် ကျင်းဖုံးမှာ လှုပ်ရှားလာပါသည်။

'နောက်ဆုတ်လိုက်စမ်း'

ဆင့်ဆင့်အား မောင်းထုတ်လိုက်၏။

သူက လုထိန်နှင့် ရင်ဆိုင်ရန် ရှေ့သို့ လှမ်းထွက်လိုက်သည်ကိုမြင်လျှင် ဆင့်ဆင့် စိုးရိမ်ပူပန်သွားလေသည်။

'ရှင် ရှင် ဒုက္ခရောက်သွားမှာပေါ့'

'ဖယ်စမ်း'

ကျင်းဖုံးက သူမကို မောင်းထုတ်နေပါ၏။

သူ၏အကြည့်မှာ အေးစက်မာကျောနေသဖြင့် ဆင့်ဆင့်

ကျော့ချမ်းသွားလေသည်။

ကျင်းဖုံးတွင် သာမာန်လူနှင့်မတူဘဲ ထူးခြားသည့် စွမ်းပကား တစ်မျိုး ရှိနေသည်ဟုလည်း တွေးထင်နေမိတော့သည်။

ထို့ကြောင့် အလိုလို နောက်ဆုတ်မိလိုက်သည်။

ကျင်းဖုံးက လုထိန်ထံ လျှောက်သွားလေ၏။

'ဟား ဟား ဟား'

လုထိန် သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းဖုံးကို ကြည့်ရင်း

'မင်းက ငါ့ကို ရင်ဆိုင်ချင်သေးလို့လား၊ မင်းဘာများ တတ်နိုင်မှာမို့လဲ'

သူက သရော်လေသည်။

ကျင်းဖုံးက ဘာမျှ မပြောဘဲ ရှေ့သို့သာ လှမ်းသွားပါ**သည်။**

လုထိန်နှင့် တစ်စက်ထက်တစ်စ နီးကပ်သွားသည်။

လုထိန် မျက်မှောင်ကြုတ်သွား၏။

'မင်းက'

သူ၏ စကားမဆုံးမီ ကျင်းဖုံးက စတင်တိုက်ခိုက်လိုက်၏။

လုထိန် ရင်ထိတ်သွား၏။

ချက်ချင်းပင် ဆေးတံကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



သို့သော် သူ၏ လှုပ်ရှားမှု အနည်းငယ် နောက်ကျသွားလေသည်။

ကျင်းဖုံးက လုထိန်၏ ဆေးတံကို ဖမ်းဆွဲထားလိုက်လေသည်။

ကျန်လက်တစ်ဖက်က လုထိန်၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

'မင်း'

လုထိန် အထိတ်တလန့် ရေရွတ်လိုက်သည်။

ကျင်းဖုံး၏ လက်ဝါးရိုက်ချက်ကို ခုခံရန် ကြိုးစားလိုက်လေသည်။

သူကြိုးစားနေသည့်ကြားမှပင် ကျင်းဖုံး၏ လက်ဝါးရိုက်ချက်သည် သူ၏ ရင်ဝသို့ ရိုက်ချလာလေတော့သည်။

'ဝုန်း'

'အား'

လုထိန် စူးရှစွာ အော်ဟစ်လိုက်သည်။

ဒူးများ ပျော့ခွေကာ ခန္ဓာကိုယ် ကွေးညွတ်ကျသွား၏။

ကျင်းဖုံးက သူ၏ လက်ကို ဆွဲကိုင်ထားခြင်းကြောင့် လဲမကျသွားခြင်းပင်။

သို့သော် ခြေလက်များကား ပျော့ခွေသွားပြီ ဖြစ်သည်။

ကျင်းဖုံး၏ လက်ဝါးရိုက်ချက်တစ်ချက်သည် သူ့အား အရုပ်ကြိုးပြတ်ဖြစ်သွားစေခဲ့ချေပြီ။

ကျင်းဖုံးက လုထိန်လဲကျမသွားအောင် လက်ကို ဆွဲထားရင်း

'ရှမ်းချီအတွက်'

ဟု ကြုံးဝါးရင်း နောက်ထပ်လက်ဝါးချက်တစ်ချက် ရိုက်ချလိုက်ပြန်သည်။

'ဝုန်း'

လုထိန်အတွက် လက်ဝါးတစ်ချက်တည်းဖြင့် လုံလောက်နေပြီဖြစ်သည်။

သို့သော် ကျင်းဖုံးက ထပ်မံ ရိုက်ချလိုက်၏။

လုထိန်မှာ ပြေး၍လည်းမရ၊ မြေပေါ်လည်း လဲမကျ၊ ခုခံနိုင်ခြင်းလည်းမရှိ၊ ကျင်းဖုံး ပြုသမျှခံနေရတော့သည်။

ကျင်းဖုံး၏ လက်ဝါးရိုက်ချက်များကြောင့် အရိုးကျိုးသံများ ထွက်ပေါ်လာသည်။

လုထိန်၏ နှာခေါင်း၊ နားနှင့် ပါးစပ်ထဲမှ သွေးများ ယိုစီးကျလာ၏။

ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကျင်းဖုံးကို ကြည့်နေသည်။ သူ၏ အဆိပ်မိသွားသော်လည်း ကျင်းဖုံး ဘာမှ မဖြစ်သည်



ကို အံ့ဩနေပုံရသည်။

ကျင်းဖုံး၏ လက်ဝါးရိုက်ချက်များ တစ်ချက်ပြီးတစ်ချက် ကျရောက်လာသောအခါ တဖြည်းဖြည်း ဇက်ကျိုးသွားလေတော့သည်။ ဆင့်ဆင့်မှာ ထိုမြင်ကွင်းကို မမြင်ရက်နိုင်ပါတော့ချေ။

'တော်ပါတော့ရှင်'

သူမက အော်ပြောလိုက်သည်။

ကျင်းဖုံးက သူမအား လှမ်းကြည့်လာသည်။

ဆင့်ဆင့်၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် အသားများလည်း တဆတ်ဆတ် တုန်ယင်နေတော့သည်။

'တော်ပါတော့ရှင်'

သူမက နှုတ်ခမ်းလှုပ်ရုံ တတွတ်တွတ် ပြောဆိုနေသည်ကို တွေ့မြင်ရသည်။

ကျင်းဖုံးက လုထိန်၏ လက်ကို လွှတ်ပေးလိုက်သည်။

လုထိန်မှာ ပျော့ခွေကာ အဝတ်ပုံကြီးတစ်ခု ပစ်ချလိုက်သလို ဝုန်းကနဲ ကျသွားလေတော့၏။

သိုင်းသမားများ၏ အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ကျင်းဖုံး လှမ်းကြည့်လိုက်သောအခါ ကြောက်ရွံ့ထိတ်လန့်

စွာဖြင့် နောက်ဆုတ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းဖုံးက

'လာ သွားကြမယ်'

ပြောပြောဆိုဆို ဆင့်ဆင့်၏ လက်ကို ဆွဲကာ ထွက်သွား၏။

ဆင့်ဆင့်လည်း ကန့်လန့်ကန့်လန့်ဖြင့် လိုက်ပါသွားသည်။

ကျင်းဖုံးသည် လုထိန်၏ အဆိပ်မိခဲ့သော်လည်း မမှုသည်ကို သိုင်းသမားများနည်းတူ သူမလည်း အံ့ဩမဆုံးအောင် ဖြစ်နေပါ၏။

ကျင်းဖုံးအား အံ့ဩမိသလို အားကိုးလိုစိတ်၊ ကြောက်စိတ်များလည်း ရောပြွန်းဖြစ်ပေါ်လာသည်။

သိုင်းသမားများလည်း သူတို့အား 'တားဆီးဝံ့ခြင်း မရှိတော့ဘဲ နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေကြသည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့မှာ သူ့ဌေးခြံဝင်းမှ ထွက်သွားနိုင်သည့်အခြေအနေသို့ ရောက်ရှိလာသည်။

ထိုအချိန်မှာပင်

'ရပ်လိုက်စမ်း'

အော်ငေါက်ဟန့်တားသံ ထွက်ပေါ်လာ၏။



ခြေသံများနှင့်အတူ လူတစ်စု ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❊ ❊ ❊

## အခန်း (၁၉)
## ရန်ကြေးဆပ်ခြင်း

မီးခိုးရောင် ဝတ်ဆင်ထားသူတစ်စု ပြေးလွှားရောက်ရှိလာကြသည်။

ထိုလူများသည် သူဌေးခြံဝင်းမှ အဆင့်မြင့် သိုင်းသမားများဖြစ်ကြသည်။

ခြံဝင်းပိုင်ရှင်၏ ယုံကြည်စိတ်ချရသော ကိုယ်ရံတော်များဟု ဆိုလျှင်လည်း မမှားချေ။

ထိုလူများအား ဦးဆောင်လာသူမှာ လူသန်ကြီးတစ်ယောက်ဖြစ်သည်။

ထိုလူသန်ကြီးသည် အရပ်ခြောက်ပေခန့်ရှိပြီး သာမန်လူနှစ်



ယောက်ခန့်မျှ ထွားကြိုင်းလှသည့် လူ့ဘီလူးကြီးတစ်ယောက် ဖြစ်ပေတော့သည်။

လူသန်ကြီးက ဟန့်တားလိုက်ခြင်း ဖြစ်ပေသည်။

ကျင်းဖုံးခြေလှမ်းရပ်လိုက်သည်။

ဆင့်ဆင့်ကိုလည်းဘေးသို့ တွန်းထုတ်လိုက်သည်။

လူသန်ကြီးသည် ကျင်းဖုံးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီးမှ အေးစက်စွာ ပြောသည်။

'သူဌေးခြံဝင်းထဲမှာ ထင်သလို သောင်းကျန်းပြီးမှ အေးအေးဆေးဆေး ထွက်သွားလို့ ရမယ်ထင်ရင် မှားသွားမှာပေါ့'

ကျင်းဖုံးက ဘာမျှ မပြောချေ။

လူသန်ကြီးကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

လူသန်ကြီးက မေးသည်။

'မင်းဘယ်သူလဲ၊ ဘာကြောင့် သူဌေးခြံဝင်းထဲမှာ လာပြီးသောင်းကျန်းနေရတာလဲ ပြောစမ်း'

လူသန်ကြီးအား စိုက်ကြည့်နေသည့် ကျင်းဖုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

သူ၏ မျက်လုံးများ ပြူးကျယ်လာပြီး အရောင်တဖိတ်ဖိတ်တောက်ပလာလေသည်။

လူသန်ကြီးက

'ဘာလဲ မင်းက ကောက်ကျင်းနယ်စားသမီးကို ခေါ်ပြီး နေမင်းသူရိန်ကျင့်စဉ်ကို တစ်ယောက်တည်း အပိုင်စီးမလို့လား၊ သည်လို လုပ်လို့ မရဘူးဆိုတာ မှတ်ထား'

ပြောပြောဆိုဆို ကျင်းဖုံးထံ လှမ်းလာလေတော့သည်။

ကျင်းဖုံးမှာ လူသန်ကြီး၏ စကားကို မကြားတော့ပါ။

သူ၏ မျက်ဝန်းထဲဝယ် အတိတ်က ပုံရိပ်များကို မြင်ယောင်လာသည်။

မိခင်နှင့် ဖခင်သည် သွေးအိုင်ထဲ လဲကျသွားကာ အသက်ပျောက်နေသည်။

အနီးတွင် လူသန်ကြီးတစ်ယောက် ရပ်နေသည်။

သူဌေးကြီးလီကျုံး၏ ညာလက်ရုံးကွမ်းလူ ဖြစ်သည်။

ကွမ်းလူသည် သူ့အား သုတ်သင်ရှင်းလင်းရန် သူဌေးကြီးလီကျုံးအား မကြာခဏ တိုက်တွန်းခဲ့သေးသည် မဟုတ်လား။

ကျင်းဖုံး၏ မျက်နှာမှာ အကြောဆွဲသလို အသားများ တဆတ်ဆတ် တုန်ယင်ကာ ရှုံ့မဲ့သွား၏။

တစ်စုံတစ်ခုသော ဝေဒနာ အပြင်းအထန် ခံစားလိုက်ရသည့် အသွင်မျိုးလည်း ဖြစ်ပေသည်။

သူ၏ နှုတ်ခမ်းတစ်လှုပ်လှုပ်ဖြစ်လာပြီး

'ကွမ်းလူ'



သူက တီးတိုး ရေရွတ်လိုက်သည်။

ရှေ့သို့ လှမ်းလာနေသည့် လူသန်ကြီး ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

ကျင်းဖုံးကို မျက်မှောင်ကြုတ်၍ ကြည့်ကာ

'မင်းက ငါ့နာမည်ကိုတောင် သိနေပါလား'

ကျင်းဖုံး တည်ငြိမ်ငြိမ် ဖြစ်သွားပြန်သည်။

ကွမ်းလူကို ကြည့်ရင်း

'ကျုပ်က ခင်ဗျားကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး'

'ဘာကွ'

'အခုတော့ ခင်ဗျားအလှည့်ရောက်ပြီ'

'မင်း ဘာတွေ ပြောနေတာလဲ၊ မင်းဘယ်သူလဲ ငါ့ကို မင်းသိနေတယ် မဟုတ်လား'

ကွမ်းလူက ဆက်တိုက်မေးလာသည်။

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ကို မမှတ်မိတော့ပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ကောင်းကောင်းကြီး မှတ်မိနေတယ်'

သူ့အတွက် အလောတကြီး ပြုလုပ်စရာ မလိုတော့ချေ။

ယခုလို အချိန်မျိုး ရောက်လာစေရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းပြီးပြီ ဖြစ်သည်။

အနှောင့်အယှက်အတားအဆီး မှန်သမျှကို အကြမ်းဖက် ဖယ်ရှားခဲ့သည်။

ရွာလူကြီး ကျင်းစန်းမှာလည်း အနှောင့်အယှက်တစ်ခုဖြစ်၍ သုတ်သင်ရှင်လင်းခဲ့ရခြင်း ဖြစ်သည်။

သည့်နောက်ပိုင်းတွင် အခြားရပ်ရွာဒေသများသို့ပါ နယ်မြေ ချဲ့ထွင်နိုင်ခဲ့ပြီး တစ်ဟုန်ထိုး စီးပွားတက်လာခဲ့သည်။

ကောင်းရောင်းကောင်းဝယ် လုပ်ငန်းများ ဇန်းပြကာ ကွယ်ရာ မှ မကောင်းမှုပြုလုပ်ခြင်းဖြင့် ကျိုကျိုတက် ချမ်းသာလာခဲ့သည်။

ယခု သူဌေးခြံဝင်းသည် သူဌေးကြီးလီကျုံး၏ နောက်ဆုံး ချဲ့ထွင်ထားသည့် ခြေကုတ်စခန်းဖြစ်သည်။

လီကျုံးမှာ အကြံကြီးသူဖြစ်ရကား ချမ်းသာရုံဖြင့် မကျေနပ် နိုင်သေးဘဲ သိုင်းလောကသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားနေ သူ ဖြစ်ပေသည်။

ကွမ်းလူ ပြုံးလိုက်သည်။

'မင်းက ရွာသူကြီးကျင်းစန်းရဲ့ သား ကျင်းဖုံးဟုတ်လား'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'မှန်တာပေါ့ဗျာ၊ ခင်ဗျား မှတ်မိလာပြီပဲ'

'ဟား ဟား ဟား ကြောက်လွန်းလို့ တရှုံ့ရှုံ့ ငိုနေတဲ့ ကောင် လေးကို ကျုပ်က မှတ်မိတာပေါ့ကွာ၊ သခင်မလေးကြောင့် မင်း သက်သာသွားတာ မင်းထွက်ပြေးလွတ်မြောက်သွားလို့ သူဌေးကြီးက ငါ့ကို ဆူပူကြိမ်းမောင်းသေးတယ်၊ တော်တော် ဒုက္ခပေးတဲ့ ကောင်လေး၊ မင်း ဘယ်က ဘယ်လို သိုင်းပညာ တတ်မြောက်သွားတာလဲ ပြောစမ်း'

ကျင်းဖုံးက

'ခင်ဗျားတို့ကို ဆုံးမဖို့ တတ်လာခဲ့ရတာပေါ့ဗျာ၊ ဘယ်သူက သင်ပေးတယ်ဆိုတာ ပြောနေစရာ မလိုပါဘူးကဲ အခုတော့ ခင်ဗျား အလှည့်ရောက်ပြီ'

ပြောပြောဆိုဆို ကျင်းဖုံးက ကွမ်းလူအနီးသို့ ချဉ်းကပ်သွား လေ၏။

ကွမ်းလူသည် ကျင်းဖုံး၏ မှန်းတီးမှုနှင့် အာဃာတကို နား လည်သဘောပေါက်သွားပြီဖြစ်သည်။

ကျင်းဖုံး၏ လက်ချက်ဖြင့် လုထိန် ရှုမလှ ခံလိုက်ရသည် ကိုလည်း တွေ့မြင်ထားပြီး ဖြစ်သည်။

ကျင်းဖုံး၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေမှန်း ရိပ်မိသဖြင့် မပေါ့ဆဝံ့ပါချေ။

ချက်ချင်းပင် ဓားတစ်လက်ကို ဆွဲထုတ်ကာ တိုက်ခိုက်လေ တော့၏။

'သေပေတော့'

သူသည် အော်ငေါက်ကာ စတင် တိုက်ခိုက်လိုက်သည်။

ကျင်းဖုံး ရှောင်တိမ်းခြင်း မပြုဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ခြွမ်း'

ဓား ဓားခြင်း ထိသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်းဖုံး ကိုင်ထားသည့် ဓားသည်လည်းကောင်း၊ ကွမ်းလုကိုင်ထားသည့် ဓားသည်လည်းကောင်း၊ ဓားနှစ်လက်စလုံး ထက်ပိုင်းကျိုးသွားသည်။

ကျင်းဖုံးနှင့် ကွမ်းလုတို့ ဓားကျိုးများကို ပစ်လွှင့်လိုက်ကြသည်။

တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်လိုက်ကြပြီး

'ယား'

ကျယ်လောင်သော ညာသံပေးကာ လက်ဝါးများ ဆန့်ထုတ်ကာ ရိုက်ချလိုက်ကြပြန်လေသည်။

'ဖတ်'

လက်နှစ်ဖက် ပူးကပ်သွားသည်။

ကျင်းဖုံးနှင့် ကွမ်းလုတို့ သည်အတွင်းအား ဖော်ထုတ်ကာ ယှဉ်ပြိုင်လိုက်ကြသည်။

ကျင်းဖုံး၏ မျက်နှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် ခက်ထန်မာကျောနေလေသည်။



သူအမုန်းကြီးမုန်းခဲ့သည့် ကွမ်းလူနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

ကွမ်းလူအား သုတ်သင်ရှင်းလင်းပစ်မည်ဟု သန္နိဋ္ဌာန် ချထားပြီးဖြစ်သည်။

ကွမ်းလူမှာလည်း ကျင်းဖုံးအား တားဆီးခြင်း မပြုနိုင်လျှင် သူ့ငွေးခြံဝင်း ပျက်စီးသွားမည့် အရေးကို တွေးမိထား၏။

ဆင့်ဆင့်ကို ဖမ်းမိထားပြီဖြစ်၍ သိုင်းလောကသားများ လိုချင်မက်မောနေသည့် နေမင်းသူရိန်ကျမ်းကို ရရှိတော့မည် ဖြစ်ပေသည်။

နေမင်းသူရိန် သိုင်းကျမ်းကို ရပြီးလျှင် မည်သူ့ကိုမျှ ကြောက်စရာ လိုတော့မည် မဟုတ်ချေ။

ထို့ကြောင့် ကျင်းဖုံးအား မဖြစ်မနေ ဟန့်တားရန် ဆုံးဖြတ်ထားသည်။

သူတို့နှစ်ယောက် သူသေကိုယ်သေ ယှဉ်ပြိုင်နေကြသည်ကို ကြည့်ကာ ဆင့်ဆင့် ထိတ်လန့်ကြောက်ရွံ့လာသည်။

ငိုသံဖြင့် သူမက အော်လိုက်သည်။

'တော်ကြပါတော့ရှင်'

သူမ၏ စကားကို မည်သူမျှ အရေးမစိုက်ကြချေ။

ကျင်းဖုံးနှင့် ကွမ်းလူတို့သည် သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြလေတော့သည်။

သူတို့နှစ်ယောက်၏ အတွင်းအား ယှဉ်ပြိုင်မှုမှာ တဖြည်းဖြည်း ပြင်းထန်လာပြီးလျှင်

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ ကွမ်းလူမှာ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူ အရေးနိမ့်သွားပြီဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာပေတော့သည်။

'ယား'

ကျင်းဖုံးက ညာသံပေးရင်း မြေပေါ် ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်သည်။

သူ၏ ခန္ဓာကိုယ် လေထဲ မြောက်တက်သွားလျှင် ခြေထောက်နှစ်ဖက်ဖြင့် ကွမ်းလူ၏ ရင်ဝကို အဆက်မပြတ် ကန်ကျောက်လိုက်လေသည်။

ကွမ်းလူမှာ ရှောင်တိမ်းရန် ကပျာကယာ ကြိုးစားဇိုက်လေသည်။

သို့သော် လူချင်းနီးကပ်နေသည်ဖြစ်ရာ လွတ်အောင် မရှောင်နိုင်တော့ချေ။

ကျင်းဖုံး၏ ခြေထောက်နှစ်ဖက်သည် သူ၏ ရင်ဝကို



သုံးလေးချက်မျှ ကန်ကျောက်လိုက်သည်။

'အင့်'

ကွမ်းလူ မသဲမကွဲ ညည်းညူလိုက်၏။

အနောက်ဘက်သို့ လွင့်ထွက်သွားပြီး မြေပေါ်ခြေကားရားလက်ကားရား ပြုတ်ကျသွားလေသည်။

'ဟင်'

'ဟာ'

သိုင်းသမားများ လွှတ်ခနဲ အော်လိုက်ကြသည်။

ကွမ်းလူအား ကူညီရန် မည်သူမျှ ရှေ့မတိုးဝံ့ကြဘဲ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် နောက်ဆုတ်သွားကြသည်။

ဆင့်ဆင့်သည် ကျင်းဖုံးကို တလှည့် ကွမ်းလူကိုတစ်လှည့် ကြည့်နေမိ၏။

ကွမ်းလူသည် မြေပေါ် လူးလိမ့်ထရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်

'ယား'

ကျင်းဖုံးသည် ညာသံပေးကာ ကွမ်းလူထံ ခုန်အုပ်လာလေသည်။

လက်နှစ်ဖက်ဘေးသို့ ကားကာ ဖျိုင်းဖြူတောင်ပံဖြန့်သိုင်း

ကွက် ဖြင့် ငှက်ကြီးတစ်ကောင်ပမာ ခုန်ဝင်လာခြင်းဖြစ်သည်။

သူ၏ ခြေထောက်နှစ်ဖက်ကို ကွေးထားပြီး လူးလိမ့်ထရန် ကြိုးစားနေသည့် ကွမ်းလူ၏ ရင်ဘတ်ပေါ် ခုန်ဆင်းလိုက်၏။

ထိုအခါ ခုန်၍ ဒူးဖြင့် တိုက်ချလိုက်သလိုမျိုး ဖြစ်သွားလေ၏။

'အား'

ကွမ်းလူ စူးစူးရှရှ အော်ဟစ်လိုက်၏။

'ဂျွတ်'

အရိုးများ ကျိုးကြေသွားသည့် အသံများလည်း ထွက်ပြေးလာသည်။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ကျင်းဖုံးသည် လူစိတ်ပျောက်နေသည့် မကောင်းဆိုးဝါးတစ်ကောင်ပမာ ကွမ်းလူ၏ ဦးခေါင်းကို လက်ဝါးဖြင့် ရိုက်ချပစ်လိုက်သည်။

ဦးခေါင်းခွံ ကွဲအက်ကြေမွသွားသည်။

ကွမ်းလူမှာ အသံပင် မထွက်နိုင်ဘဲ သေဆုံးသွားလေတော့သည်။

ကျင်းဖုံး၏ လက်ချက်ကြောင့် လုထိန်နှင့် ကွမ်းလူတို့ မရှုမလှ ခံလိုက်ရသည်ကို မြင်လျှင် သိုင်းသမားများ ထိတ်လန့်ကြောက်



ရွံ့သွားကြသည်။

'ပြေးဟေ့ ပြေးပြေး'

အော်ဟစ်ကာ ဖရိုဖရဲ ပြေးကြလေတော့သည်။

ကျင်းဖုံးသည် ကွမ်းလူအား အဆက်မပြတ် ရိုက်ချနေဆဲ။

ရင်ထဲ၌ နှစ်ပေါင်းများစွာ ကိန်းအောင်းနေခဲ့သည့် မုန်းတီးနာကျည်းမှုကြောင့် တိရစ္ဆာန်ရိုင်းတစ်ကောင်သဖွယ် ဖြစ်နေလေတော့သည်။

'တော်ပါတော့'

မြင်ကွင်းကို မကြည့်ရက်နိုင်တော့သည့် ဆင့်ဆင့်က အော်ဟစ်ဟန့်တားလိုက်သည်။

ထိုအခါမှ ကျင်းဖုံးက လှည့်ကြည့်လာသည်။

'တော် တော်ပါတော့ရှင်'

ဆင့်ဆင့်က တောင်းပန်လိုက်၏။

ကျင်းဖုံးသည် မည်သို့ စိတ်ကူးပေါက်သွားမှန်း မသိ။

'ယား'

ဒေါသတကြီး မာန်သွင်းကာ ကွမ်းလူ၏ ကိုယ်ပေါ်မှ ထလာရင်း ဆင့်ဆင့်ထံ ပြေးလာပါသည်။

တစ်ဆက်တည်းမှာပင်

ဆင့်ဆင့်အား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ဆင့်ဆင့် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ကျင်းဖုံးအား ကြောက်ရွံ့စွာ ကြည့်နေမိသည်။

သူမသည် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်သလို ပြန်လည်ခုခံတိုက်ခိုက်ခြင်းလည်း မပြုပါချေ။

ကျင်းဖုံးလည်း သူ၏ ဦးခေါင်းပေါ် လက်ဝါးဖြင့် ရိုက်ချရန်ဟန်ပြင်ပြီးမှ ရုတ်တရက် သတိဝင်လာဟန်ဖြင့် လက်ဝါးကို ပြန်လည်ရုတ်သိမ်းလိုက်လေသည်။

'ရှင် ရှင် ကျွန်မကို သတ်ပစ်မလို့လား'

ဆင့်ဆင့်က ကြောက်ရွံ့စွာဖြင့် မေးလာလေ၏။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

'သူက ကျုပ်မိဘတွေကို သတ်ပစ်ရာမှာ ပါဝင်ခဲ့တယ်'

ထိုစကားတစ်လုံးဖြင့် သူ၏ ခံစားချက်ကို ဆင့်ဆင့် နားလည်သဘောပေါက်သွားလေတော့သည်။

'သူသေသွားပါပြီရှင်'

ပြေရာပြေကြောင်း ပြောလိုက်သည်။

ကျင်းဖုံးက

'သူ့ဌေးကြီး လီကျုံး ကျန်သေးတယ်'

နာကျည်းမုန်းတီးမှု အကင်းမသေသေးဟန်ဖြင့် ပြောသည်။

ဆင့်ဆင့်မှာ မည်သို့ ဖျောင်းဖျရမည်ဆိုသည်ကို စဉ်းစားမရနိုင် ဖြစ်နေတော့သည်။



ကျင်းဖုံး ရက်စက်ကြမ်းကြုတ်ရသည့် ခက်ထန်မာကျောရသည့် အကြောင်းရင်းကို သူမကိုယ်ချင်းစာမိသည်။

ကျင်းဖုံးက

'ကွမ်းလူသည်မှာရှိရင် လီကျုံးလည်း ရှိလိမ့်မယ်'

စကားဆုံးလျှင် အဆောက်အအုံများ အစီအရီရှိနေသည့် အနောက်ဘက် အစွန်းရှိ အဆောက်အအုံကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

ဆင့်ဆင့်လည်း အယောင်ယောင်အမှားမှားဖြင့် ကျင်းဖုံးကြည့်ရာသို့ လှမ်းကြည့်မိလိုက်လေသည်။

ထိုစဉ်မှာပင်

'ငါ့ခြံဝင်းထဲမှာ ဘယ်သူက ဆူဆူညံညံ လုပ်နေတာလဲကွ'

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

အဆောက်အအုံအတွင်းမှ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

'လီကျုံး'

ကျင်းဖုံး လွှတ်ခနဲ ရေရွတ်လိုက်သည်။

အိမ်ထဲမှ ထွက်လာသူမှာ လီကျုံးပင်တည်း။

ကျင်းဖုံး၏ မိခင်နှင့် ဖခင်အား သတ်ဖြတ်သွားသည့် တရားခံ

အစစ်ဖြစ်သည်။

လီကျိုးသည် မြေကွက်လပ်သို့ လှမ်းထွက်လာရင်း

'မင်းလားကွ၊ ငါ့လူတွေကို ဒုက္ခပေးနေတာ'

ခြိမ်းခြောက်သလို မေးလာသည်။

လုထိန်သည်လည်းကောင်း၊ ကွမ်းလူသည်လည်းကောင်း ကျင်းဖုံး၏ လက်ချက်ဖြင့် သေဆုံးခဲ့ကြသည်ကို တွေ့မြင်နေရသည်။

ကျင်းဖုံး မခေမှန်း သိသော်လည်း သူက မမှုပါ။

ကျင်းဖုံးကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းသူများကို သူ၏ ဘဝတစ်လျှောက်တွင် အများအပြား ကြုံတွေ့ခဲ့ရဖူးသည် မဟုတ်ပါလား။

သူ့အား သုတ်သင်ပစ်ရန် ကြိုးစားခဲ့သူများမှာလည်း ရာနှင့်ချီပြီး ရှိခဲ့သည်။

သို့သော် သူသည် ယခုတိုင် အသက်ရှင်နေဆဲ။

ရန်သူအပေါင်းသည် ထင်တိုင်းမပေါက်ဘဲ သူ၏ လက်ချက်ဖြင့် သေဆုံးသွားရသည်ချည်းပင်။

ယခုလည်း ကျင်းဖုံးအား ရှင်းပစ်နိုင်မည်ဟု ယုံကြည်ထားသည်။

ကျင်းဖုံးသည် လီကျိုးကို တွေ့မြင်လိုက်သည်နှင့် မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေတော့သည်။



'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားကို လိုက်ရှာနေတာပါ'

'ကျုပ်ကို ဟုတ်လား'

'ဟုတ်တယ်'

'တယ်ဆိုပါလားဟေ့ ပြောစမ်းပါဦး၊ မင်းက ဘာကြောင့် ငါ့ကို လိုက်ရှာနေတာလဲ'

'ကျုပ်ကို မမှတ်မိတော့ဘူးလားဗျ'

လီကျိုး မျက်မှောင်ကြုတ်သွားသည်။

ကျင်းဖုံးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ကျင်းဖုံးသည် အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိပါသေး၏။ ကျင်းဖုံးအား တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးဟု တွေးမိလေသည်။

'မင်းက ဘယ်သူလဲ'

'ဟင် ဟား ဟား'

ကျင်းဖုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

လီကျိုးက

'မင်း သတ္တိ မဆိုးပါလားကွ၊ ဒါပေမယ့် ငါ့ရှေ့မှာ ကြာကြာ ရယ်လို့တော့ ရမှာ မဟုတ်ပါဘူးနော်'

လီကျိုးက လှောင်ပြောင်ပြောလေ၏။

နံဘေးမှ ရပ်ကြည့်နေသည့် ဆင့်ဆင့်သည် သူဌေးကြီး လီကျိုး ပြောပုံဆိုပုံနှင့် ဂဏှာမငြိမ်သည့် မျက်လုံးများကို ကြည့်ပြီး

သဘောမကျ ဖြစ်မိသည်။

ကောက်ကျစ်စဉ်းလဲသူတစ်ယောက် ဖြစ်သည်ဟုလည်း ထင်မြင်လာသည်။

သူမ တွေးထင်မိသည်ထက် အဆပေါင်းများစွာ ပို၍ ကောက်ကျစ်စဉ်းလဲသူဖြစ်သည်ကို သူမ မသိခဲ့ပါတကား။

ကျောင်းဖုံးသည် သဘောကျစွာ ရယ်မောပြီးမှ

'ကျုပ်ကို မမှတ်မိတော့ဘူးဆိုရင် ရွာသူကြီး ကျောင်းစန်းကိုတော့ မှတ်မိမှာပေါ့ဗျာ'

'ရွာသူကြီးကျောင်းစန်း ဟုတ်လား'

'ဟုတ်တယ်'

လီကျိုး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ် မသိဘူး၊ ဘယ်က ရွာသူကြီး ကျောင်းစန်းလဲ'

'ခင်ဗျားလက်ချက်နဲ့ သေသွားတဲ့ ရွာသူကြီးကျောင်းစန်းပေါ့ဗျာ'

လီကျိုးမှာ ကျောင်းစန်းကို မမှတ်မိဘဲ ဖြစ်နေသည်။

ကျောင်းဖုံးက

'ခင်ဗျားက ကျုပ်မိဘတွေကို သတ်ပြီး ကျုပ်ကို မွေးစားခဲ့သေးတယ်လေဗျာ'

'ဟင် မင်း မင်း'

ယခုတစ်ကြိမ်



လီကျိုးအမှတ်ရသွားခဲ့လေပြီ။

သူ၏ လက်ချက်ဖြင့် သေဆုံးသွားသည့် ကျောင်းစန်းအမည်ရှိသူ အများအပြား ရှိခဲ့သည်။

သို့သော် ကျောင်းစန်း၏ ကလေးကို မွေးစားခဲ့သည်ဟူ၍ကား တစ်ကြိမ်တစ်ခါသာ ရှိခဲ့ဖူးသည် မဟုတ်လား။

'လက်စသတ်တော့ မင်းက ကျောင်းဖုံးကိုး'

ကျောင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ကျောင်းဖုံးပါ'

'အေး မင်းကထွက်ပြေးတာမြန်လို့ ကံကောင်းသွားတယ်နို့မဟုတ်ရင် ကွမ်းလူက မင်းကို သတ်ပစ်မှာကွ'

ကျောင်းဖုံး ပြုံးလိုက်သည်။

'ကျုပ်ကံကောင်းသွားတယ်ဆိုတော့ ခင်ဗျား ကံဆိုးသွားတာပေါ့ဗျာ'

'ကျုပ် ကံဆိုးတယ် ဟုတ်လား၊ ဟား ဟား ကျုပ် ဘယ်တုန်းကမှ ကံမဆိုးပါဘူးကွ'

'ခင်ဗျားမှားသွားပြီ'

ကျောင်းဖုံးက ရှေ့သို့ တိုးလာလေ၏။

လီကျိုး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'မင်း မဆိုးဘူး၊ ကျုပ်က မင်းကို ဆုံးမပေးရမှာပေါ့'

သူကလည်း ရှေ့သို့ လှမ်းထွက်လိုက်သည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြလေပြီ။

ကျင်းဖုံးက ပြောလိုက်၏။

သူ့လေသံက အေးစက်လှသည်။

'သည်တစ်ခါ ခင်ဗျားအလှည့်ပဲ'

စကားဆုံးသည်နှင့် လီကျိုးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လီကျိုးက

'မင်းကော ဘာတတ်နိုင်မှာလဲကွ'

ပြောပြီး ပြန်လည် ခုခံတိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာသည်။

ကျင်းဖုံးကော လီကျိုးကော နောက်သို့ ပြိုင်တူဆုတ် လိုက်ကြ၏။

လီကျိုး မျက်မှောင်ကြုတ်သွား၏။

'သည်ကောင်လေး အသက်သာ ငယ်တယ်၊ အတွင်းအား မဆိုးပါလား'

စိတ်ထဲမှ ကြိတ်တွေးမိလိုက်သည်။



ကျင်းဖုံးသည်လည်း လီကျိုးအား လွယ်လင့်တကူ အနိုင်ယူနိုင်မည် မဟုတ်သည်ကို တွေးမိသည်။

လီကျိုး၏ သိုင်းပညာသည် လုထိန်၊ ကွမ်းလူတို့ထက် ပို၍ အဆင့်မြင့်နေမှန်း ရိပ်မိသည်။

ဤသူဌေးဆိုးသည် မည်သို့ သိုင်းပညာ တတ်မြောက်ခဲ့လေသနည်း။

ကျင်းဖုံး အံကြိတ်လိုက်သည်။

ရှဲ့တောင်း သင်ကြားပေးလိုက်သည့် သိုင်းပညာရပ်မှ တစ္ဆေလက်ဝါးသိုင်းကွက် အသုံးပြုကာ ထပ်မံ တိုက်ခိုက်လိုက်သည်။

လီကျိုး မျက်မှောင်ကြုဝ်သွားသည်။

ကျင်းဖုံး၏ သိုင်းကွက်မှာ ထူးခြားနေသည်ကို ရိပ်မိသဖြင့် မပေါ့ဆဝံ့ပဲ...

'ယား'

ညာသံပေးကာ ခြေဆောင့်ခုန်ပြီး ခြေထောက်ဖြင့် ပြန်လည် ကန်ကျောက်တိုက်ခိုက်လိုက်သည်။

ကျင်းဖုံးကလည်း ချက်ချင်းပင် သိုင်းကွက်ပြောင်းလဲလိုက်သည်။

မြေပေါ်ခြေနှစ်ဘက် မြဲမြဲစွာ ရပ်ကာ ဒူးကွေး၍ ခန္ဓာကိုယ် နောက်သို့ လှန်ချလိုက်သည်။

လီကျိုး၏ ခြေထောက်ကန်ချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်၏။

လီကျိုး၏ ခြေထောက် သူ၏ ခန္ဓာကိုယ်မှ ဖြတ်ကျော်သွားသည်။

ချက်ချင်းပင် အားယူကာ ခန္ဓာကိုယ်အပေါ် ပြန်မတ်လိုက်သည်။ တစ်ဆက်တည်းမှာပင်

ခြေထောက်အားကို အသုံးပြုကာ ရှေ့သို့ ငိုက်ချလိုက်ပြီး လက်နှစ်ဖက်ဖြင့် ခပ်သွက်သွက် တိုက်ခိုက်လိုက်သည်။

ငှက်မြီးဖမ်းဆွဲ သိုင်းကွက်ဖြစ်သည်။

လီကျိုး ရင်ထိတ်သွားသည်။

ကျင်းဖုံးသည် သူ၏ ခန္ဓာကိုယ်ကို ကြိုက်သလို ရွှေ့လျားပြောင်းလဲကာ ခုခံတိုက်ခိုက်နိုင်စွမ်း ရှိနေသည်ကို တွေ့မြင်လိုက်ခြင်းကြောင့် ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ကျင်းဖုံး၏ လက်တစ်ဖက်သည် သူ၏ ဝဲဘက်ပခုံးကို ကုတ်ချလိုက်လေတော့သည်။

'အား'

လီကျိုး လွှတ်ခနဲ အော်လိုက်သည်။

ကျင်းဖုံး၏ လက်ချောင်းများသည် သံမဏိချောင်းများပမာ သူ၏ ပခုံးကို ဖျစ်ညှစ်လိုက်သည် မဟုတ်ပါလား။



အရိုးများပင် ကွဲအက်ကြေမွသွားပြီ ထင်ရလေသည်။

ကျင်းဖုံးသည် အသာစီးရလိုက်သည်နှင့် ချက်ချင်းပင် လီကျိုး၏ ရင်ဝကို ညာလက်ဖြင့် ကုပ်ဆွဲလိုက်လေသည်။

သူ၏ လက်ချောင်းကလေးများသည် မာကျောသန်မာလွန်းလှပေသည်။

ထိမိလျှင် ဓားဖြင့် ထိုးစိုက်ခြင်းခံရသည့်ပမာ အသားထဲ စိုက်ဝင်သွားမည် ဖြစ်သည်။

'မလုပ်နဲ့'

လီကျိုးသည် ကျယ်လောင်စွာ အော်ဟစ်ကာ ခြေတစ်ဖက် ထောက်ရင်း ကန်ကျောက်လိုက်သည်။

အသက်ဘေးအန္တရာယ် ကြုံတွေ့နေရပြီမို့ ချက်ချင်း တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

ခြေထောက်ကန်ချက် လျှင်မြန်လွန်းလှသလို ပြင်းထန်နေသည်။

ထိသွားလျှင် ကျင်းဖုံးလည်း သက်သာမည် မဟုတ်ချေ။

'သတိထား'

ဆင့်ဆင့်မှာ ကျင်းဖုံအတွက် စိုးရိမ်သွားပြီး အော်ဟစ်ကာ သတိပေးလိုက်သည်။

ကျင်းဖုံးသည် ရှောင်တိမ်းခြင်း လုံးဝ မပြုချေ။

လီကျိုး၏ ရင်ဝသို့ ထိုးစိုက်လိုက်သည့် လက်ကို အောက်ချကာ လီကျိုး၏ ခြေသလုံးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

'ဖြောင်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လီကျိုးမှာ ခြေတစ်ဖက် ကျိုးကာ မြေပေါ် ခွေခနဲ လဲကျသွား၏ ။

ကျင်းဖုံး အနိုင်ရရှိသွားပြီ ဖြစ်ပါသည်။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

လီကျိုးမြေပေါ် လဲကျနေသည်။

သူ၏ ခြေတစ်ဘက်မှာ သွင်သွင်ကျိုးသွားပြီဖြစ်လေသည်။ ကျင်းဖုံးအား ယခုလို ရှုံးနိမ့်သွားရမည်ဟု လုံးဝ မထင်မိချေ။

ကျင်းဖုံးသည် သူ့အပေါ် သနားညှာတာမှု မရှိဘဲ ရက်ရက်စက်စက် သုတ်သင်ရှင်းလင်းပစ်မည်ဖြစ်ကြောင်းလည်း နားလည်သဘောပေါက်ထားသည်။ မှန်ပေသည်။

ကျင်းဖုံးသည် နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရသည့် မုန်းတီးနာကြည်းမှုကို စုပြုံ ဖွင့်အန်ချလိုက်တော့လေသည်။

'လူယုတ်မာကြီး ခင်ဗျား ဘာတတ်နိုင်သေးလဲ'

အော်ငေါက်ရင်း ခြေထောက်ဖြင့် တအားကန်ကျောက်လိုက်လေသည်။



'ဝုန်း'

'အမလေး'

လီကျိုးမှာ မြေပေါ် လိမ့်ကျသွားသည်။

ကျင်းဖုံးက နောက်မှ လိုက်သွားသည်။

လီကျိုး လိမ့်သွားရာမှ ရပ်သွားလျှင်

'ခင်ဗျား အလှည့်ကျတော့ ဝမ်းမနည်းနဲ့ပေါ့ဗျာ'

ပြောရင်း ထပ်မံ ကန်ကျောက်လိုက်ပြန်သည်။

'ဝုန်း'

လီကျိုးမြေပေါ် လိမ့်သွားပြန်သည်။

ကျင်းဖုံးသည် ညှာတာမှု မရှိဘဲ စိမ်ပြေနပြေ ကန်ကျောက်နေတော့သည်။

လီကျိုးမှာ မြေပေါ်တွင် တလိမ့်လိမ့် ဖြစ်နေလေတော့သည်။ အဝတ်လုံးတစ်လုံးကို လှိမ့်ကန်နေသကဲ့သို့ ကန်နေလေတော့သည်။

'ဟား ဟား ဟား'

ကျင်းဖုံးက သဘောကျစွာ ရယ်မောနေပါသည်။

လီကျိုးမှာ မြေပေါ်၌ လူးလိမ့်ရင်း အော်ဟစ် ညည်းညူနေ၏ ။

'ကျုပ်...ကျုပ် ကို ချမ်းသာပေးပါ'

'ဝုန်း'

'အား'

ဆင့်ဆင့် စိတ်မကောင်း ဖြစ်ပါနေသည်။

လီကျိုးသည် လူဆိုးကြီးတစ်ယောက် ဖြစ်သည်မှန်သော်လည်း ယခုလို ရက်ရက်စက်စက် နှိပ်စက်ရန် မသင့်ဟု ယူဆမိသည်။

ထို့ကြောင့်

'သူ တောင်းပန်နေပြီပဲ၊ တော်ပါတော့ရှင်'

သူမက အော်ပြောလိုက်သည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဆင့်ဆင့်ကိုလည်း ချက်ချင်း လှည့်ကြည့်လိုက်လေသည်။

မီးတောက်နေသည့် မျက်လုံးများပေတည်း။

သူ၏ အကြည့်မှာ ခက်ထန်မာကျောနေသည်။

ဆင့်ဆင့်က တောင်းပန်လိုက်သည်။

'တော် တော်ပါတော့ရှင်'

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။

'သူက ကျုပ်မျက်စိရှေ့မှောက်မှာတင် ကျုပ်မိဘတွေကို သတ်ပစ်ခဲ့တယ်ဆိုတာ မင်းသိသလား'

ဆင့်ဆင့် ခေါင်းခါယမ်းလိုက်သည်။

'ဒါ ဒါတွေ ပြီးခဲ့ပြီပဲ မဟုတ်လားရှင်'



'ဘာ ပြီးခဲ့ပြီလဲ၊ ကျုပ်က မေ့ပစ်လို့ ရမယ်ဟုတ်လား။ ထို ကျုပ်မှာ မိဘတွေ အသတ်ခံရတာကို မြင်နေရတာတောင် ငိုတောင် မငိုရဲတဲ့ ဘ၀ ကြုံခဲ့ရတာကို မေ့ပစ်လိုက်ရမှာလား၊ ကျုပ် ဘယ်တော့မှ မမေ့ဘူး၊ သူ့ကို ကျုပ်သတ်ပစ်မယ်ဗျ'

ကျင်းဖုံးက ဒေါသတကြီး အော်ပြောလိုက်သည်။

ဆင့်ဆင့် ကြောက်ရွံ့သွားကာ နောက်ဆုတ်သွား၏။

ကျင်းဖုံးက လီကျိုးဘက်လှည့်ကြည့်လိုက်သည်။

လီကျိုးကား မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားနေ၏။

သူ၏ ပါးစပ်ထဲ နှာခေါင်းထဲမှ သွေးများ ယိုစီးကျနေပါသည်။

မြေပေါ်လိမ့်ခဲ့သဖြင့် တစ်ကိုယ်လုံး ဖုန်များ၊ သဲများ၊ သွေးများဖြင့် ညစ်ပတ်ပေကျံကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။

ကျင်းဖုံးက လီကျိုးအနီးသို့ လှမ်းသွားသည်။

လီကျိုးသည် မြေပေါ် ဒူးထောက်ရင်း

'ကျုပ် ကျုပ်ကို ချမ်းသာပေးပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်'

သူသည် နှုတ်မှ တတွတ်တွတ် တောင်းပန်လာလေတော့သည်။

ကျင်းဖုံးက နီရဲသော မျက်လုံးအစုံဖြင့် ကြည့်ကာ ခေါင်းခါ

ယမ်းလိုက်သည်။

'ခင်ဗျား အလှည့်မှာ ကျုပ်အမေတောင်းပန်နေတာတောင် ခင်ဗျားက ချမ်းသာမပေးဘဲ သတ်ပစ်ခဲ့တယ်မဟုတ်လား'

သူ၏ မိခင်သည် သူ့အား ချမ်းသာပေးဖို့ လီကျုံး၏ ခြေသလုံးဖက်ကာ တောင်းပန်ခဲ့သည်။

သို့သော် လီကျုံးက ချမ်းသာမပေးဘဲ သူ၏ မိဘနှစ်ပါးစလုံးကို သုတ်သင်ပစ်ခဲ့သည်။

လီကျုံးသည် ကျင်းဖုံး၏ စကားကြားသောအခါ ပိုပြီးထိတ်လန့် တုန်လှုပ်သွားသည်။

'ကျုပ် ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်ကို မသတ်ပါနဲ့'

တောင်းပန်ရင်း တရှုံ့ရှုံ့ ငိုကြွေးလေတော့သည်။

တစ်ဆက်တည်းမှာပင် ကျင်းဖုံးက သူ၏ ရှေ့သို့ ရပ်တန့်လိုက်လျှင် ကျင်းဖုံး၏ ခြေသလုံးကို ဖက်ကာ

'ကျုပ်ကို ချမ်းသာပေးပါ၊ ကျုပ် ရှိခိုးပါတယ်ဗျာ'

ပြောပြောဆိုဆို ထိုင်ရှိခိုးတော့သည်။

'ဟင်'

ကျင်းဖုံး ကြောင်အမ်းအမ်းဖြစ်သွားသည်။

လီကျုံးသည် သူ့ထက် အသက်ကြီးသူတစ်ယောက်



မဟုတ်ပါလား။

ငယ်ရွယ်သူ တစ်ယောက်ကို အသက်အရွယ်ကြီးရင့်သူ တစ်ယောက်က ရှိခိုးနေသည်မှာ လုံးဝ သဘာဝမကျပါ။

ကျင်းဖုံး မနေတတ် မထိုင်တတ် ဖြစ်သွားပြီး ပြောလိုက်၏။

'ခင်ဗျား ဘာလုပ်တာလဲ'

တစ်ဆက်တည်းမှာပင် လီကျုံးအားတွန်းထုတ်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင်

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာသည်။

လီကျုံးသည် ဒူးထောက်ရှိခိုးရာမှ ရုတ်တရက် ကုန်းရုန်းထကာ လက်ဝါးနှစ်ဖက်ဖြင့် ကျင်းဖုံး၏ ရင်ဝကို ရိုက်ချပစ်လိုက်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကျင်းဖုံးထိတ်လန့်တုန်လှုပ်သွားလေသည်။

'ခင် ခင်ဗျား'

စကားဆုံးအောင် မပြောလိုက်ရပါ။

လက်ဖဝါးယမ်းကာ ခုခံလိုက်ပါသော်လည်း နောက်ကျသွားပြီဖြစ်သည်။

လီကျုံး၏ လက်ဝါးရိုက်ချက်သည် သူ၏ ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားလေတော့သည်။

'ဝုန်း'

'အား'

ရှူးရှသော အသံများ ထွက်ပေါ်လာလေသည်။

ကျင်းဖုံး၏ ခန္ဓာကိုယ်အပေါ်သို့ မြောက်တက်သွားပြီး မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။

'ဟင်'

'မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဆင့်ဆင့်လွှတ်ခနဲ ရေရွတ်မိလိုက်သည်။

ကျင်းဖုံးသည် မြေပေါ်တွင် စန့်စန့်ကြီး လဲကျနေပြီ မဟုတ်ပါလား။

'ဟား ဟား ဟား'

လီကျိုးသည် သဘောကျစွာ ရယ်မောကာ ထရပ်လာလေသည်။

ခြေတစ်ဖက်ကျိုးနေသဖြင့် ထော့နင်း ထော့နင်းဖြစ်နေပါသည်။

သို့သော် သူသည် ခြေထောက်မှ နာကျင်မှုကို မေ့လျော့နေပြီ ဖြစ်သည်။

ကျင်းဖုံးအပေါ် အောင်ပွဲခံလိုသည့်စိတ် ပြင်းထန်နေသည်။

'မင်း ဘာတတ်နိုင်သေးလဲ'

လီကျိုး ကျေနပ်စွာ ပြောလိုက်သည်။



တစ်ဆက်တည်းပင် ကျင်းဖုံးအနီးသို့ လှမ်းသွားလေသည်။

ထိုစဉ် ကျင်းဖုံးမှာ လူးလွန့်လှုပ်ရှားလာလေသည်။

ညည်းညူရင်း ထရပ်ဖို့ ကြိုးစားလာလေသည်။

'ခြိမ်း'

လီကျိုးက ဓားတစ်လက် ထုတ်ယူလိုက်သည်။

'မင်းကို ငါ ကိုယ်တိုင် သတ်ပစ်မယ်'

ပြောကာ ကျင်းဖုံး၏ ဦးခေါင်းပေါ်သို့ ဓားဖြင့် ခုတ်ချလိုက်သည်။

'မလုပ်နဲ့'

ဆင့်ဆင့် အထိတ်တလန့် အော်ဟစ်လိုက်သည်။

သူမသည် ရုတ်တရက် လီကျိုးထံ ပြေးသွားကာ တွန်းထုတ်လိုက်သည်။

သူမ၏ လှုပ်ရပ်ကြောင့် လီကျိုးမှာ ထင်သလို မလုပ်နိုင်အောင် ဖြစ်သွားသည်။

ဆင့်ဆင့် ဝင်တွန်းလိုက်သည့်အရှိန်ဖြင့် ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။

သူ၏ဓားချက်မှာလည်း ကျင်းဖုံး၏ ပခုံးကိုသာ ရှပ်၍ ခုတ်မိသွားလေတော့သည်။

'အား'

ကျင်းဖုံး စူးရှစွာ အော်ဟစ်လိုက်လေသည်။

လီကျုံးသည် ဒေါသထွက်သွားပြီး

'ခွေးကောင်မလေး'

အော်ငေါက်ကာ ဆင့်ဆင့်ကို ပြန်ရိုက်ချလိုက်လေသည်။

'ဝုန်း'

'အမလေး'

ဆင့်ဆင့်မှာ ချာကနဲ လည်ထွက်သွားသည်။

မြေပေါ်သို့ လဲကျသွားသည်။

လီကျုံးက ကျင်းဖုံးဘက် ပြန်လှည့်လိုက်သည်။

ထိုအခါ ကျင်းဖုံးမှာ ခုန်ထလာသည်ကို တွေ့မြင်လိုက်ရ၏။

'သေပေတော့'

လီကျုံးက ဓားဖြင့် ခုတ်ချလိုက်သည်။

ကျင်းဖုံးက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဖြင့်ယမ်းကာ လီကျုံး၏ ဓားကို လုယူလိုက်လေသည်။

'ဟာ'

လက်ထဲမှ ဓားလွတ်သွားသဖြင့် လီကျုံး ရင်ထိတ်သွားသည်။

တစ်ဆက်တည်းပင် ကပျာကယာ နောက်ဆုတ်လိုက်၏။

သို့သော် ကျင်းဖုံးအား အထင်သေးမိခြင်းမှာ မှားသွားပြီဖြစ်ကြောင်း သိလိုက်ရသည်။



ကျင်းဖုံးသည် ဓားကို လုယူပြီးသည်နှင့် ချက်ချင်း ပြန်လှည့်ထိုးသွင်းလိုက်၏။

ဓားဦးမှာ လီကျုံးရင်ဝကို ဖောက်ထွင်းဝင်ရောက်သွားတော့သည်။

'အား'

လီကျုံး စူးစူးရှရှ အော်ဟစ်လိုက်သည်။

ထို့နောက် ခန္ဓာကိုယ် ယိမ်းယိုင်ကာ မြေပေါ် လဲကျသွားလေတော့သည်။

ကျင်းဖုံးက သူ့အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားသည်။

လီကျုံးက မြေပေါ်ဝယ် လူးလိမ့်ကာ ညည်းညူနေသည်။ ကျင်းဖုံး၏ မျက်လုံးအစုံ နီရဲနေသည်။

သူက အေးစက်သော လေသံဖြင့်

'ခင်ဗျား သေရမယ်လို့ ကျုပ် အာမခံတယ်'

ပြောပြောဆိုဆို ဓားဖြင့် ခုတ်ချလိုက်၏။

'ဒုတ်'

'အင့်'

လီကျုံး မသဲမကွဲ ညည်းညူလိုက်၏။

သူ၏ ခန္ဓာကိုယ်လည်း ဆတ်ခနဲ တုန်ခါသွားသည်။

ထို့နောက် ခေါင်းငိုက်စိုက်ကျကာ ငြိမ်ကျသွားလေတော့

သည်။

ကျင်းဖုံးသည် မိဘနှစ်ပါးအား သတ်ဖြတ်သွားသည့် လူဆိုးကြီးများအား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် သူဌေးခြံဝင်းကို ဖျက်ဆီးပစ်နိုင်ခဲ့ပြီ ဖြစ်သည်။

ကျင်းဖုံးက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

သူ့အား ဟန့်တားမည့်သူဟူ၍ တစ်စုံတစ်ယောက် မတွေ့ရပါတော့ချေ။

ကျင်းဖုံးက ဆင့်ဆင့်ဘက်သို့ လှည့်ကာ

'ကျုပ်တို့ သွားကြစို့'

ဟု ပြောလိုက်လေတော့သည်။

✳ ✳ ✳



## အခန်း (၂၀)
## ပညာသင်ဘက်ညီအစ်ကို

သူဌေးခြံဝင်းသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါလေ၏။

ကျင်းဖုံးသည် ရှေ့သို့ တစိုက်မမတ်မတ် သွားနေသည်။ ဆင့်ဆင့်က နောက်မှ လိုက်သွားလေသည်။

ကျင်းဖုံး၏ ဝဲဘက်ပခုံး၌ ဒဏ်ရာရှိထားသည်။

သို့သော် သူက ဒဏ်ရာကို အရေးမစိုက်ချေ။

လမ်းတလျှောက်လုံး ချောင်းတဟွတ်ဟွတ် ဆိုးကာ ဆက်သွားနေ၏။

ကျင်းဖုံး တစ်စုံတစ်ခု ဖြစ်နေမှန်း ဆင့်ဆင့် ရိပ်မိလေသည်။ မေးချင်ပါသော်လည်း မမေးဝံ့ပါ။

ကျင်းဖုံးသည် သူမအား စကားတစ်လုံးမျှ မပြောဘဲ လ
လျှို့ရှူသားခဲ့သည် မဟုတ်ပါလား။

နှစ်ရက်လုံးလုံး ခြေလျင်ခရီးနှင်သွားကြပြီး တောထဲတော
ထဲ၌ အိပ်စက်ခဲ့ကြသည်။

သုံးရက်မြောက်သည့်နေ့တွင် သူတို့သည် တောရွာကလေ
တစ်ရွာသို့ ရောက်ရှိလာခဲ့သည်။

တောရွာကလေးမှာ သာသာယာယာ ရှိလှပေသည်။

ရွာထဲ လှမ်းဝင်လိုက်သည်နှင့် ထမင်းဆိုင်လေးတစ်ဆိုင်
တွေ့လိုက်ရသည်။

နံနက်စောစောအချိန် ချက်ပြုတ်ကြော်လှော် နေချိန်ဖြစ်
မွှေးကြိုင်သင့်းပျံ့သော ဟင်းနံ့များ ပျံ့လွင့်နေပါသည်။

ဆင့်ဆင့်က ကျင်းဖုံးကို ကြည့်လိုက်သည်။

ကျင်းဖုံးကလည်း သူမအား လှည့်ကြည့်လာသည်။

'မင်းဗိုက်ဆာနေပြီလား'

သူက မေးလိုက်လေ၏။

ယခုတစ်ကြိမ် သူ၏ စကားသံမှာ ထူးထူးခြားခြား ညင်သ
ပျော့ပျောင်းနေကြောင်း သူမ သတိပြုမိလိုက်သည်။

နှစ်ရက်အတွင်း ပထမဆုံးအကြိမ် စကားပြောလာခြင်းဖြ
သည်။



သူမ ခေါင်းညိတ်လိုက်သည်။

'ဗိုက်ဆာလွန်းလို့ သေတော့မယ်ရှင့်'

ကျင်းဖုံး ပြုံးလိုက်သည်။

'လာ လိုက်ခဲ့'

ပြောပြောဆိုဆို ထမင်းဆိုင်ထဲ လှမ်းဝင်လိုက်သည်။

သူမလည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားမိသည်။

ထမင်းဆိုင်ထဲဝယ် လူသူတစ်စုံတစ်ယောက်မှ မတွေ့ရချေ။

ကျင်းဖုံးက တစ်ချက် ဝေကြည့်လိုက်သည်။

'ဆိုင်ရှင်တို့ ဆိုင်ရှင်တို့'

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်

'လာပြီ လာပြီ'

အော်သံနှင့်အတူ ဆိုင်အနောက်ဘက်မှ လူတစ်ယောက်
ခပ်သုတ်သုတ် ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ ချွေးတစ်လုံးလုံး ရှိနေပြီး စားသောက်ဖွယ်ရာများ
ချက်ပြုတ်ကြော်လှော်နေဟန် ရှိသည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်ကို မြင်လျှင် ပျာပျာသလဲ မေးလိုက်လေ၏။

'ထိုင်ပါ ထိုင်ပါ တစ်ခုခု စားမလို့လားဗျာ'

ဤရွာကလေးမှ မဟုတ်ဘဲ လူစိမ်းများဖြစ်ကြောင်း ချက်ချင်း
ရိပ်မိသွားပုံရ၏။

ကျင်းဖုံးနှင့် သူမတို့သည် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။

ကျင်းဖုံးက ပြောလိုက်၏။

'ထမင်းနဲ့ ဟင်းသုံးမျိုး ယူခဲ့ပါဗျာ'

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

'ရပါစေမယ်ဗျာ၊ ခဏလေး စောင့်ပါ'

ပြောပြီး အတွင်းဘက် ပြန်ဝင်သွားသည်။

မကြာမီ...

စားသောက်ဖွယ်ရာများ ယူကာ ပြန်ထွက်လာ၏။

ထို့နောက် ကျင်းဖုံးနှင့် သူမရှေ့သို့ ချပေးကာ မီးဖိုဆောင်ထဲ ပြန်ဝင်သွား၏။

ကျင်းဖုံးက ပြောလိုက်၏။

'ကဲ စားပေတော့'

သူမ ကျေနပ်သွားသည်။

ကျင်းဖုံးမှာ ယခင်ကနှင့် မတူတော့ကြောင့် သူမရိပ်မိလိုက်သည်။

မှန်တာတော့ ရှုသိုးသိုး ဖြစ်မနေတော့ဘဲ ကြည်ကြည်လင်လင် ဖြစ်နေသည်။

'ကေန္တ သူမိဘတွေကို သတ်ဖြတ်သွားတဲ့ လူဆိုးတွေကို



ရှင်းပစ်နိုင်ခဲ့လို့ စိတ်ချမ်းသာသွားပြီ ထင်ပါရဲ့'

သူမ တွေးတောလိုက်မိ၏။

တစ်ဆက်တည်းမှာပင်

'အင်း...သူများတွေအတွက် စိတ်ညစ်စရာ မရှိတော့ပေမယ့် ငါ့အတွက်တော့ မလွယ်သေးပါလား။ နေမင်းသူရိန့်ကျင့်စဉ်ကို လိုချင်မက်မောနေတဲ့ သိုင်းလောက သားတွေနဲ့ ရင်ဆိုင်ရဦးမယ်၊ ငါ့လည်း ဖေဖေ့ကို လုပ်ကြံသွားတဲ့ မရဏဓားရှင်နဲ့ ရင်ဆိုင်ရဦးမယ်'

တွေးတောစဉ်းစားရင်း သူမ၏ မျက်နှာလေးညှိုးကျသွားသည်။

ကျင်းဖုံးသည် အသားတုံးတစ်တုံးကို နှိုက်ယူစားသောက်ရင်း သူမကို သတိပြုမိသွားလေ၏။

ကျင်းဖုံး မျက်မှောင်ကြုတ်သွားပြီး မေးလိုက်သည်။

'မင်း ဘာဖြစ်တာလဲ'

ဆင့်ဆင့် ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးရှင်'

ကျင်းဖုံးက သူမအား စေ့စေ့ကြည့်ကာ ပြောလာလေ၏။

'ဘာလဲ မင်းက ငါ့ကို ကြောက်နေတာလား'

ဆင့်ဆင့်ရင်ထိတ်သွားသည်။

ကပျာကယာ ခေါင်းခါယမ်းလိုက်၏။

'မ မဟုတ်ပါဘူးရှင်'

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

'ကျုပ် ဆယ်နှစ်သားအရွယ်ကပေါ့ ကျုပ်တို့နေထိုင်တဲ့ ရွာကလေးကို လူဆိုးတွေ ရောက်လာတယ်၊ ရွာမှာ အခြေစိုက်ပြီး မကောင်းမှုတွေ လုပ်ချင်တာနဲ့ ကျုပ်မိဘတွေကို သတ်ပစ်လိုက်ကြတယ်၊ ကျုပ်ကိုလည်း အမျိုးမျိုး နှိပ်စက်ညှင်းပန်းခဲ့ကြတယ်လေ'

ငယ်စဉ်က ခံစားခဲ့သည့် အကြောင်းအရင်းများကို ပြောပြလိုက်သည်။

သူမက မမေးမြန်းရဘဲ သူ့ဘာသာ လိုလိုလားလား ပြောပြနေခြင်းဖြစ်ပါသည်။

သူမ အံ့သြသွားသည်။

ကျင်းဖုံး ပြောပြသည်ကို နားထောင်ရင်း စိတ်ဝင်စားလာသည်။

ကျင်းဖုံး၏ ခံစားချက်များကိုလည်း တဖြည်းဖြည်း သဘောပေါက်နားလည်လာလေတော့သည်။

မိဘမဲ့ ကလေးတစ်ယောက်သည် အကာအကွယ်မဲ့စွာ လမ်းပေါ် ခြေဦးတည့်ရာ လျှောက်သွားနေခဲ့ရသည့်အဖြစ်ကို ကိုယ်ချင်းစာမိသည်။

ကျင်းဖုံး၏ ရင်ထဲနာကျည်းမှုနှင့် အမုန်းတရားမည်မျှ ကြီးမား



မည်ဆိုသည်ကို မှန်းဆ၍ ရနိုင်လေသည်။

သို့သော် သူမက ဘာမျှ ဝင်မပြောဘဲ နားထောင်၍သာ နေလေသည်။

အတန်ကြာမှ ကျင်းဖုံးက သက်ပြင်းတစ်ချက်ချကာ

'အခုတော့ သူတို့အားလုံး သေသွားပါပြီ၊ မကောင်းတဲ့ အကျိုးကို ခံစားသွားကြရပါပြီဗျာ'

ပေါ့ပါးလန်းဆန်းသည့် လေသံဖြင့် ပြောလာလေသည်။

စိတ်သစ်လူသစ်ဖြစ်လာပုံရသည်။

ဆင့်ဆင့် သက်ပြင်းချလိုက်သည်။

'ကျွန်မ ရှင့်ကို နားလည်ပါတယ်ရှင်'

ကျင်းဖုံး ပင့်သက်ရှိုက်သည်။

အတန်ကြာမှ သူကာ အားယူ၍ ပြုံးလိုက်ပြီး…

'တစ်ခါတစ်ခါတော့ ကျုပ်ဟာ အဖြစ်ဆိုးမကြုံခဲ့ရရင် ကျုပ်မိဘတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေနိုင်လိမ့်မယ်လို့ တွေးပြီး စိတ်မကောင်းဖြစ်မိတယ်ဗျ၊ ခင်ဗျားကော'

သူက ဆင့်ဆင့်အား မေးလိုက်၏။

ဆင့်ဆင့် ဝမ်းနည်းသွားသည်။

သူမက တုန်ယင်သော လေသံဖြင့် ပြောလာသည်။

'ကျွန်မဖေဖေဟာ နေမင်းသူရိန်ကျင့်စဉ်နဲ့ ပတ်သက်ပြီး လုပ်

ကြံခံလိုက်ရတာ မကြာသေးပါဘူးရှင်'

ကျင်းဖုံး ပါးစပ်ပိတ်သွားလေ၏။

ဆင့်ဆင့်သည်လည်း သူ့လိုပင် ဒုက္ခရောက်နေသူ တစ်ယောက် ဖြစ်ကြောင်း တွေးလိုက်သည်မဟုတ်ပါလား။

ဆင့်ဆင့်က

'ရန်သူတွေက ကျွန်မဖေဖေဆီက နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်လို့ လုပ်ကြံလိုက်ကြတာပါပဲရှင်'

ကျင်းဖုံး မျက်မှောင်ကြုတ်လိုက်သည်။

'မရဏဓားရှင်ဆိုတဲ့လူလား'

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ မရဏဓားရှင်ရဲ့ လက်ချက်ကြောင့်လို့ ပြောကြပါတယ်'

ကျင်းဖုံး သက်ပြင်းချလိုက်၏။

သူက ဆင့်ဆင့်အား ကြည့်ပြီး မေးလိုက်မိ၏။

နေမင်းသူရိန်ကျင့်စဉ်ကို ဘာကြောင့် များသည်လောက်တောင် လိုချင်နေကြတာလဲ'

ဆင့်ဆင့် မချိပြုံးပြုလိုက်သည်။

'နေမင်းသူရိန်ကျင့်စဉ်ကို ရမယ်ဆိုရင် သိုင်းလောကမှာ လက်မတောင်နိုင်မယ်လို့ သိုင်းလောကသားတွေ ယုံကြည်ယူဆထားကြ



တယ်၊ ဒါကြောင့် အငမ်းမရ လိုချင်နေကြတာပေါ့'

ကျင်းဖုံးက

'သည်အချက်ကို မင်း အဖေ မသိဘူးလား'

ဆင့်ဆင့် ခေါင်းညိတ်လိုက်ည်။

'သိပါတယ်၊ ဒါကြောင့် သိုင်းလောကက အနားယူဖို့ ဆုံးဖြတ်တဲ့အချိန်မှာ နေမင်းသူရိန်ကျင့်စဉ်ကို ဖျက်ဆီးပစ်ဖို့ ဖေဖေ စီစဉ်ခဲ့တာပေါ့ရှင်'

ကျင်းဖုံးမှာ ဆင့်ဆင့်အား ကရုဏာသက်လာမိသည်။

သူက ဆင့်ဆင့်အား ကြည့်ကာ

'မရဏဓားရှင်ကို မင်းရင်ဆိုင်မှာလား'

တည်ငြိမ်သောလေသံဖြင့် မေးလိုက်မိသည်။

ဆင့်ဆင့် ပြုံးလိုက်သည်။

သူမ၏ အပြုံးမှာ နွမ်းနယ်လှပေသည်။

'ကျွန်မမှာ ရင်ဆိုင်နိုင်တဲ့ စွမ်းအား မရှိပါဘူးရှင်'

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ၊ ခင်ဗျားသည်လို စိတ်လျှော့ထားမယ်ဆိုရင် ရန်သူကို ဘယ်လိုလုပ် ရင်ဆိုင်နိုင်မှာလဲဗျ'

'ကျွန်မဟာ ငယ်စဉ်ကတည်းက သိုင်းပညာကို စိတ်ဝင်တစား မရှိခဲ့ပါဘူးရှင်၊ ဒါကြောင့် လုံး၀ မသင်ကြားခဲ့ပါဘူး၊ မရဏ

ခားရှင်ကို ရင်ဆိုင်ဖို့ဆိုတာ စိတ်တောင် မကူးဝံ့ပါဘူးရှင်'

ထိုစကားကြားလျှင် ကျင်းဖုံး စိတ်ပျက်သွားသည်။

သူသာဆိုလျှင် မရဏခားရှင်ကို ရင်ဆိုင်ရန် မဖြစ်မနေ ကြိုးစားမည်ဖြစ်ပေသည်။

ဆင့်ဆင့်က ဆက်ပြောလေသည်။

'ကျွန်မ လက်ထဲမှာ နေမင်းသူရိန်ကျင့်စဉ်ရှိနေခဲ့မယ် ဆိုရင်လည်း လိုချင်တဲ့လူကို ပေးပစ်လိုက်မိမှာပါ၊ သိုင်းကျမ်းတစ်ခုအတွက် အသက်ပေါင်းများစွာ ဆုံးရှုံးသွားရမှာကို မလိုလားပါဘူးရှင်'

ကျင်းဖုံး ခေါင်းယမ်းလိုက်သည်။

ဆင့်ဆင့်၏ စိတ်သဘောထားကို နားမလည်နိုင်အောင် ဖြစ်နေပေတော့သည်။

ဆင့်ဆင့်က

'ကျွန်မဟာ သိုင်းပညာကို စိတ်မဝင်စားဘူးဆိုတာ ဖေဖေ သိပါတယ်၊ ဒါကြောင့် သိုင်းပညာ၊ သိုင်းလောကနဲ့ ပတ်သက်ပြီး တစ်လုံးတစ်ပါဒမှ မပြောဆိုခဲ့ပါဘူး။ နေမင်းသူရိန်ကျင့်စဉ်ဟာ ဘယ်လိုဟာမျိုးလဲဆိုတာတောင် ကျွန်မ မသိခဲ့ပါဘူးရှင်'

'ကောင်းကွာ'

ကျင်းဖုံး မချင့်မရဲ ပြောလိုက်မိလေတော့သည်။

ဆင့်ဆင့်က



'ဖြစ်နိုင်ရင် ကျွန်မ လူတွေနဲ့ ဝေးရာကို ထွက်ပြေးသွားချင်တော့တာပဲ၊ အိမ်ထိန်းကြီး လုထိန်ကလည်း သစ္စာဖောက်သွားတယ်ဆိုတော့ နယ်စားဂေဟာကိုတောင် မပြန်ချင်တော့ပါဘူး။

'ဖေဖေ့ အသုဘအခမ်းအနားကို ရောက်လာမယ့် သိုင်းသမားတွေဟာလည်း နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်မက်မောနေကြသူတွေပါပဲ၊ သူတို့နဲ့ ကျွန်မ ရင်မဆိုင်ချင်ဘူး'

ကျင်းဖုံး စိတ်မကောင်းဖြစ်သွား၏။

**လီကျုံးတို့ လူစုအား သုတ်သင်ရှင်းလင်းပြီးပြီဖြစ်၍ သူ့အတွက် လွတ်လပ်သွားပြီ ဖြစ်သည်။**

ရှဲ့တောင်း စေခိုင်းလိုက်သည့်အတိုင်း သိုင်းရာဇာ ဝမ်းဟန်ကို သုတ်သင်ရှင်းလင်းပစ်ဖို့လည်း သူ ကြိုးစားမည် မဟုတ်ပါ။

ယခုအချိန်တွင် သူသည် သွားချင်ရာသွား၊ လုပ်ချင်ရာ လုပ်နိုင်သည့် လွတ်လပ်သူတစ်ယောက် ဖြစ်နေပြီတည်း။

'ကျုပ် လိုက်ပို့ပေးမယ်'

သူက လွတ်ခနဲ ပြောလိုက်သည်။

ဆင့်ဆင့် မျက်မှောင်ကြုတ်သွားသည်။

သူမက ကျင်းဖုံးအား ကြည့်လိုက်ပြီး မေးလေတော့၏။

'ရှင် လိုက်ပို့ပေးမယ်ဟုတ်လား၊ ဘယ်ကို လိုက်ပို့ပေးမှာလဲ

**ကျင်းဖုံး အံ့သြသွားသည်။**

'မင်းရဲ့ အိမ်ရောက်တဲ့အထိ ပြန်ပို့ပေးမယ်လေ'

ကျောင်းဖုံးက ပြောရင်း ဆင့်ဆင့်အား နယ်စားဂေဟာ ရောက်သည်အထိ စောင့်ရှောက်ပို့ဆောင်ပေးရန် ဆုံးဖြတ်လိုက်သည်။

ဆင့်ဆင့် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ အိမ်မပြန်ချင်တော့ဘူးရှင်'

ကျောင်းဖုံးမျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

'အိမ်ပြန်ရောက်တာနဲ့ ကျွန်မကို ဒုက္ခပေးမယ့်လူတွေကို တွေ့ရမှာပဲ၊ ကျွန်မ မပြန်ဘဲ နေတာ ကောင်းလိမ့်မယ်'

ကျောင်းဖုံး ပြုံးပြလိုက်သည်။

'မင်း မပြန်ဘဲ နေရင် မင်းအဖေရဲ့ အသုဘကိစ္စကို ဘယ်လို စီစဉ်မလဲ'

'ခုလောက်ဆိုရင် ဖေဖေ့အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပြီး လောက်ရောပေါ့ရှင်'

ကျောင်းဖုံး ငိုင်သွား၏။

မှန်ပေသည်။

ဆင့်ဆင့်အား သူဌေးခြံဝင်းက ဖမ်းဆီးခဲ့ခြင်းကြောင့် အချိန်များစွာ ကုန်ခဲ့ရသည်။

ကောက်ကျောင်းနယ်စား၏ အသုဘကို မိတ်ဆွေများက



ပိုင်းဝန်း သင်္ဂြိုဟ် လိုက်ကြမည်သာ ဖြစ်ပေသည်။

ဆင့်ဆင့်က ယတိပြတ်ပြောလေ၏။

'ကျွန်မ မပြန်တော့ဘူး'

ကျောင်းဖုံးက မေးလိုက်၏။

'အိမ်မပြန်ရင် ဘယ်ကို သွားမလဲ'

ဆင့်ဆင့် အဖြေမပေးနိုင်တော့ချေ။

သူမ ငေးငိုင်သွားသည်။

ကျောင်းဖုံးက သူမအား အကဲခတ်ကြည့်လိုက်၏။

ထို့နောက် ကရုဏာသက်သော လေသံဖြင့် ပြောလိုက်လေသည်။

'ခြေဦးတည့်ရာ လျှောက်သွားနေမယ့်အစား အိမ်ပြန်တာပဲ အကောင်းဆုံး ဖြစ်မယ် ထင်တယ်'

'ကျွန် ကျွန်မ'

ဆင့်ဆင့် မည်သို့ ပြောရမှန်း မသိဖြစ်သွားသည်။

ကျောင်းဖုံးက

'မင်း အိမ်ပြန်ပါ၊ မင်းကို ဘယ်သူမှ မနှောင့်ယှက်ရအောင် ကျုပ် တာဝန်ယူမယ်'

ဟု လေသံအေးအေးဖြင့် ပြောလေသည်။

'ရှင်'

သူ၏ စကားကြောင့် ဆင့်ဆင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ကျင်းဖုံးကိုလည်း မယုံကြည်နိုင်သလို ကြည့်လိုက်၏။

ကျင်းဖုံးက သက်ပြင်းတစ်ချက်ချကာ ဆက်ပြောလာလေသည်။

'နေမင်းသူရိန်ကျင့်စဉ်နဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ပြဿနာမှန်သမျှကို ကျုပ် ဖြေရှင်းပေးမယ်'

ဆင့်ဆင့်မှာ ကျင်းဖုံးအား နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။ ကျင်းဖုံးက

'ဘယ်လိုလဲ၊ မင်းအိမ်ပြန်မယ် မဟုတ်လား'

ဟု ထပ်မံ၍ မေးလာ၏။

'ရှင် ရှင်'

ကျင်းဖုံး ပြုံးလိုက်သည်။

သူက ဆင့်ဆင့်ကို ကာကွယ်စောင့်ရှောက်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

'မင်းကို ဘယ်သူမှ ဒုက္ခမပေးရဲအောင် ကျုပ် တာဝန်ယူမယ် ဆိုရင် မပြီးဘူးလား'

'ကျွန် ကျွန်မ'

ဆင့်ဆင့် မည်သို့ ပြောရမှန်းမသိ ဖြစ်နေ၏။



ကျင်းဖုံး ပြုံးလိုက်သည်။

'ကျုပ်လည်း မိဘမဲ့၊ ရှမ်းချီလည်း မိဘမဲ့၊ မင်းလည်း မိဘမဲ့၊ အားလုံး ဘဝတူတွေ ဖြစ်နေပြီ၊ ဘာမှ အားနာစရာ မလိုဘူး၊ မင်း အတွက် ကျုပ် တာဝန်ယူတယ်၊ ကဲ စားစရာ ရှိတာစားပြီးရင် ကျုပ် တို့ နယ်စားဂေဟာကို သွားကြမယ်'

ဆင့်ဆင့်၏ ရင်ထဲ လှုပ်ရှားသွားသည်။

ကျင်းဖုံးအပေါ် အားကိုးအားထားပြုလိုစိတ်များ ဖြစ်ပေါ်လာသည်။

ကျင်းဖုံးကို ငေးကြည့်နေ၏။

ကျင်းဖုံးက စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်သည်။

စားသောက်ရင်း

'စားလေ ဘာလုပ်နေတာလဲ'

ဆင့်ဆင့်ကို လှမ်းပြောလိုက်သည်။

ဆင့်ဆင့်ပြုံးလိုက်သည်။

ယခုတစ်ကြိမ် စားသောက်ဖွယ်ရာများမှာ အရသာ ထူးကဲလှမည်ဟု ခံစားမိလိုက်လေတော့သည်။

**သူမ၏ ဝမ်းဗိုက်** တကြွတ်ကြွတ်မြည်ကာ ဆာလောင်လာသည်။ **သူမ၏ ဆာလောင်ခြင်းကို**ပင် တဒင်္ဂမေ့လျော့နေမိ၏။

နောက်ဆုံး ဟန်မဆောင်နိုင်တော့တဲ့ အားရပါးရစားသောက်လိုက်၏။

သူမ စားသောက်နေသည်ကို ကြည့်ရတာ ကျင်းဖိုး ကျေနပ်သဘောကျသွားသည်။

သူတို့နှစ်ယောက် အားရပါးရ စားသောက်လိုက်ကြရာ ဟင်းလျာမှာ တစ်ခဏအတွင်းပင် ကုန်သွားတော့သည်။

စားသောက်ပြီးစီးသွားပြီဖြစ်၍ ကျင်းဖိုးက ကျသင့်ငွေပေးချေရန် ဟန်ပြင်လိုက်၏။

အိတ်ထဲ လက်နှိုက်လိုက်စဉ်

'ခွပ်ခွပ် ခွပ်ခွက်'

အပြင်ဘက်မှ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မြင်းခွာသံများသည် ထမင်းဆိုင်ရှေ့ဝယ် ရပ်တန့်သွားသည်၊

'ဗိုက်ဆာတာနဲ့ အတော်ပဲဟေ့'

'သည်ဆိုင်မှာပဲ ဝင်စားလိုက်ကြရအောင်'

'ကောင်းတာပေါ့'

တစ်ယောက်တစ်ပေါက်ပြောဆိုသံများ ထွက်ပေါ်လာသည်၊

စကားသံဆုံးလျှင် ခြေသံများ ထွက်ပေါ်လာပြီး လူသုံးယောက် ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်၊



ထိုလူသုံးယောက်ကို မြင်တွေ့ရသည်နှင့် ကျင်းဖိုးမျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ဤသည်ကို ဆင့်ဆင့်ရိပ်မိလိုက်သည်။

ထိုသို့ပင် ဆိုင်ထဲ ဝင်လာသူ သုံးယောက်သည်လည်း ကျင်းဖိုးကို မြင်လျှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

လူသုံးယောက်သည် ဆိုင်ထဲသို့ လှမ်းဝင်လာကြလေ၏။

သုံးယောက်အနက် တစ်ယောက်မှာ အရပ်ပုပု ဂင်တိုတိုရှိသည်။

ကျန်နှစ်ယောက်မှာ အမျိုးသမီးတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ဖြစ်ကြသည်။

တစ်ယောက်မှာ အသက်လေးဆယ်ခန့်ရှိပြီး ကျန်တစ်ယောက်မှာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုလူသုံးယောက်သည် ရောက်လေရာ အရပ်တွင် ပြဿနာရှာတတ်သည်ဆိုသော လူထူးဆန်းခုနစ်ယောက်တွင် ပါဝင်သည့် အရက်အိုး၊ စောင်းသမားနှင့် မြွေစိမ်းတို့ ဖြစ်ကြပေတော့သည်။

လူထူးလူဆန်းခုနစ်ဖော်နှင့် ပျော်စရာ တောင်ကြား၌ ရင်ဆိုင်တိုက်ခိုက်ခဲ့ရပုံကို ကျင်းဖိုး ပြန်လည် သတိရလာသည်။

လူထူးလူဆန်း ခုနစ်ယောက်သည် သူ့အပေါ် ဘယ်တော့မှ အခဲကြေတော့မည် မဟုတ်ကြောင်းလည်း ကျင်းဖိုး နားလည်သဘော

ပေါက်ပြီးဖြစ်သည်။

စောင်းသမားသည် ကျင်းဖုံးကို မြင်လျှင် ဒေါသအမျက် ခြောင်းခြောင်း ထွက်သွားသည်။

'ခွေးကောင် မင်းက သည်မှာ လာပုန်းနေတာကိုး၊ ငါ့ရဲ့ ညီအစ်ကိုတွေအတွက် မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထား'

ပြောပြောဆိုဆို သူ၏ လက်နက်ဖြစ်သော စောင်းကို ဖြုတ်ယူလိုက်သည်။

ကျန်နှစ်ယောက်မှာ အရက်အိုးနှင့် မြွေစိမ်းတို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်လည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ဆင့်ဆင့် ထိတ်လန့်သွားလေ၏။

ကျင်းဖုံးကို ကြည့်ကာ မေးလိုက်၏။

'သူ...သူတို့ကို ရှင်သိသလား'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'သိပါတယ်ဗျာ၊ ရောက်လေရာ အရပ်မှာ ပြဿနာရှာတတ်တဲ့ လူထူးလူဆန်း ခုနစ်ဖော်ဆိုတာ သူတို့ပေါ့၊ ကျုပ်ကို ဒုက္ခပေးဖို့ ကြိုးစားလို့ ဆုံးမခဲ့တာကို မကျေမနပ် ဖြစ်နေကြတယ်လေ'

'ရှင်...ရှင်က'



ကျင်းဖုံး ပြုံးလိုက်သည်။

'မင်းသည်မှာ စဏထိုင်နေဦး'

'ကျုပ် သူတို့ကို ဆုံးမလိုက်ဦးမယ်'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

ထိုအချိန်တွင်

'သေပေတော့'

စောင်းသမားက အော်ငေါက်ရင်း ပြေးဝင်တိုက်ခိုက်လာသည်။

အရက်အိုးနှင့် မြွေစိမ်းတို့ကလည်း ထက်ကြပ်မကွာလိုက်လာကာ တဆက်တည်းပင် တိုက်ခိုက်လာကြလေတော့သည်။

ကျင်းဖုံး မဲ့ပြုံး ပြုံးရင်း ပြောလိုက်၏။

'ခင်ဗျားတို့က ကျုပ်ကို ဝိုင်းပြီး တိုက်ခိုက်တာတောင် အနိုင်မရနိုင်ကြဘူးဆိုတာ သတိမရကြတော့ဘူးလား'

စောင်းသမားက

'မင်းကြောင့် ငါတို့ အဖော်တွေ သေကုန်ပြီ၊ မင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထား'

စကားဆုံးသည်နှင့် ခုန်အုပ် တိုက်ခိုက်လိုက်သည်။

ကျင်းဖုံး လက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပါသည်။

စောင်းသမားမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

အရက်အိုးနှင့် မြွေစိမ်းတို့ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားကြ၏။

'သေပေတော့'

အော်ငေါက်ယင်း ခုန်ဝင် တိုက်ခိုက်လာကြ၏။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင်ပြင်းထန်လှသည်။

တိုက်ခိုက်မှုသာ ထိမှန်ပါက ကျင်းဖုံး သက်သာမည် မဟုတ်ချေ။

သို့သော် ကျင်းဖုံးက အမှုမထားဘဲ ရှေ့တိုးကာ ပြန်လည်တိုက်ခိုက်လိုက်၏။

မရှေးမနှောင်းမှာပင်

'ဝုန်း'

'အွန့်'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

အရက်အိုးနှင့် မြွေစိမ်းတို့မှာ နောက်သို့ ဆုတ်သွားကြရသည်။



သူတို့သုံးယောက်သည် ကျင်းဖုံးအား အနိုင်မရနိုင်မှန်းသိ၍ ဒေါသထွက်နေကြသည်။

စောင်းသမားက သူ့လူများအား ပြောလေ၏။

"သည်ကောင်ကို ငါတို့ ယှဉ်နိုင်မှာ မဟုတ်ဘူး။ ရှောင်သွားဖြန့်ရင်လည်း သေသွားတဲ့ မိတ်ဆွေတွေအပေါ် သစ္စာဖောက်ရာကျမယ် သည်တော့ ညီမလေး မြွေစိမ်းသည်က ထွက်သွားပေါ့၊ သည်ကောင်ကို ဆုံးမနိုင်မယ့် နည်းလမ်းကို ရှာပေါ့။ ငါနဲ့ အရက်အိုးက သည်ကောင်ကို ရင်ဆိုင်မယ်"

အရက်အိုးက ခေါင်းညိတ်၍ သဘောတူလိုက်သည်။

'သည်အကြံကောင်းတယ်'

သို့သော် မြွေစိမ်းက လက်မခံပေ။

'ကျွန်မ မသွားဘူး'

စောင်းသမား သက်ပြင်းချလိုက်၏။

သူ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားလေတော့သည်။

'မင်း သွားရမယ် ညီမလေး'

'ကျွန်မ...'

'တဲ သွားတော့'

စောင်းသမားက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

မြွေစိမ်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထို့နောက် ကျင်းဖုံးအား မကျေမနပ် ကြည့်လိုက်သည်။ ပြီးလျှင်

'ရှင် သတိထားနေပါ၊ ရှင့်ကို တစ်နေ့မှာ ကျွန်မ အသေသတ်မယ်'

သူမသည် ကြုံးဝါးပြီး ဆိုင်ထဲမှ ပြေးထွက်သွား၏။

အရက်အိုးနှင့် စောင်းသမားတို့က ကျင်းဖုံးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်မှာပင်

'အမလေး'

အပြင်ဘက်မှ စူးရှသည့် အော်သံတစ်ချက် ထွက်ပေါ်လာ၏။ မြွေစိမ်း၏ အသံဖြစ်လေသည်။

'ဟင်'

'ဟာ'

စောင်းသမားနှင့် အရက်အိုးတို့ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

မြွေစိမ်းတစ်စုံတစ်ခုဖြစ်သွားပြီဟု နားလည်လိုက်ကြသည်။

သူတို့၏ မျက်နှာတင်းမာခက်ထန်သွားကြ၏။

ကျင်းဖုံးကို ပြန်လှည့်ကြည့်ကာ ပြောလိုက်သည်။



'လက်စသတ်တော့ မင်းမှာ အဖော်ရှိနေတာကိုး'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မှာ အဖော် မရှိဘူးဗျ'

စောင်းသမား မဲ့ပြုံး ပြုံးလိုက်သည်။

'အပြင်ဘက်မှာ မင်းရဲ့ မိတ်ဆွေရှိနေတာ သေချာတယ်၊ ကျုပ်တို့ကို လိမ်လို့ မရဘူး'

ကျင်းဖုံး ပခုံးတွန့်လိုက်၏။

'ခင်ဗျားတို့ မှားနေပြီ၊ ကျုပ်မှာ မိတ်ဆွေ...'

သူ၏ စကားမဆုံးမီ

'ကျင်းဖုံး... အထဲမှာ မင်းရှိနေတယ် မဟုတ်လား'

အပြင်ဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မရှေးမနှောင်းမှာပင်

ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'ရှမ်းစု'

ကျင်းဖုံး တီးတိုးရေရွတ်လိုက်မိ၏။

မြောက်ဘက်တောင်တန်းမှ အငွေ့အသက်များကို ခံစားလာရသည်။

နှင်းဖုံးနေသည့် တောင်တန်းများပေါ်တွင် သိုင်းပညာသင်ခဲ့ရသည်။

သားကောင်နောက်သို့ ခြေရာခံလိုက်နည်း၊ သားကောင်ဖမ်းနည်း စသည့် မုဆိုးတို့၏ အတတ်ပညာကိုလည်း သင်ကြားခဲ့သည်။

ထိုစဉ်က သူတစ်ယောက်တည်း မဟုတ်ပါ။ သူ့တွင် အဖော်နှစ်ယောက် ရှိခဲ့သည်။

မိဘမဲ့ကလေးများဖြစ်သော ရှမ်းစုနှင့် မင်းရီဆိုသည့် လူငယ်နှစ်ယောက် ဖြစ်ကြလေသည်။

ရှမ်းစုနှင့် မင်းရီသည် ရှဲ့တောင်းကြောင့်သာလျှင် အသက်ရှင်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် အသက်သခင် ကျေးဇူးရှင် ရှဲ့တောင်းအပေါ် လွန်စွာမှပင် သစ္စာရှိသူများ ဖြစ်လာကြတော့သည်။

ရှမ်းစု၊ မင်းရီနှင့် သူ့အား ရှဲ့တောင်းက သိုင်းပညာ သင်ကြားပေးခဲ့သည်။

ရှမ်းစုနှင့် မင်းရီသည် တပူးတွဲတွဲ ဖြစ်နေကြသော်လည်း ကျင်းဖုံးမှာ သီးခြားဖြစ်ခဲ့သည်။

သို့သော်...

အားလုံးပင်...

ရှဲ့တောင်း၏ တပည့်များဖြစ်ကြပြီး ပညာသင်ညီအစ်ကိုများ



ဖြစ်နေကြသည်။

ထို့ကြောင့် တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်တွယ်တာမိကြဟာတော့ အမှန်ပင်။

'ကျင်းဖုံး'

ရှမ်းစုက ခေါ်လိုက်သည်။

သူ၏ မျက်နှာပြုံးရွှင်နေသည်။

ကျင်းဖုံးအားတွေ့လိုက်ရခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေပုံရသည်။

'ရှမ်းစု'

ကျင်းဖုံးကလည်း ခေါ်လိုက်သည်။

မိဘများ ကွယ်လွန်သွားပြီး တစ်ကောင်ကြွက်ဘဝဖြင့် လောကအလယ် အနှိမ်ခံ မျက်နှာငယ်ခဲ့ရပြီး မြောက်ဘက်တောင်တန်းသို့ ရောက်မှ အေးချမ်းမှု ရရှိခဲ့သည်။

ရှဲ့တောင်း၊ ရှမ်းစု၊ မင်းရီနှင့် ယွင်ဗှာတောင်ကြားမှ လူများသည် သူ၏ မိသားစု မိတ်ဆွေများပင် ဖြစ်ကြလေတော့သည်။

ရှမ်းစုက

'**သူတို့က** မင်းကို အနှောင့်အယှက် ပေးကြတာလား'

သူက စောင်းသမားနှင့် အရက်အိုးတို့ကို ညွှန်ပြကာ မေးလိုက်လေသည်။

ကျင်းဖုံးခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သူက တုံးတိတိ ဖြေလိုက်သည်။

သူ၏စကားကြောင့် ရှမ်းစု၏ မျက်နှာအေးစက်တင်းမာသွားသည်။

ထိုစဉ်

'မင်းက မြွေစိမ်းကို ဘာလုပ်ခဲ့သလဲ ပြောစမ်း'

စောင်းသမားက အော်ငေါက်မေးလာသည်။

ရှမ်းစု ပြုံးလိုက်သည်။

သူ၏ အပြုံးမှာ အေးစက်လှပေသည်။

'သူသေသွားပြီ'

ခံစားချက် ကင်းမဲ့စွာ ပြောလေသည်။

'ဘာ'

စောင်းသမား၏ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရှမ်းစုက

'ကျုပ်က သူ့ကို ဓားတစ်ချက်တည်းသာ ခုတ်ခဲ့တာပါဗျာ'

လေသံအေးအေးဖြင့် ပြောလိုက်သည်။

စောင်းသမား၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်သွား



သည်။

တဆက်တည်းပင် . . .

ရှမ်းစု၏ သိုင်းပညာမှာ ကြောက်မက် ဖွယ်ရာ ကောင်းအောင် ထက်မြက်နေမှန်း နားလည်လိုက်မိသည်။

သို့သော် သူတို့သည် နောက်ဆုတ်မည် မဟုတ်ချေ။

ရောက်လေရာ ပြဿနာရှာသူများကို ယခု ရှမ်းစုက ပြဿနာရှာခဲ့လေပြီ။

သူတို့သည် အသက်စွန့်ပြီး တိုက်ခိုက်ကြမည်သာ ဖြစ်သည်။

ထိုစဉ်

'သေပေတော့'

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

အရက်အိုးက ကြုံးဝါးရင်း ရှမ်းစုထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

ရှမ်းစု ပြုံးလိုက်၏။

ထို့နောက် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်

'အား'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာ၏။

အရက်အိုးမှာ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားသည်။

ရှမ်းစု၏ လက်ထဲတွင် ဓားတစ်လက်ကိုင်ထား၏။

မည်သည့်အချိန်က ဓားထုတ်လိုက်မှန်း မသိလိုက်ရပါ။

အရက်အိုးမှာ သေဆုံးသွားပြီဖြစ်ပါသည်။

ရှမ်းစုက အေးစက်သော မျက်လုံးများဖြင့် စောင်းသမားအား စိုက်ကြည့်လိုက်သည်။

စောင်းသမားမှာ ကြောက်ရွံ့ထိတ်လန့်သွား၏။

သူ၏ ဘဝတွင် ကြောက်မက်ဖွယ်ရာ လူနှစ်ယောက်ကို တွေ့ဆုံမိလိုက်ပြီ ဖြစ်ပါသည်။

'ခင်ဗျား ဘာလာလုပ်တာလဲ'

ရှမ်းစု၏ စကားသံ ထွက်ပေါ်လာသည်။

စောင်းသမား ဒေါပွသွားသည်။

'သေပေတော့'

အော်ငေါက်ကာ ရှမ်းစုအား ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းအောင် ပြင်းထန်လှသည်။

သို့သော် ရှမ်းစုက လက်ကို ဝှေ့ယမ်းလိုက်သည်။



'ဝှန်း'

'အား'

စောင်းသမားမှာ ကြမ်းပြင်ပေါ် ဝုန်းခနဲလဲကျသွားသည်။

စောင်းသမားနှင့် အရက်အိုးမှာ ကြမ်းပြင်ပေါ် မလှုပ်မယှက် လဲကျ နေပြီ ဖြစ်သည်။

သူတို့နှစ်ယောက်သည် မည်သည့်အခါမှ ပြန်ထလာနိုင်တော့မည် မဟုတ်တော့ချေ။

ရှမ်းစုက ဓားကို ပြန်လည်သိမ်းဆည်းထားလိုက်လေတော့သည်။

* * *

## အခန်း (၂၂)
## နေမင်းသူရိန်ကျင့်စဉ်ကျမ်း

ဆိုင်ကလေးတစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်။

ရှမ်းစုက ကျင်းဖုံးဘက် ပြန်လှည့်လိုက်၏။

သူ၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်နေ၏။

ခက်ထန်ရက်စက်သည့် ဟန်မူရာများ မျက်နှာပေါ်မှ ပျောက်ကွယ်သွားခဲ့လေပြီ။

'ကျင်းဖုံး'

ရှမ်းစုက ခေါ်ရင်း ခပ်သွက်သွက် လှမ်းလာသည်။

လက်နှစ် ဖက် ဆန့်ထုတ်ကာ ကျင်းဖုံးကို ပွေ့ဖက်လိုက်၏။

'ရှမ်းစု'



ကျင်းဖုံကလည်း ခေါ်ရင်း ပြန်လည် ပွေ့ဖက်ထားလိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားကြသည်ကိုလည်းကောင်း၊ မြေပေါ်တွင် လဲကျနေသည့် စောင်းသမားတို့ကိုလည်းကောင်း တစ်လှည့်စီ ကြည့်ကာ ဆင့်ဆင့်မှာ သူတို့၏ စိတ်ဓာတ်ကို စဉ်းစားနေလေ၏။

ရှမ်းစုမှာ လူသုံးယောက်အား သုတ်သင်ရှင်းလင်းပစ်လိုက်သည့်တိုင် မည်သို့မျှ ခံစားရပုံ မပေါ်ချေ။

သူ၏ တိုက်ခိုက်မှုသည် ထက်မြက်သည်မှန်သော်လည်း ရက်စက်ကြမ်းကြုတ်မှုကို အခြေခံထားသည့် ဓားကွက် ဖြစ်နေသည်။

ရှမ်းစုသည် ကျင်းဖုံးကဲ့သို့ပင် ရက်စက်ကြမ်းကြုတ်သူ တစ်ယောက် ဖြစ်နေသည်ကို သူမ တွေ့ရှိခဲ့ရသည်။

အမှန်တော့ ဘဝပေး အခြေအနေသည်လည်းကောင်း၊ ရှဲတောင်းသည်လည်းကောင်း သူတို့အား ရက်စက်ကြမ်းကြုတ်သူများ ဖြစ်လာအောင် ပုံသွင်းခဲ့သည် မဟုတ်ပါလား။

ကျင်းဖုံးနှင့် ရှမ်းစုတို့ လူချင်းခွဲလိုက်ကြသည်။

ရှမ်းစုက ပြောလေ၏။

'မင်းကို ငါလိုက်ရှာတာ တစ်လလောက်ရှိပြီ'

မည်သည့်နေရာများ၌ လိုက်လံရှာဖွေနေသည်ကို ကျင်းဖုံး

မမေးချေ။

အဘယ်ကြောင့်ဆိုသော်...

သားကောင်နောက်သို့ ခြေရာခံလိုက်သည့် မုဆိုးတို့၏ နည်းပရိယာယ်ကို ရှမ်းစုလည်း တတ်မြောက်ထားသောကြောင့်ပေတည်း။

သူတို့သည် မြွေမြွေချင်း ခြေမြင်ကြသူများလည်း ဖြစ်လေ၏။

'ဦးလေး ရှဲ့ကော'

ယွင်ဇုာချိုင့်ဝှမ်းတွင် ရှဲ့တောင်းအား ဦးလေးရှဲ့ဟု ခေါ်သူမှာ ကျင်းဖုံးတစ်ယောက်သာလျှင် ရှိပေသည်။

ရှမ်းစု ပြုံးလိုက်၏။

'ဆရာက မင်းကို သိပ်တွေ့ချင်နေတယ်ကွ'

'ဟင်'

ထိုစကားကြားလျှင် ကျင်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရှဲ့တောင်းအား တွေ့မြင်လိုစိတ်များလည်း ဖြစ်ပေါ်လာသည်။

'သူလိုက်လာသလား'

သူက ကပျာကယာ မေးလိုက်သည်။

ရှမ်းစု ခေါင်းခါယမ်းလိုက်၏။

'ဆရာ လိုက်မလာနိုင်သေးပါဘူးကွာ၊ သူက မင်းကို လွှတ်လိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အခြေအနေကို သိချင်နေတယ်၊ သိုင်းလောကထဲ ခြေချမိတာနဲ့ ကြားရတဲ့သတင်းတွေက...'

ကျင်းဖုံး မျက်နှာပျက်သွားသည်။

'ငါ ... ငါ'

ရှမ်းစု သက်ပြင်းတစ်ချက် ချလိုက်သည်။

'သိုင်းရာဇာ ဝမ်းဟာန်က သိုင်းလောကမှာ ကျင်လည်ကျက်စားနေတယ်လို့ သတင်းကြားရတယ်ကွာ၊ မင်းဘာမှ မလှုပ်ရှားသေးဘူးလား'

ကျင်းဖုံး ပင့်သက်ရှိုက်လိုက်သည်။

ထို့နောက် သူက ပြတ်သားသော လေသံဖြင့်

'ရှမ်းစု၊ ဦးလေးရှဲ့ ခိုင်းတဲ့အတိုင်း ငါမလုပ်ပေးနိုင်တော့ဘူးကွ'

'ဟေ'

ရှမ်းစု အံ့သြသွားသည်။

ကျင်းဖုံးအား မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

'မင်း မင်း ဆရာခိုင်းတာ မလုပ်တော့ဘူး ဟုတ်လား'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါ မလုပ်နိုင်တော့ဘူး'

'ကျင်းဖုံး မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဆရာသိရင် အကြီးကျယ် စိတ်ဆိုးလိမ့်မယ်'

ကျင်းဖုံး ပခုံးတွန့်လိုက်သည်။

ရှမ်းစု၏ မျက်နှာ ရှုံ့မဲ့သွား၏။

သူက ဆင့်ဆင့်အား ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ကျင်းဖုံးက

**'သူနဲ့မဆိုင်ဘူး'**

ကပျာကယာ ပြောလိုက်သည်။

ရှမ်းစု၏ မျက်နှာပေါ်တွင် အပြုံးရိပ်များ ဖြတ်သန်းသွား

လေ၏။

**ထို့နောက် သူက ဆင့်ဆင့်ကို အရေးမစိုက်တော့ဘဲ**

**'ကျင်းဖုံး မင်းသေသေချာချာ စဉ်းစားပါဦး၊ ဆရာက သူနိုင်**

**တာလုပ်မှ ကြိုက်တယ်ဆိုတာ မင်းလည်း သိသားပဲ'**

ကျင်းဖုံးအား ပြောလိုက်သည်။

ကျင်းဖုံး ခေါင်းယမ်းလိုက်သည်။

'ငါ စဉ်းစားပြီးပြီ၊ ဘယ်နည်းနဲ့မှ မလုပ်နိုင်တော့ဘူးကွ'

ရှမ်းစု သက်ပြင်းချလိုက်၏။

'မင်းမှာ ဘယ်လို အခက်အခဲတွေရှိနေလို့လဲ၊ ငါ့ကို ပွ

ပွင့်လင်းလင်း ပြောရင် ကောင်းမယ် ထင်တယ်'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

**'ဘာအခက်အခဲမှ မရှိပါဘူး'**

**ရှမ်းစု မကျေမနပ် ဖြစ်သွားသည်။**



'အကြောင်းမရှိဘဲ ဆရာ့စကား နားမထောင်ဘူးဆိုတော့ မင်းက ဆရာ့ကို တမင်သက်သက် စော်ကားတာပဲကွ၊ သိုင်းလောက ထဲ ရောက်လာလို့ ဆရာ့ကျေးဇူးကို မေ့ပစ်လိုက်ပြီပေါ့ ဟုတ်လား'

ကျင်းဖုံး ပခုံးတွန့်လိုက်သည်။

'မင်းကြိုက်သလို ထင်နိုင်ပါတယ်ကွာ'

ကျင်းဖုံးမှာ အလွန် စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ကြောင်း ရှမ်းစု နားလည်သဘောပေါက်ထားသည်။

ကျင်းဖုံသည် ဘူးဆိုလျှင် ဖရုံသီးမည့်လူစားမျိုး မဟုတ်ချေ။

ရှမ်းစုက ကျင်းဖုံးကို စိုက်ကြည့်လိုက်၏။

ကျင်းဖုံးကလည်း ပြန်လည်စိုက်ကြည့်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် အတန်ကြာ စိုက်ကြည့်လိုက် ကြပြီးမှ ရှမ်းစုက လေးပင်သော သက်ပြင်းတစ်ချက် ချလိုက်သည်။

'မင်းဆုံးဖြတ်ပြီးပြီဆိုရင်လည်း ဘာတတ်နိုင်မှာလဲ၊ ငါ သွားတော့မယ်၊ မင်းက ခိုင်းတဲ့အတိုင်း မလုပ်နိုင်ဘူးဆိုတာကိုတော့ ဆရာ့ကို ငါ ပြန်ပြောလိုက်မယ်'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်'

ကျင်းဖုံးက အကြောက်အရွံ့မရှိ ပြန်ပြောသည်။

ရှမ်းစု ပြုံးလိုက်သည်။

'သိုင်းလောကမှာ မင်းပျော်ရွှင်ပါစေလို့ ငါဆုတောင်းပါတယ်ကွာ'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

ကျင်းဖုံး ပါးစပ်ပိတ်ထားလိုက်လေ၏။

ရှမ်းစု မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အခါမှ ဆင့်ဆင့်ဘက်လှည့်ကာ စကားစလာသည်။

'ကျုပ်တို့ သွားကြမယ်'

ဆင့်ဆင့်ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘယ်ကိုသွားမလဲ'

သူမက မေးလိုက်၏။ ထိုအခါ

ကျင်းဖုံးက တုံးတိတိပင် ပြောချလိုက်လေတော့သည်။

'နယ်စားဂေဟာကို သွားမယ်'

✧

ကောက်ကျင်းမြို့သည် လွန်စွာမှပင် စည်ကားသိုက်မြိုက်သည့် မြို့ကြီးတစ်မြို့ ဖြစ်သည်။

ကောက်ကျင်းနယ်စားကြီး ဆင့်လုံသည် လူချစ်လူခင်ပေါများလှသူ ဖြစ်သည်။

လူတိုင်းက လေးစားချစ်ခင်ကြသည်။

နယ်စားကြီးဆင့်လုံ လုပ်ကြံခံလိုက်ရခြင်းကြောင့် ကောက်ကျင်းမြို့၌သာမက သိုင်းလောက၌ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။



ကောက်ကျင်းနယ်စားကြီး၏ အသုဘမှာ စည်ကားသိုက်မြိုက်လှပေတော့သည်။

နယ်စားကြီး၏ တစ်ဦးတည်းသော သမီးဆင့်ဆင့်သည် ခရီးထွက်နေခြင်းကြောင့် ကိုယ်ရံတော်လုထိန်က လိုက်ခေါ်နေ၏။

ထိုအခါ ကောက်ကျင်းနယ်စားဂေဟာကို နယ်စားကြီး၏ မိတ်ဆွေ ရှောက်ချူးဆိုသူက တာဝန်ယူထားခဲ့သည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့သည် ကောက်ကျင်းမြို့သို့ ရက်အတန်ကြာ နှောက်ကျပြီးမှ ရောက်လာသောအခါ ...။

✧

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးကွယ်ပျောက်သွားတော့မည်ဖြစ်ပေသည်။

ဆည်းဆာရောင်ခြည်အောက်ဝယ် ကောက်ကျင်းမြို့၏ လမ်းများပေါ်၌ လူစည်ကားနေသည်။

ဆင့်ဆင့်သည် ကောက်ကျင်းမြို့သို့ ပြန်လည်ရောက်ရှိလာလျှင် သွက်သွက်လက်လက် ဖြစ်လာလေသည်။

ကျင်းဖုံးက သူမနောက်သို့ လိုက်သွားရုံသာ ရှိလေတော့သည်။

နယ်စားဂေဟာသည် ကောက်ကျင်းမြို့၏ မြို့စွန်ခြံဝင်း

ကျယ်ကြီးတစ်ခုအတွင်း၌ တည်ရှိပေသည်။

နယ်စားဂေဟာ ခြံဝင်းရှေ့သို့ ရောက်သည်နှင့် ဆင့်ဆင့်က ပြောပြသည်။

'သည်ခြံဝင်းဟာ ကျွန်မ မွေးဖွားခဲ့တဲ့ ခြံဝင်းပေါ့ရှင့်'

ဆင့်ဆင့်က တုန်ယင်လှိုက်လဲသောလေသံဖြင့် ပြောနေလေ၏။

သေဆုံးသွားပြီဖြစ်သော မိခင်နှင့် ဖခင်ကို သတိရလာဟန်ရှိသည်။

ကျင်းဖုံးမှာ မျက်ရည်ဝိုင်းနေသည့် ဆင့်ဆင့်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

သူ၏ ဦးခေါင်းထဲဝယ် ဆင့်ဆင့်လည်း သူ့လိုပင် မိဘမဲ့ တစ်ယောက်ဖြစ်နေသည်။

သူနှင့် ဘဝတူဖြစ်နေသည်ဟု တွေးလာမိသည်။

ထိုစဉ် ဆင့်ဆင့်က

'လိုက်ခဲ့ပါရှင်'

သူမက ဖိတ်ခေါ်ပြီး ခြံဝင်းထဲ ဝင်သွားသည်။

ကျင်းဖုံးလည်း ထက်ကြပ်မကွာ လိုက်ပါသွား၏။

ခြံဝင်းထဲ ရောက်လျှင် ကြီးမားခန့်ညားသည့် နယ်စားဂေဟာ အဆောက်အအုံကြီးကို တွေ့မြင်ရမည်ဟု ထင်မှတ်ထားသည်။



သို့သော် သူ၏ အထင်နှင့်အမြင် တလွဲစီ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရတော့သည်။

'ဟင်'

'ဟာ'

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့ လွတ်ခနဲ ရေရွတ်မိလိုက်ကြလေသည်။

အဘယ်ကြောင့်ဆိုသော်

ခြံဝင်အတွင်း၌ မီးလောင်ပြင်တစ်ခုကို တွေ့မြင်လိုက်ရခြင်း ကြောင့်ပေတည်း။

နယ်စားကြီး၏ အသုဘရှိနေသည့်အတွက် ဂေဟာတွင် လူစည်ကားနေသင့်သည်။

နယ်စားကြီး၏ မိတ်ဆွေများ နေမင်းသူရိန်ကျင့်စဉ်အား စိတ်ဝင်စားကြသူများ စုံစုံညီညီ ရောက်လာမည်မှာ မလွဲချေ။

ခြံဝင်းတံခါးမကြီး ဟာလာဟင်းလင်း ပွင့်နေပြီး လူသူ တစ်စုတစ်ယောက်မျှ မတွေ့ရကတည်းက တစ်စုံတစ်ခု မှားယွင်းနေ ပြီဖြစ်ကြောင်း ကျင်းဖုံး ရိပ်စားမိခဲ့ပေသည်။

ယခုမူ မီးလောင်ပြင်ကြီးက ကြိုဆိုနေလေပြီ။

နယ်စားဂေဟာ မှာ ပြာပုံဘဝသို့ ပြောင်းလဲသွားခဲ့ချေပြီ။

ကျင်းဖုံးက ဆင့်ဆင့်ကို ကြည့်လိုက်သည်။

ဆင့်ဆင့်၏ ခန္ဓာကိုယ်ကလေး တုန်တုန်ယင်ယင် ဖြစ်နေပါသည်။

'ရက် ရက်စက်လိုက်ကြတာ'

သူမက နှုတ်ခမ်း တလှုပ်လှုပ်ဖြင့် ရေရွတ်နေသည်။

ကျင်းဖုံးက မေးလိုက်လေ၏။

'မင်းအိမ် မီးလောင်သွားပြီ ဟုတ်လား'

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ် ဟုတ်ပါတယ်ရှင်'

ကျင်းဖုံး တွေဝေသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချကာ ပြောလိုက်လေ၏။

'ဘယ်သူက မီးရှို့ဖျက်ဆီးပစ်လိုက်တယ်ဆိုတာ မြို့ထဲမှာ စုံစမ်းကြည့်ကြရင် ကောင်းမယ်'

ဆင့်ဆင့်က သူ့အား တွေတွေကြီး ကြည့်နေပါ၏။

မမျှော်လင့်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသူ တစ်ယောက်၏ အကြည့်မျိုး ဖြစ်ပါသည်။

ကျင်းဖုံး ကရုဏာသက်သွားသည်။

အကူအညီကင်းမဲ့ မျှော်လင့်ချက်ကင်းမဲ့သည့်ဘဝတွင် သူ နေလာခဲ့ဖူးသည် မဟုတ်ပါလား။

ယခု ဆင့်ဆင့်၏ အခြေအနေကို တွေ့သည်နှင့် တစ်ကြိမ်



က ဖြစ်ပေါ်ဖူးသည့် ခံစားချက်များ ရင်ထဲ ပြန်လည် ခံစားလာရသည်။

ဆင့်ဆင့်ကို ကူညီလိုသောစိတ်များလည်း ဖြစ်ပေါ်လာသည်။

ဘဝတူချင်း ဟူသည့် ဓာနာသည့် အသိကြောင့် ဆင့်ဆင့်၏ ပြဿနာမှာ သူ၏ ပြဿနာဟု ယူဆလာလေတော့သည်။

'မြို့ထဲမှာ မင်းရဲ့ အသိမိတ်ဆွေတွေ မရှိဘူးလား'

သူက ဆင့်ဆင့်အား မေးလိုက်သည်။

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'တစ်မြို့လုံး ကျွန်မကို သိကြပါတယ်ရှင်'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က လူတိုင်းကို မေးတာ မဟုတ်ဘူး'

'ရှင်'

သူ၏ စကားကြောင့် ဆင့်ဆင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကျင်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလာလေ၏။

'အခုအချိန်မှာ နေမင်းသူရိန်ကျင့်စဉ် လိုချင်တဲ့ လူတွေဟာ မင်းနောက်ကို မြေလှန်ပြီး ရှာတော့မယ်၊ နယ်စားကြီးမရှိတော့တဲ့ နောက်ပိုင်း မင်းကို ဘယ်သူကမှ လိုလိုလားလား ဆက်ဆံကြတော့

မှာ မဟုတ်ဘူး။ မိတ်ဆွေထက် ရန်သူကပိုများနေပြီ၊ မင်းနားလည် ရမှာက သည်ခြံဝင်းထဲမှာ ဘယ်လို ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ပြော ပြနိုင်မယ့် လူတွေ့ရင်တော်ပြီ၊ သည်မှာ ဘာတွေ ဖြစ်တယ်ဆိုတာ သိရမှ ရှေ့ဆက် ဘာလုပ်ရမယ်ဆိုတာ စဉ်စားလို့ ရမယ်'

ဆင့်ဆင့် မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေပေသည်။

ကျင်းဖုံး၏ စကားကို ကောင်းစွာ နားလည်သဘောပေါက် ပုံမရချေ။

ကျင်းဖုံးကလည်း ရှင်းပြမနေပါချေ။

'ကဲ တို့သွားကြရအောင်'

ပြောပြီး လှည့်ထွက်လာ၏။

ဆင့်ဆင့်က နောက်မှ လိုက်လာပါသည်။

သူမက မကျေမနပ် ဖြစ်နေသည်။

'ကျွန်မမှာ ကူညီမယ့် မိတ်ဆွေတွေ ရှိပါတယ်ရှင်'

သူမက ပြောလိုက်သည်။ ကျင်းဖုံးက

'မင်း နားလည်ထားရမှာက ဘယ်သူ့ကိုမှ ယုံလို့ မရဘူး ဆိုတာပဲ'

စကားဆုံးလျှင် ရှေ့ဆက်လျှောက်သွားပြန်သည်။

သူမက နောက်မှ အပြေးတစ်ပိုင်း လိုက်လာပြီး ပြောသည်။

'ဟိုဘက်မြို့က စာပေသမားကြီး ဟန်မင်းဟာ ဖေဖေ့ရဲ့



မိတ်ဆွေကောင်းတစ်ယောက်ပါပဲ၊ ကျွန်မကိုလည်း သမီးလေးတစ် ယောက်လို ချစ်တယ်၊ သူ့မှာသားသမီး မရှိကြဘူးရှင့်'

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'သူက မင်းကို ကူညီနိုင်တယ် ဆိုပါတော့'

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'ကောင်းပြီ သူ့ဆီကို ကျုပ် လိုက်ပို့မယ်၊ သူက မင်းကို ဘယ် အတိုင်းအတာအထိ ကူညီမလဲဆိုတာ ကြည့်ကြသေးတာပေါ့'

သူမ ကျေနပ်သွားသည်။

'ဘဘဟန်မင်းက ကူညီမှာပါ'

ပြောပြီး ရှေ့မှ လမ်းပြ ခေါ်ဆောင်သွားသည်။

ကျင်းဖုံး နောက်မှ လိုက်သွား၏။

မကြာမီ သူတို့နှစ်ယောက် သည် တစ်ဘက်ခြံဝင်းအတွင်းသို့ ရောက်ရှိသွားကြလေ၏။

ထိုခြံဝင်းအတွင်း၌ သေသပ်လှပသော အိမ်ကလေးတစ်လုံး ရှိနေသည်။

ရိုးသားစွာ နေတတ်သူ တစ်ယောက်၏ အိမ်ကလေးမျိုး ဖြစ်ပါသည်။

ကျင်းဖုံး ပြုံးလိုက်သည်။

'ရှိးသားတဲ့ လူဟာ ပိုပြီး ကြောက်ဘတ်တယ်'

စိတ်ထဲမှ ရေရွတ်လိုက်၏။

ပတ်ဝန်းကျင်၌ အမှောင်ရိပ်လွှမ်းလာပြီ ဖြစ်သည်။

အိမ်ကလေးမှ မီးရောင်ထွက်ပေါ်နေခြင်းကြောင့် လူရှိကြောင်း ထင်ရှားသည်။

သူမသည် အိမ်ရှေ့ရောက်သွားသည်နှင့် အော်ခေါ်လိုက်လေ၏။

'ဘဘဟန် ... ဘဘဟန်'

မရှေးမနှောင်းမှာပင်

'ဘယ်သူလဲ'

စကားသံနှင့်အတူ အိမ်တံခါးပွင့်သွားသည်။

အဘိုးအိုတစ်ယောက်သည် မီးအိမ်တစ်လုံး ဆွဲကာ ထွက်လာသည်ကို တွေ့မြင်ရသည်။

သူမက ပြောလိုက်လေ၏။

'ဘဘဟန် ကျွန်မကို မမှတ်မိတော့ဘူးလား၊ ဆင့်ဆင့်လေ'

ဆင့်ဆင့်ဟူသည့် အမည်ကြားလျှင် အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။

'ဟင် သခင်မလေးပါလား'

မီးအိမ်ကို မြှောက်ကာ သူမ၏ မျက်နှာကို မြင်ရအောင်



ကြည့်လေသည်။

သူမကို မြင်လျှင် သူက တီးတိုးရေရွတ်လိုက်သည်။

'သ ... သခင်မလေး မသေသေးပဲကိုး'

သူမက

'အို ဘဘဟန်ကလည်း ကျွန်မက ဘာဖြစ်လို့ သေသွားရမှာလဲ၊ မြောက်ဘက်တောင်တန်းကို အလည်အပတ်သွားခဲ့တာကို ဘဘဟန်လည်း သိသားပဲ'

ဟန်မင်းက တုန်လှုပ်သော လေသံဖြင့်

'သ ... သခင်မလေး သခင်ကြီးတော့ သေသွားပြီ'

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သည်ကိစ္စကြောင့် ကျွန်မ ပြန်လာခဲ့တာပါ'

'သ ... သခင်မလေး ကျုပ် ... ကျုပ် '

အဘိုးအို ဟန်မင်းသည် ရှေ့ဆက် မပြောလိုတော့ဟန် အထင်းသား ပေါ်လွင်လာလေတော့သည်။

ဆင့်ဆင့်က မေးသည်။

'ဘဘဟန် ကျွန်မတို့အိမ်ကြီး ဘယ်လိုလုပ် မီးလောင်ပျက်စီးသွားတာလဲ ပြောပြစမ်းပါဦး'

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

'ကျွုင် ... ကျုပ်မသိဘူး'

'ရှင်'

မမျှော်လင့်ဘဲ ဘူးခံလိုက်သည့် စကားကြားရခြင်းကြောင့် သူမက တအံ့တသြ ဖြစ်သွားသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ ရပ်ကြည့်နေသည့် ကျောင်းဖုံးက 'မိတ်ကောင်းဆွေကောင်းတွေပဲဗျာ၊ ကျုပ်တို့ကို အိမ်ထဲ ဝင်ခွင့်တောင် မပြုတော့ဘူးလားဗျ'

အဘိုးအို မျက်နှာပျက်သွားသည်။

မတတ်သာသည့်အဆုံး

'အိမ်ထဲဝင်ကြပါဦး'

ဟု ဖိတ်ခေါ်လိုက်ရလေတော့သည်။

ဆင့်ဆင့် သက်ပြင်းချလိုက်၏။

ဟန်မင်းသည် ကျောင်းဖုံး ပြောသကဲ့သို့ သူမနှင့် ဆက်ဆံရမည်ကို ခိုးရွံ့နေကြောင်း သူမတဖြည်းဖြည်း သဘောပေါက်လာသည်၊

သူမ၏ ရင်ထဲ ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်လာ၏။

သို့သော် ကျောင်းဖုံးက အိမ်ထဲလှမ်းဝင်လိုက်သဖြင့် သူမလည်း ဝင်လိုက်ရပေသည်။

အိမ်ထဲရောက်လျှင် အဘိုးအိုက နေရာထိုင်ခင်း ပေးသည်၊

'ထိုင်ကြပါ၊ ထိုင်ကြပါ'

သူမက ထိုင်လိုက်သည်။ သို့သော် ကျောင်းဖုံးက မထိုင်ပါ၊



ဘာဘာဟန်ဆိုသည့် အဘိုးအိုကို စိုက်ကြည့်ရင်း

'မြို့စားဂေဟာ ဘယ်လိုလုပ် မီးလောင်ပျက်စီးသွားရသလဲ ဆိုတာ ပြောပြပါဗျာ'

ကျောင်းဖုံး၏ အမူအယာနှင့် စကားသံကြောင့် မြွေဆိုးတစ်ကောင်ကို တွေ့လိုက်ရသည့်အလား အဘိုးအို၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူက ကပျာကယာ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်...ကျုပ် ဘာမှ မသိပါဘူး'

ကျောင်းဖုံး ပြုံးလိုက်သည်။

'ခြချင်း သည်လောက်ကပ်နေတာပါဗျာ၊ ဘာဖြစ်တယ်ဆိုတာ တိတိကျကျ မသိရင်တောင် နည်းနည်းပါးပါးတော့ သိရမှာပေါ့'

'ကျုပ်...ကျုပ် တကယ်ကို မသိလို့ပါ'

အဘိုးအိုက အဖြေမပေးဘဲ ငြင်းဆန်နေသည်။

နယ်စားဂေဟာ မီးလောင်ပျက်စီးသွားရသည့် ကိစ္စ၌ ဝင်မပါလိုမှန်း သိသာလှ၏။

ဆင့်ဆင့် စိတ်ပျက်သွားသည်။

ကျောင်းဖုံး ပြောသည့်စကား မှန်နေသည်ဟုလည်း တွေးလိုက်မိသည်။

ဟန်မင်းသည် သူမအား ဥပေက္ခာပြုထားလိုက်ချေပြီ။

သူမက စိတ်အိုက်စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ကျင်းဖုံကို ကြည့်ကာ ပြောလိုက်မိသည်။

'ကျွန်မတို့ သွားကြပါစို့'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်၏။

'သွားလို့ ဘယ်ဖြစ်ဦးမလဲ၊ နယ်စားဂေဟာ ဘယ်လို မီးလောင်ပျက်စီးသွားတယ်ဆိုတာ သိရမှ ဖြစ်မှာပေါ့ ကဲ ပြောပြပါဗျာ'

ဆင့်ဆင့်အား ပြောရင်း တဆက်တည်း ဟန်မင်းဘက် လှည့်ကာ မေးလိုက်သည်။

ဘာဘာဟန်က

'ကျုပ် ကျုပ် မသိဘူး၊ ကျုပ် ဘာမှ မသိပါဘူးကွယ်'

တွင်တွင်ငြင်းဆန်နေလေတော့သည်။

ဆင့်ဆင့် ထိုင်ရာမှ ထလိုက်သည်။

ကျင်းဖုံး၏ မျက်နှာ ခက်ထန်တင်းမာလာသည်။

သူက ဟန်မင်းအား စိုက်ကြည့်လိုက်ပြီး

'ကျုပ်မေးတာ မဖြေဘဲနေရင် ကျုပ်က ခင်ဗျားကို သတ်ပစ်မယ်ဆိုတာ မယုံမရှိနဲ့'

ပြောပြောဆိုဆို ခါးမှ ဓားကို ခွဲထုတ်လိုက်လေတော့သည်။

ဓားကိုမြင်လျှင် ဟန်မင်း မျက်လုံးပြူးကျယ်သွားသည်။



'မ မလုပ်ပါနဲ့'

အထိတ်တလန့် တောင်းပန်လာသည်။

ကျင်းဖုံးက ဘာမှမပြောဘဲ စိုက်ကြည့်၍သာ နေသည်။

ဟန်မင်းတံတွေးမျိုချလိုက်သည်။

'နယ်စားကြီးရဲ့ အသုဘဟာ စည်ကားလှပါတယ်၊ ဧည့်သည်တွေ ရောက်လာတာ ခြံဝင်းထဲမှာ ခြေချစရာတောင် မရှိသလောက်ပါပဲ'

သူက စတင်ပြောကြားလာလေတော့သည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့ နားစွင့်နေသည်။

ဟန်မင်းက ဆက်ပြော၏။

'နယ်စားကြီးရဲ့ အသုဘကို ခုနစ်ရက်တိုင်တိုင် ထားပေမယ့် သခင်မလေး ရောက်မလာတဲ့အတွက် ရှောက်ချူးက မြို့ပြင်သုသာန်မှာ သင်္ဂြိုဟ်လိုက်ပါတယ်၊ အဲသည်နေ့ကဆို မြို့လုံးကျွတ် ရောက်လာကြလို့ ကျုပ်တစ်သက်မှာ အစည်ကားဆုံး အသုဘ တစ်ခုလို့ ပြောရမှာပါ၊ ဒါပေမယ့် ဒါပေမယ့်...'

ဆက်မပြောဘဲ ကျင်းဖုံးကို လှမ်းကြည့်လိုက်သည်။

ကျင်းဖုံးက မျက်နှာတင်းတင်းဖြင့်

'ဒါပေမယ့် ဘာဖြစ်သလဲ ပြောစမ်းပါ'

'ဟို...ဟို'

ကျင်းဖုံး ဒေါပွသွားသည်။

'ခင်ဗျား သေချင်ပြီထင်တယ်'

ကျင်းဖုံးက ဘဘဟန်အား ခြိမ်းခြောက်နေသည်ကို ဆင့်ဆင့် သဘောမကျချေ။

သို့သော်

ထိုသို့ ခြိမ်းခြောက်မှသာ ဟန်မင်းက ပြောလာမည်ဖြစ်သည် ကို ရိပ်မိသဖြင့် တားဆီးခြင်းမပြုဘဲ ငြိမ်နေလိုက်သည်။

ဘဘဟန်က

'အသုဘချပြီးတဲ့ ညမှာပဲ ဧည့်သည်တွေလည်း ပြန်ကုန် တယ်၊ နယ်စားဂေဟာမှာ ရောက်ချူးတို့ လူစုပါမှ ဆယ်ယောက် လောက်ပဲ ကျန်ရစ်ခဲ့တယ်၊ အဲ ညသန်းခေါင်အချိန်လည်းရောက်ကော အော်သံဟစ်သံတွေ ငရဲပွက်သလို ထွက်ပေါ်လာတာပဲ ပြီးတော့ မီး တောက်မီးလျှံတွေ ထွက်ပေါ်လာတယ်၊ မြို့သူမြို့သားတွေလည်း မီး ငြိမ်းသတ်ဖို့ စုရုံးရောက်ရှိလာပါတယ်၊ ဒါပေမယ့် ခြံထဲ ဝင်လို့ မရဘူး၊ တံခါးအသေပိတ်ထားတယ်၊ နောက်ဆုံး လူအုပ်နဲ့ ဝိုင်းပြီး ရိုက်ချိုးဖွင့် ပြီး ဝင်ကြတယ်။ ခြံထဲရောက်တော့ ဂေဟာတစ်ခုလုံး ပြာကျနေပြီ၊ အထဲမှ လူတွေ တစ်ယောက်မှ မတွေ့ရတော့ဘူး၊ အားလုံး မီးလောင် ကုန်ကြပြီနဲ့ တူတယ်'

ကျင်းဖုံး ဆင့်ဆင့်ကို ကြည့်လိုက်၏။



ဆင့်ဆင့်၏ မျက်နှာကလေး ညှိုးလျော်နေပါသည်။

ကျင်းဖုံးက ဘဘဟန်ဘက် ပြန်လှည့်ကာ

'နယ်စားဂေဟာ မီးလောင်သွားတာ ဘယ်လိုကြောင့်လဲဆို တာ ဘယ်သူမှ မသိကြဘူးပေါ့'

ဟန်မင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဘယ်က ဘယ်လို မီးလောင်တယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး'

ကျင်းဖုံး ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'နေပါဦး သည်ကိစ္စကို သိလျက်နဲ့ ခင်ဗျားက ဘာကြောင့် မပြောချင်ရတာလဲ၊ ဘာကို ကြောက်နေလို့လဲ'

ဘဘဟန် မျက်လုံးပြူးသွားသည်။

'ဟာ ကြောက်ဖို့ ကောင်းတာပေါ့၊ နယ်စားဂေဟာမီးလောင် ပျက်စီးသွားပြီးတဲ့နောက်ပိုင်း ညဘက်ရောက်ရင် လူရိပ်တွေ တွေ့နေရ တယ်၊ မီးလောင်သေဆုံးသွားကဲ့လူတွေ မကျွတ်မလွတ်ဘဲ နာနာဘာဝ အသွင်နဲ့ လှုပ်ရှားသွားလာနေကြတာလို့ ပြောကြတာပဲ၊ ကျုပ်လည်း ကြောက်လို့ ညဘက်ဆိုရင် မြို့စားဂေဟာဘက် ကြည့်တောင် မကြည့် ရဲပါဘူးကွယ်'

ကျင်းဖုံးသက်ပြင်းချလိုက်သည်။

ထို့နောက် ဆင့်ဆင့်ကို ကြည့်လိုက်၏။

ဆင့်ဆင့်ကလည်း သူ့အား ကြည့်ကာ မေးလိုက်လေ၏။

'အစ်ကို ဘယ်လို သဘောရသလဲ'

သူမ၏ အခေါ်အဝေါ် ပြောင်းလဲသွားသည်။

ကျင်းဖုံးက ပြန်မေးလိုက်၏။

'နာနာဘာဝတွေ ကျက်စားနေတယ်ဆိုတာကို ညီမ ယုံသလား'

ဆင့်ဆင့်က အဖြေမပေးဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းဖုံးက ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီး

'ကဲ သွားကြစို့'

ဆင့်ဆင့်၏ လက်ကို ဆွဲကာ ထွက်လာခဲ့လေ၏။

ဆင့်ဆင့်နှင့် ကျင်းဖုံးတို့ အိမ်ပေါက်ဝသို့ ရောက်ရှိသွားကြသောအခါ ဟန်မင်း၏ အသံထွက်ပေါ်လာသည်။

'သခင်မလေး ခဏနေပါဦး'

ကျင်းဖုံးနှင့်ဆင့်ဆင့်တို့ ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်ကြသည်။

ဟန်မင်းက ပြေးလိုက်လာသည်။

သူ၏လက်ထဲ၌ စာအုပ်တစ်ခုကို ကိုင်ထားသည်။

သူတို့ အနီးသို့ ရောက်လာသောအခါ ဟန်မင်းက

'ကျုပ်မေ့သွားတယ်၊ သခင်မလေးရဲ့ ဖခင် ခရီးမထွက်ခင်က



ကျုပ်ကို ပေးသည့် စာအုပ်တစ်အုပ် သိမ်းထားဖို့ ပေးခဲ့တယ်၊ တကယ်လို့ သူ တစ်စုံတစ်ခု ဖြစ်ပြီး ပြန်မလာနိုင်ရင် သခင်မလေးကို ဆက်ဆက်ပေးလိုက်ဖို့ မှာသွားပါတယ်၊ ကျုပ်လည်း နာနာဘာဝတွေကို ကြောက်တာနဲ့ သခင်မလေးကို အလေးမထားသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ'

တောင်းပန်ရင်း စာအုပ်ကို ပေးလာလေသည်။

ဆင့်ဆင့်က လှမ်းယူဖွင့်ဖတ်လိုက်၏။

'ဟင်'

'ဟာ'

ရုတ်တရက် ကျင်းဖုံးနှင့်ဆင့်ဆင့်တို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

သူတို့သည် ဟန်မင်းပေးသည့် စာအုပ်ကလေးအား မျက်လုံးပြူး၍ ကြည့်နေကြသည်။

အဘယ်ကြောင့် ဤမျှ အံ့သြသွားရပါသနည်း။

အဘယ်ကြောင့်ဆိုသော်...

ဟန်မင်းပေးသည့် စာအုပ်ကလေးမှာ သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြသည့် နေမင်းသူရိန် သိုင်းကျမ်းပင် ဖြစ်နေသောကြောင့်ပေတည်း။

***

# အခန်း (၂၂)
## မဟာရေတံခွန်စခန်း

ပျောက်ဆုံးနေသည်ဟု ဆင့်ဆင့် ယုံကြည်ထားသော သိုင်းကျမ်းသည် ယခုအခါတွင် ဆင့်ဆင့်၏ လက်ထဲ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဆင့်ဆင့် သက်ပြင်းချလိုက်၏။

ထို့နောက် သူမက ဟန်မင်းအား နှုတ်ဆက်ကာ ကျင်းဖုံးနှင့်အတူ ထွက်လာခဲ့၏။

ဟန်မင်းသည် သူတို့ ထွက်သွားသည်နှင့် အိမ်တံခါးပိတ်ကာ မီးမှိတ်ထားလိုက်လေတော့သည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့သည် ဟန်မင်း၏ ခြံဝင်းထဲမှ ထွက်လာခဲ့ကြ၏။



ကျင်းဖုံးက ပြောလိုက်လေ၏။

'သိုင်းကျမ်းကို သေသေချာချာ သိမ်းထားလိုက်ပါ၊ မင်းအဖေရဲ့ ခြံဝင်းထဲ ငါတို့ သွားကြည့်ကြရအောင်'

ဆင့်ဆင့် အံ့သြသွားသည်။

'ခြံထဲ သွားမလို့ဟုတ်လား'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

ဆင့်ဆင့်မှာ ကျင်းဖုံးအား ကြည့်ရင်း နားမလည်နိုင်ပဲ ဖြစ်သွားသည်။

'ဘာသွားလုပ်မလို့လဲ'

'ညဘက်တွေ့ရတတ်တယ်ဆိုတဲ့ လူရိပ်တွေကို သွားကြည့်မလို့ပေါ့'

'ဟင်'

ဆင့်ဆင့် တုန်လှုပ်သွားသည်။

ကျင်းဖုံး ပြုံးလိုက်သည်။

'မကြောက်ပါနဲ့၊ ကျုပ် စိတ်ထင် တစ်ယောက်ယောက်က နေမင်းသူရိန်ကျင့်စဉ်ကို တွေ့လိုတွေ့ငြား မီးလောင်ပြင်မှာ လာရှာနေတာလည်း ဖြစ်မယ်လို့ ထင်မိတယ်၊ ကျုပ်ထင်တာ မှန်ရင် အဲဒီလူဟာ မြို့စားဂေဟာကို မီးရှို့ဖျက်ဆီးပစ်လိုက်တဲ့ လူပဲ ဖြစ်မယ်'

ထိုစကားကိုကြားလျှင် ဆင့်ဆင့် စိတ်ဝင်စားသွားလေတော့သည်။

'ကဲ လာ သွားကြစို့'

ကျင်းဖုံးက သူမ၏ လက်ကိုဆွဲကာ ခေါ်ဆောင်သွားသည်။ သူမလည်း ဘာမှမပြောတော့ဘဲ လိုက်ပါသွားလေတော့သည်။

ပတ်ဝန်းကျင်တစ်ဝိုက် လှသူကင်းရှင်းနေသည်။

ယခင်က စည်စည်ကားကား ရှိခဲ့သော နယ်စားဂေဟာမှာ သုသာန်တစပြင်တစ်ခုပမာ လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့နေပြီဖြစ်ပါသည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့သည် ခြံဝင်းအတွင်းသို့ ရောက်ရှိလာကြသည်။

သူတို့နှစ်ယောက်သည် မီးလောင်ပြင်ဆီသို့ အကဲခတ်ကြည့်လိုက်ကြသည်။

မီးလောင်ပြင်ဝယ် အုတ်ကျိုးအုတ်ပဲ့များ၊ တိုင်ငုတ်များ ထိုးထိုးထောင်ထောင် ရှိနေသည်။

ကျင်းဖုံးက သစ်ပင်တစ်ပင်အောက်ဘက်သို့ လျှောက်သွားပြီး ဆင့်ဆင့်ကို ပြောလိုက်သည်။

'ကျုပ်တို့ သည်ကနေ စောင့်ကြည့်ရအောင်'



ဆင့်ဆင့် ဘာမှ မပြောချေ။

သစ်ပင်ရိပ်အောက်ထိုင်ကာ မီးလောင်ပြင်သို့ အကဲခတ်ကြည့်နေလိုက်ကြသည်။

ညပိုးကောင်များ၏ အော်မြည်သံများ ဟိုမှ သည်မှ ထွက်ပေါ်နေ၏။

အေးမြလတ်ဆတ်သော လေပြည်များလည်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်ခြောက်များ တရှဲရှဲမြည်ကာ ကြွေကျလာသည်။

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကောင်းကင်ပေါ်တွင် လဝန်း ထွက်ပေါ်လာ၏။

လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး မပီဝိုးတဝါးဖြစ်လာသည်။

အဝေးမှ ညသန်းခေါင်အချိန်ရောက်ပြီဖြစ်ကြောင်း အသိပေးသည့် အချက်ပေးအုန်းမောင်းခေါက်သံ ထွက်ပေါ်လာသည်။

ဆင့်ဆင့်မှာ ငိုက်မြည်းလာလေသည်။

ထိုအချိန်တွင်

'သတိထား'

ကျင်းဖုံး၏ တိုးတိုးသတိပေးသံ ထွက်ပေါ်လာခြင်းကြောင့် သူမ ဆတ်ကနဲ ဖြစ်သွားပြီး မျက်လုံးပွင့်လာလေ၏။

'ဘာ ဘာဖြစ်တာလဲဟင်'

'ရှူး… တိတ်တိတ်နေ'

ကျင်းဖုံးကို မေးလိုက်ရာ ကျင်းဖုံးက ငြိမ်ငြိမ်နေရန် သတိပေးလိုက်သဖြင့် ချက်ချင်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ကျင်းဖုံးက

'ဟိုမှာ ကြည့်စမ်း'

မီးလောင်ပြင်ဆီသို့ ညွှန်ပြကာ ပြောလိုက်၏။

သူမ လှမ်းကြည့်လိုက်၏။

ထိုအခါ

ရှည်မျောမျော အရိပ်သဏ္ဌာန်များ လှုပ်ရှားနေသည်ကို တွေ့မြင်လိုက်ကြရသည်။

အိပ်ချင်စိတ်များ သူမ၏ ခန္ဓာကိုယ်မှ ရုတ်ချည်း ဖယ်ခွာသွားလေတော့သည်။

'ဟင် မကောင်းဆိုးဝါး'

'တိတ်တိတ်နေ'

ကျင်းဖုံးက တားလိုက်သဖြင့် သူမ ငြိမ်ကျသွားသည်။

ကျင်းဖုံးက

'မင်း သည်မှာစောင့်နေ၊ ငါအခြေအနေ သွားကြည့်လိုက်မယ်'

ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်၏။



'မ မသွားပါနဲ့ရှင်'

သူမ ဟန့်တားလိုက်၏။

ကျင်းဖုံး အံ့သြသွားသည်။

'ဘာဖြစ်လို့လဲ'

'ကျွန်…ကျွန်မ မနေရဲဘူးရှင့်'

ဆင့်ဆင့်က ကြောက်ရွံ့စွာ ပြောလာလေ၏။

'ဒုက္ခပဲ'

ကျင်းဖုံး ခေါင်းကုတ်လိုက်၏။

ဆင့်ဆင့်က ဇွတ်အတင်းပြောသည်။

'ကျွန်မပါလိုက်မယ်'

ကျင်းဖုံး မတတ်သာတော့ချေ။

'ကောင်းပြီ လိုက်မယ်ဆိုရင် ကျုပ် စကားနားထောင်ရမယ်'

ဆင့်ဆင့် ခေါင်းညိတ်လိုက်၏။

'နားထောင်ပါ့မယ်ရှင်'

'ကဲ လာခဲ့'

ကျင်းဖုံးက သူမ၏ လက်ကို ဆွဲကာ ခေါ်သွားလေတော့သည်။

သူတို့နှစ်ယောက်သည် သစ်ပင်များ ကြားမှ ဖြတ်ကာ မီးလောင်ပြင်သို့ ဦးတည်သွားကြသည်။

မကြာမီ

မီးလောင်ပြင်အနီးသို့ ရောက်ရှိသွား၏။

ကျင်းဖုံးက

'ငြိမ် ငြိမ်နေ'

ဆင့်ဆင့်အား သတိပေးလိုက်သည်။

ကြောက်ရွံ့မှုကြောင့် ဆင့်ဆင့်မှာ အသံပင် မထွက်ဝံ့ပါချေ။

ထိုအချိန်တွင် မီးလောင်ပြင်တွင် လှုပ်ရှားနေသည့် လူရိပ်များကို ပို၍ ထင်ရှားစွာ တွေ့မြင်လာရပါသည်။

လူရိပ်သုံးလေးခု လှုပ်ရှားနေခြင်း ဖြစ်၏။

ကျင်းဖုံးက

'သူတို့ တစ်ခုခု လိုက်ရှာနေကြတာပဲ ဖြစ်မယ်'

ဟု ပြောသည်။

ဆင့်ဆင့်မှာ မျက်လုံးအဝိုင်းသားကလေးဖြင့် ငေးကြည့်နေပါ၏။

ကျင်းဖုံးက သူမအား တိုင်ပင်ပြောဆိုနေခြင်း မပြုတော့ပါ။

သစ်ပင်ရိပ်အောက်မှနေ၍ မီးလောင်ပြင်သို့ လှစ်ခနဲ ပြေးထွက်သွားလေသည်။

ဆင့်ဆင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'အစ်ကို ဘယ်သွားမလို့လဲ'



သူမက မေးရင်း ကျင်းဖုံးနောက်သို့ ကမန်းကတန်း ပြေးလိုက်သွား၏။

ကျင်းဖုံးကား မီးလောင်ပြင်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

လရောင်ဖြင့် မီးလောင်ပြင်ဝယ် လူသုံးယောက် ရှိနေသည်ကို တွေ့မြင်ရ၏။

ထိုလူသုံးယောက်သည် တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေကြဟန်ဖြင့် ကုန်းကုန်းကွကွ တွေ့ရှိနေရသည်။

ကျင်းဖုံး တိတ်တဆိတ် ပြေးလာသည်ကို သတိမပြုမိကြချေ။

တစ်ယောက်က ပြောလေ၏။

'ငါတို့ လိုက်ရှာနေတာ ကြာပြီ ဘာမှလဲ မတွေ့ရဘူး'

အခြားတစ်ယောက်က

'ဟုတ်တယ်၊ ငါတော့ စိတ်ပျက်လာပြီ'

'အေးလေ၊ မီးလောင်ပြီးမှ ရှိနိုင်တော့မလားကွ၊ နယ်စားဧဟာမှာ ရှိတယ်ဆိုရင်လည်း မီးလောင်ပျက်စီးသွားလောက်ရောပေါ့'

'ဒါဖြင့် တို့ ဆက်မရှာတဲ့ ပြန်သွားကြစို့လား'

တစ်ယောက်က အလန့်တကြား ပြောလာသည်။

'ဟော့ ဟော့ ပြန်သွားဖို့ စိတ်မကူးနဲ့ ဆရာက စိတ်ဆိုးပြီး အပြစ်ပေးနေမှ ဟုတ်လှပြစ်နေဦးမယ်၊ ဆရာ့အကြောင်းလည်း မင်းတို့ သိသားပဲ'

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

ကျင်းဖုံးသည် သူတို့အနီးသို့ ချဉ်းကပ်ရောက်ရှိသွားလေ၏။

သူက ထိုလူသုံးယောက်အား ခါးထောက်၍ ကြည့်ပြီး မေးလိုက်လေ၏။

'ခင်ဗျားတို့ ဘာရှာနေတာလဲဗျ'

မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် သူ၏ စကားသံကြောင့် ထိုလူသုံးယောက် ထိတ်လန့်သွားကြသည်။

'ဘယ်သူလဲ'

အော်ငေါက်ယင်း ချက်ချင်းပင် လှည့်ကြည့်လိုက်ကြလေတော့သည်။

ကျင်းဖုံးကို မြင်လျှင် စားကိုယ်စီ ဆွဲထုတ်ကာ ဝိုင်းရံထားလိုက်ကြလေ၏။

ကျင်းဖုံးက ထပ်မံ မေးမြန်းလိုက်၏။

'ခင်ဗျားတို့ ဘာလုပ်နေကြတာလဲဗျ'

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

တစ်ယောက်က

'မင်းဘယ်သူလဲ'

ကျင်းဖုံးက



'ခင်ဗျားတို့က နေမင်းသူရိန်ကျင့်စဉ်ကို လိုက်ရှာနေကြတာမဟုတ်လား'

သူ၏ စကားကြောင့် ထိုလူသုံးယောက် မျက်လုံးပြူးသွားကြသည်။

'ဘာ ဘာပြောတယ်'

တစ်ယောက်က အထိတ်တလန့်ဖြင့် မေးလာသည်။

ကျင်းဖုံး ပြုံးလိုက်သည်။

'ခင်ဗျား မပြောဘူးလား'

တစ်ယောက်က

'မင်...မင်းကကော နေမင်းသူရိန်ကျင့်စဉ်ကို လာရှာတာလား'

ကျင်းဖုံးက တမင်အရွဲ့တိုက်ကာ ပြောလိုက်လေ၏။

'ဟုတ်တယ်'

ထိုလူသုံးယောက် ပြိုင်တူ ခေါင်းခါယမ်းလိုက်သည်။

'မင်းလိုက်ရှာလို့ အပိုပဲ ငါတို့ ရှာနေတာ ဆယ့်ငါးရက်လောက်ရှိနေပြီ၊ ဘာမှ မတွေ့ရဘူးကွ'

ကျင်းဖုံးက ရယ်မောလိုက်ပြီး

'ဘယ်တွေ့မလဲ၊ နေမင်းသူရိန်ကျင့်စဉ်မှ မရှိတော့တာ'

'ဘာ'

ထိုလူသုံးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ကျင်းဖုံးက

'ခင်ဗျားတို့ မတွေ့တာ ဘာကြောင့်လဲ သိလား၊ ကျုပ်ရထားလို့ပဲဗျ'

'ဘာ'

ထိုလူသုံးယောက် မကျေမနပ်ဖြစ်သွားကြသည်။ ချက်ချင်းပင် ဓားကိုယ်စီ ဆွဲထုတ်ကာ

'မင်းက နေမင်းသူရိန်ကျင့်စဉ်ကို တကယ်ရထားတာလားကွ'

ကျင်းဖုံး ခေါင်းညိတ်လိုက်၏။

'တကယ်ပြောတာပါဗျ'

ထိုလူသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

တစ်ယောက်က လက်ဖြန့်လိုက်၏။

'ကဲ...ဒါဆို သိုင်းကျမ်းပေးစမ်း'

နှုတ်မှ အော်ငေါက်ကာ တောင်းလာသည်။

ကျင်းဖုံး ပခုံးတွန့်လိုက်သည်။

'မပေးနိုင်ဘူးဗျ'

ထိုလူက

'မပေးဘူးဆိုရင် သေဖို့သာ ပြင်ထား'

အော်ပြောပြီး ပြေးဝင်တိုက်ခိုက်သည်။



သူ၏အဖော်နှစ်ယောက်ကလည်း ပြေးဝင်လာကြသည်။

ထိုအချိန်တွင်

ဆင့်ဆင့်ရောက်ရှိလာရာ ကျင်းဖုံးအတွက် စိုးရိမ်ပူပန်သွားလေတော့သည်။

'အစ်ကို ကျင်းဖုံး သတိထား'

သူမက လှမ်း၍ သတိပေးလိုက်သည်။

ရှမ်းစုနှင့် တွေ့ဆုံခဲ့စဉ်က ကျင်းဖုံး၏ အမည်ကို ခေါ်သံကြားသဖြင့် မှတ်သားထားခဲ့ခြင်း ဖြစ်ပေသည်။

သူ၏ အသံကြားလျှင် ထိုလူသုံးယောက်အနက် တစ်ယောက်က သူမဘက်သို့ လှည့်လာလေတော့သည်။

'သည်ကောင့်မှာ အဖော်ပါတယ်ဟေ့'

ပြောပြောဆိုဆို ဆင့်ဆင့်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ဆင့်ဆင့် ထိတ်လန့်သွားသည်။

'အစ်ကို ကျင်းဖုံး ကယ်ပါဦး'

သူမက ကျင်းဖုံးအား အကူအညီ တောင်းလိုက်လေသည်။

ကျင်းဖုံး ဒေါပွသွားသည်။

'ထွက်မလာနဲ့လို့ ပြောထားလျက်နဲ့ ထွက်လာတာကိုး ဘေးဖယ်လိုက်စမ်း'

အော်ငေါက်ရင်း သူ့ထံ ပြေးဝင်လာသူ နှစ်ယောက်ကို ခပ်သွက်သွက် တိုက်ခိုက်ပစ်လိုက်၏။

ထိုအခါ

'ဝုန်း'

'အား'

ညဉ့်လူ နှစ်ယောက် အနောက်ဘက်သို့ လွင့်စဉ်သွားကြလေသည်။

ကျင်းဖုံးသည် ထိုလူနှစ်ယောက်ကို အရေးမစိုက်တော့ဘဲ ဆင့်ဆင့်ထံ ပြေးသွားလိုက်၏။

ဆင့်ဆင့်အား တိုက်ခိုက်ရန် ဟန်ပြင်နေသူမှာ သူ၏ အဖော်နှစ်ယောက် ခံလိုက်ရသည်ကို မြင်လျှင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဟင်'

ကျင်းဖုံး ခုန်ဝင်လာသည်ကို တွေ့လျှင် နောက်သို့ လျှင်မြန်စွာ ခုန်ဆုတ်သွားလေသည်။

ကျင်းဖုံးက အလွတ်မပေးပါ။

'မင်း ဘယ်ပြေးမလဲ'

အော်ငေါက်ကာ တရကြမ်း ခုန်ဝင်တိုက်ခိုက်လိုက်၏။

ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ချိန်တွင် ကျင်းဖုံးသည် မကောင်းဆိုးဝါး ပူးကပ်နေသည့်အလား ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်သွားတတ်ကြောင်း ဆင့်ဆင့် ရိပ်မိသည်။



ကျင်းဖုံး၏ လက်ချက်ဖြင့် ရန်ပြု တိုက်ခိုက်လာသူ ဒုက္ခရောက်သွားနိုင်သည်ကို ရိပ်မိသဖြင့် အော်ဟစ်သတိပေးလိုက်သည်။

'အစ်ကို မလုပ်ပါနဲ့'

ကျင်းဖုံးမှာ သူမ၏ စကားသံကြားလျှင် တိုက်ခိုက်မှု အရှိန်လျှော့ချလိုက်လေတော့သည်။

သို့တိုင်

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ကျင်းဖုံး၏ တိုက်ခိုက်ခြင်း ခံလိုက်ရသူမှာ အနောက်ဘက်သို့ လွင့်စဉ်သွားပြီး မြေပေါ်လဲကျသွားသည်။

ကျင်းဖုံးသည် ဆင့်ဆင့်ဘက်သို့ လှည့်ကာ မေးလိုက်၏။

'မင်း ဘာဖြစ်သွားတာလဲ'

ဆင့်ဆင့် ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးရှင်'

ကျင်းဖုံး စိတ်သက်သာရာ ရသွား၏။

'မင်း နောက်ဆုတ်နေလိုက်၊ သူတို့ကို ငါရှင်းလိုက်ဦးမယ်'

ပြောပြောဆိုဆို ညဥ့်လူသုံးယောက်ထံ လှမ်းသွားလိုက်လေသည်။

ညဥ့်လူသုံးယောက်အနက် နှစ်ယောက်သာလျှင် မြေပေါ်မှ ထရပ်နိုင်တော့၏။

ဆင့်ဆင့်အား ရန်ပြုရန် ဟန်ပြင်ခဲ့သူမှာ ကျင်းဖုံး၏ လက်ချက်ကြောင့် စန့်စန့်ကြီးလဲ ကျနေပြီး မထနိုင်ပါတော့ချေ။

ကျင်းဖုံးသည် ထရပ်လာသည့် ညလူနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

ည လူနှစ်ယောက် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ကျင်းဖုံးအား မေးကြည့်လိုက်သည်။

'မင်း မင်း ဘယ်သူလဲ'

တစ်ယောက်မေးလာသည်။

ကျင်းဖုံးက စစ်မေးလိုက်သည်။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် နယ်စားဂေဟာကို မီးရှို့ဖျက်ဆီးပစ်လိုက်ရတာလဲ'

ထိုလူက ထပ်မံ မေးမြန်းနေသည်။

'မင်း ဘယ်သူလဲ'

ကျင်းဖုံး ဒေါပွသွားသည်။

'ငါမေးတာ ဖြေစမ်း'



'မင်းကကော ဘယ်သူလဲ'

ထိုလူက ထပ်ခါတလဲလဲ မေးလာသည်။

ကျင်းဖုံး ဘာမှ မပြောတော့ပါ။

ခါးကြားမှ ဓားကို ဆွဲထုတ်ကာ ထိုလူအား ခုတ်ချလိုက်လေသည်။

'ဒုတ်'

'အား'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာသည်။

ထိုလူမှာ မြေပေါ်ပုံလျက်သား လဲကျသွားတော့သည်။

'ဟာ'

ကျန်တစ်ယောက်မှာ အလွန်ပင် တုန်လှုပ်သွားမိ၏။

ကျင်းဖုံးအား ရင်မဆိုင်နိုင်မှန်းသိ၍ ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

သို့သော် ကျင်းဖုံးက အလွတ်မပေးပါချေ။

'မင်း ပြေးလို့ ရမလား'

အော်ငေါက်ရင်း ပြေးလိုက်သွား၏။

ထိုလူမှာ ကျင်းဖုံး၏ လက်မှ မလွတ်နိုင်မှန်းသိ၍ ဒူးထောက်ချလိုက်ပြီး

'ကျုပ် ကျုပ်ကို ချမ်းသာပေးပါဗျာ'

ဟု ပျာပျာသလဲ တောင်းပန်လာသည်။

ကျင်းဖုံးက ထိုလူ၏ လည်ကုပ်ပေါ်သို့ ဓားကို ဖိကပ်ထားလိုက်ပြီး အေးစက်စွာ မေးလေ၏။

'နယ်စားဂေဟာကို မီးရှို့ဖျက်ဆီးလိုက်တာ ဘယ်သူလဲ ပြောစမ်း'

ယခုတစ်ကြိမ် ထိုလူ မနေနိုင်ပါတော့ချေ။

မပြောလျှင် သူအသတ်ခံရတော့မည် မဟုတ်ပါလား။

'ပျော် ပျော်စရာတောင်ကြား ပိုင်ရှင်ပါဗျာ'

သူသည် ကြောက်ရွံ့စွာဖြင့် ပြောလေ၏။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

ကောက်ကျင်းနယ်စားသည် ပျော်စရာတောင်ကြား၌ လုပ်ကြံခံလိုက်ရခြင်းဖြစ်သည်။

ထိုကိစ္စကြောင့် သိုင်းလောကသားများ ရန်ရှာလာမည်ကို စိုးရိမ်ကြောက်ရွံ့ကာ ပျော်စရာတောင်ကြားမှ လူများသည် နေအိမ်များကို စွန့်ပစ်ကာ ထွက်ပြေး တိမ်းရှောင်သွားကြခြင်းဖြစ်လေသည်။

ပျော်စရာ တောင်ကြားအတွင်း၌ တွေ့ခဲ့ရသည့် ဗေဒါသို့မဟုတ် ယို့စွမ်းကိုလည်း သတိရလာသည်။

ယို့စွမ်းသည် နယ်စားကြီးဆင့်လုံ လုပ်ကြံခံလိုက်ရသည့် ကိစ္စနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေမည်ဟု တွေးမိသည်။



ထို့ကြောင့်

'ယို့စွမ်း ဘယ်မှာလဲ'

ခပ်ပြတ်ပြတ် မေးလိုက်၏။

ညဦးလူ မျက်နှာပျက်သွားသည်။

'ကျုပ်...ကျုပ် မသိပါဘူးဗျာ'

ထိုလူက ငြင်းဆန်လိုက်သည်။

ကျင်းဖုံး၏ မျက်နှာတစ်ခုလုံး ခက်ထန်တင်းမာသွားလေသည်။

'ခင်ဗျား သေချင်ပြီ ထင်တယ်'

'ဝုန်း'

'အား'

ကျင်းဖုံးက ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ ထိုလူမှာ မြေပေါ်ဝယ် နှစ်ပတ်သုံးပတ် လိမ့်ထွက်သွားလေသည်။

မြေပေါ်မှ လူးလိမ့်ထကာ ညည်းညူနေစဉ် ကျင်းဖုံးက သူ့အနီးသို့ ချဉ်းကပ်သွားပြီ။

'ယို့စွမ်း ဘယ်မှာလဲ'

ထပ်မံ မေးလိုက်ပြန်သည်။

ထိုလူ ဘာမှ မပြောချေ။

ကြောက်ရွံ့ထိတ်လန့်သည့်အကြည့်ဖြင့် ကျင်းဖုံးကို ကြည့်

နေ၏။

ကျင်းဖုံးက မြေပေါ်ကျနေသည့် ဓားတစ်လက်ကို ကောက်ယူလိုက်ပြီး

'ကဲ မင်းက ပြောမလား၊ ဒါမှမဟုတ် အသေခံမလား၊ ကြိုက်တဲ့ လမ်းကို ရွေးစမ်း'

အေးစက်မာကျောစွာ ပြောလိုက်လေသည်။

အမြေမပေးလျှင် သတ်ပစ်မည်ဖြစ်ကြောင်း ထိုလူ ကောင်းစွာ နားလည်သဘောပေါက်သွားသည်။

'ကျုပ် ကျုပ်ကို မသတ်ပါနဲ့ဗျာ၊ ကျုပ် ပြောပြပါ့မယ်၊ ဆရာ ယို့စွမ်းဟာ မဟာရေတံခွန်မှာ ရှိနေပါတယ်'

သူ၏ စကားဆုံးသည်နှင့် ကျင်းဖုံးက ဓားဖြင့် ထိုးစိုက်လိုက်၏။

'အား'

ထိုလူမှာ စူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

ဆင့်ဆင့် မျက်နှာပျက်သွားသည်။

ကျင်းဖုံးကို လှမ်းကြည့်ရင်း

'ရှင် ရှင် ကတိမတည်ပါလား၊ သူက ပြောပြလျက်သားနဲ့ ရှင်က ဘာဖြစ်လို့ သတ်ပစ်ရတာလဲ'



ကျင်းဖုံးက သူမကို ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။

'သူ့ကို ကျုပ်က ချမ်းသာပေးမယ်လို့ ပြောခဲ့သလား'

သူက အေးစက်စွာ ပြန်မေးလေ၏။

သူမ ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းဖုံးက ဆက်ပြောလိုက်သည်။

'သူ့ကို လွှတ်ပေးလိုက်ရင် ဘာဖြစ်မလဲ မင်းသိလား၊ သူက တို့ကိုဒုက္ခပေးမယ့် အဖော်တွေကို သွားခေါ်ပြီး လိုက်လာလိမ့်မယ်'

သူမ မကျေနပ်သော်လည်း ဘာမှ မပြောနိုင်ဘဲ ဖြစ်နေတော့သည်။

ကျင်းဖုံးက မေးလိုက်၏။

'ဒါထက် မင်းက မဟာရေတံခွန် ဘယ်မှာ ရှိတယ်ဆိုတာ သိလား'

ဆင့်ဆင့် ခေါင်းညိတ်လိုက်၏။

'သိတယ်၊ ကောက်ကျင်းမြို့က လူတိုင်း သိကြတာပဲရှင်'

'ကောင်းပြီ တို့ သွားစို့၊ မင်း ရှေ့က လမ်းပြပါ'

'ကျွန်မတို့ ဘယ်သွားကြမှာလဲ'

'မဟာရေတံခွန်ကို သွားမယ်'

သူမ ပါးစပ်ပိတ်ထားလိုက်သည်။

ကျင်းဖုံးသည် သူမ၏ ဖခင်အား လုပ်ကြံခဲ့သည့် တရားခံကို

ဖော်ထုတ်ပေးမည် မဟုတ်ပါလား။

ထို့ကြောင့် ကျင်းဖုံးနှင့်အတူ လိုက်ပါသွား၏။

သူတို့နှစ်ယောက် မီးလောင်ပြင်ကို ကျောခိုင်းကာ ခြံဝင်း အတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

ကောင်းကင်ပေါ်ဝယ် လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာသာယာယာ ရှိနေပါ သည်။

ကောက်ကျင်းနယ်မှာ အေးမြသော ညချမ်းတွင် အိပ်မောကျ နေကြပြီ ဖြစ်သည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့သည် မြို့ဝင်လမ်းမကြီးအတိုင်း အနောက်ဘက်စူးစူးသို့ ရောက်ရှိလာကြသည်။

ရှေ့၌ တောအုပ်တစ်ခု ရှိသည်။

တောအုပ်ရှေ့သို့ ရောက် သည်နှင့် ထူးဆန်းသော အသံများ ကြားရ၏။

'ဝေါ ဝေါ'

အဝေးမှ တဝေါဝေါ မြည်ဟည်းသံများ ထွက်ပေါ်ခြင်းပေ တည်း။

ဆင့်ဆင့်က



'အဲဒါ မဟာရေတံခွန် ရေကျသံပေါ့'

ကျင်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေပြီး လူရိပ်လူယောင်များ မတွေ့ ရချေ။

ညဖြစ်ချင်းက အမှောင်ကို ဖြစ်ပေါ်စေသည်။

တောအုပ်အတွင်းရှိ လူသွားလမ်းကလေး၌လည်း လူသူ ကင်းရှင်းနေသည်ကို တွေ့မြင်ရသည်။

ကျင်းဖုံးက ဆင့်ဆင့်ဘက်သို့ လှည့်ကာ မေးလိုက်၏။

'ဒီလမ်းကလေးအတိုင်း ဆက်သွားရင် မဟာရေတံခွန်ကို ရောက်သွားမှာလား'

သူမ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ ခြေလှမ်း သုံးရာလောက်တော့ အနည်းဆုံး သွားရလိမ့်မယ်'

ကျင်းဖုံး အနည်းငယ်စဉ်းစားလိုက်ပြီး

'ကျုပ်က အခြေအနေ သွားကြည့်လိုက်မယ်၊ ညီမ ဒီမှာ နေခဲ့ပါ'

'ရှင်'

ဆင့်ဆင့်မှာ တစ်ယောက်တည်း နေခဲ့ရမည်ဆိုသည့်စကား ကြားလျှင် ထိတ်လန့်သွားလေတော့သည်။

တောကြီးမျက်မဲအတွင်း တစ်ဦးတည်း မနေရဲပါချေ။

'ကျွန် ကျွန်မ မနေရဲဘူး လိုက်ခဲ့မယ်'

ကျင်းဖုံးမှာ စိတ်ပျက်သွားသည်။

ဆင့်ဆင့်အား ထားပစ်ခဲ့၍ ရမည်မဟုတ်ဟု နားလည်သဖြင့် အလျှော့ပေးလိုက်ရသည်။

'ကောင်းပြီ မင်းလိုက်ခဲ့မယ်ဆိုရင် ငါ့စကားနားထောင်ရမယ်'

သူမ ဝမ်းသာသွား၏။

ချက်ချင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်မ နားထောင်ပါ့မယ်ရှင်'

'ကဲ သွားစို့'

ကျင်းဖုံးက ရှေ့သို့ လျှောက်သွား၏။

ဆင့်ဆင့်ကလည်း နောက်မှ လိုက်သွားသည်။

တောလမ်းကလေးအတိုင်း အတန်ကြာ လျှောက်သွားမိကြသောအခါ ရေကျသံများ တစ်စထက်တစ်စ ကျယ်လောင်လာသဖြင့် ရေတံခွန်ကြီးနှင့် နီးကပ်လာပြီဖြစ်ကြောင်း သိရလေသည်။

ယို့စွမ်းသည် ပျော်စရာတောင်ကြားမှ အရေးပါသူတစ်ယောက်ဖြစ်ပြီး ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်း ကျင်းဖုံး ကောင်းစွာ နားလည်သဘောပေါက်ထားသည်။

မဟာရေတံခွန်တွင် ရှိနေမည်ဆိုလျှင် ဤတောအုပ်ထဲ၌



အစောင့်အကြပ်များ ချထားမည်ဖြစ်ကြောင်းလည်း တွေးမိသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ် ကြည့်လိုက်သည်။

ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ လူရိပ်တစ်ချို့ လှုပ်ရှားသွားသည်ကို တွေ့မြင်ရလေတော့သည်။

ကျင်းဖုံးက ဆင့်ဆင့်၏ လက်ကို ဖမ်းဆွဲကာ သစ်ပင်တစ်ပင် နောက်ကွယ်သို့ ပြေးဝင်လိုက်သည်။

'ဘာဖြစ်လို့လဲဟင်'

ဆင့်ဆင့်က မေးလေသည်။

ကျင်းဖုံးက

'တိုးတိုး'

သတိပေးလိုက်မှ ငြိမ်ကျသွားသည်။

ကျင်းဖုံး အသံတိုးတိုးဖြင့်

'ရေတံခွန်တစ်ဝိုက်မှာ ယို့စွမ်း ရှိနေတာ သေချာပြီ၊ ရှေ့မှာ အစောင့်တွေလည်း ရှိနေတယ်၊ မင်း ဆက်ပြီး လိုက်ခဲ့လို့ မဖြစ်ဘူး၊ ဒီမှာပဲ နေခဲ့'

'ကျွန်မ'

'စကားမရှည်နဲ့ နေရာတကာ ကန့်လန့်ကန့်လန့် ပါနေမယ်ဆိုရင် မင်းအဖေကို လုပ်ကြံသွားတဲ့ တရားခံကို ဖမ်းမိတော့မှာ မဟုတ်

ဘူး'

ကျင်းဖုံးက ဆက်ပြီး

'ဒီမှာနေခဲ့။ ငါအစောင့်တွေကို ကြည့်ရှင်းလိုက်ဦးမယ်'

စကားဆုံးလျှင် သစ်ပင်နောက်ကွယ်မှ လျင်မြန်စွာ ထွက်သွားလေ၏။

ဆင့်ဆင့်သည် ကျင်းဖုံးအဝေးသို့ ရောက်သွားသည့်အထိ စောင့်ကြည့်နေလိုက်သည်။

ကျင်းဖုံး ခပ်လှမ်းလှမ်းသို့ ရောက်သွားလျှင် သူမလည်း သစ်ပင်နောက်ကွယ်မှ ထွက်ကာ ကျင်းဖုံးနောက်သို့ လိုက်သွားလေတော့သည်။

ကျင်းဖုံး ခပ်သွက်သွက် လှမ်းသွားသည်။

ခြေလှမ်းနှစ်ဆယ်ခန့် လှမ်းသွားမိသည်နှင့် ဟန့်တားသံ ထွက်ပေါ်လာသည်။

'ရပ်လိုက်စမ်း'.

သစ်ပင်နောက်ကွယ်မှ လူနှစ်ယောက် ကျင်းဖုံးရှေ့၌ ရပ်ကာ လမ်းပိတ်ထားလိုက်၏။

ကျင်းဖုံး ခြေလှမ်းရပ်လိုက်သည်။

'ဆရာယို့စွမ်း ဘယ်မှာလဲ'

ခပ်တည်တည် မေးလိုက်၏။



ထိုလူနှစ်ယောက်သည် ကျင်းဖုံးအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ကျင်းဖုံးက အမှောင်ရိပ်ထဲ၌ တမင်ရပ်နေ၏။

သူ၏ မျက်နှာကို ရုတ်တရက် သဲသဲကွဲကွဲ မြင်ရမည် မဟုတ်ပါချေ။

'မင်း ဘယ်သူလဲ'

ဟန့်တားသူလူနှစ်ယောက်အနက် တစ်ယောက်က မေးလာလေသည်။

ကျင်းဖုံးက ပြောလိုက်၏။

'ဆရာယို့စွမ်း ဘယ်မှာလဲ၊ နေမင်းသူရိန်ကျင့်စဉ်နဲ့ ပတ်သက်ပြီး သဲလွန်စ ရလာပြီ'

ထိုစကားကြားလျှင် ဟန့်တားသူနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

'ဘာ ဘာပြောတယ်'

'နေမင်းသူရိန် ကျင့်စဉ်ကို သဲလွန်စ ရလာပြီ ဟုတ်လား'

တစ်ယောက်တစ်ပေါက် မေးကြ၏။

ကျင်းဖုံးက

'ဟုတ်တယ်၊ ဆရာယို့စွမ်းကော'

ဟန့်တားသူတစ်ယောက်က

'ရေတံခွန်အောက်က လိုဏ်ဂူထဲမှာ ရှိတာပေါ့၊ မင်းက'

သူ၏ စကား မဆုံးမီ

'ကောင်းပြီ၊ မင်းတို့ အနားယူကြပေတော့'

ကျင်းဖုံး လက်ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ဟန့်တားသူနှစ်ယောက်မှာ အငိုက်မိကာ

'အင့်'

'အွန့်'

မြေပေါ် ခွေခနဲ လဲကျသွားလေတော့သည်။

ကျင်းဖုံးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး နောက်ထပ် အစောင့်အကြပ် မတွေ့ရတော့မှ မဟာရေတံခွန်ရှိရာသို့ ဦးတည်ပြေးလွှားသွားလေသည်။

'ဝေါ ဝေါ ဝေါ ဝေါ'

ရေကျသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တောအုပ်ကို လွန်မြောက်ပြီးလျှင် ကျောက်တောင်ကြီးတစ်ခု ပေါ်မှ ရေတံခွန်တစ်ခု စီးကျနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျင်းဖုံး ခြေလှမ်းရပ်ကာ အကဲခတ် ကြည့်လိုက်သည်။

ရေတံခွန်အနီးတစ်ဝိုက်တွင် လူသူ ကင်းရှင်းနေပါ၏။

ရေတံခွန်မှ ရေကျသည် အောက်ဘက်ရောက်လျှင် ချောင်း



ကလေးတစ်ခုအဖြစ် စီးဆင်းသွားသည်။

ရေတံခွန်နောက်ဘက်၌ အမှောင်ထိုးကျနေသဖြင့် ဘာဆို ဘာမျှ မမြင်ရချေ။

ရေတံခွန်အောက်ဘက်၌ ယို့စွမ်းရှိနေသည်ဆိုလျှင် လူနေ ထိုင်နိုင်သည့် နေရာတစ်ခု ရှိနေပေမည်။

ကျင်းဖုံး တွေးတော စဉ်းစားနေစဉ်မှာပင် စကားပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး ရင်ထိတ်သွားပြီး ချောင်းနံဘေးရှိ ကျောက်တုံးကြီး တစ်တုံး နောက်ကွယ်သို့ ပြေးဝင်ကာ ပုန်းကွယ်နေလိုက်၏။

ကျောက်တုံးနောက်မှ နေပြီး ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်း တစ်နေရာမှ မီးရောင်များ ထွက်ပေါ် လာသည် ကို တွေ့မြင်ရသည်။

မီးတုတ်ကိုင်ထားသူတစ်စုသည် တောအုပ်ထဲမှ ထွက်လာပြီး ရေတံခွန်ရှိရာသို့ ဦးတည်လာနေကြ၏။

ကျင်းဖုံး အကဲခတ်ကြည့်လိုက်ရာ မီးတုတ်ကိုင်ထားသူများ မှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြ၏။

ခါး၌ ဓားကိုယ်စီ ချိတ်ဆွဲထားကြပြီး ရက်စက်ကြမ်းကြုတ် မည့်အသွင် ရှိနေကြပေသည်။

ရုရုပေါင်း တစ်ဆယ့်ငါးယောက်ခန့်ရှိပြီး လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့မြင်ရသည်။

'ဟင်'

အဖမ်းခံလိုက်ရသူကို မြင်သောအခါ ကျင်းဖုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဆင့်ဆင့်ပါလား'

မှန်ပေသည်။

အဖမ်းခံနေရသူမှာ ဆင့်ဆင့် ဖြစ်လေသည်။

ဆင့်ဆင့် မည်သို့ မည်ပုံ အဖမ်းခံရသည်ကို သူ မတွေးတတ်တော့ပါ။

'ငါ မှားသွားပြီ။ ငါနဲ့အတူ ခေါ်လာခဲ့ရင် ကောင်းသား၊ တစ်ယောက်တည်း ထားပစ်ခဲ့လို့ အဖမ်းခံလိုက်ရပြီ'

သူက စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

မီးတုတ်ကိုင်ဆောင်ထားသူများသည် ရေတံခွန်ကြီးဆီသို့ ဦးတည်လှမ်းသွားကြပြီး ရေတံခွန်အနီးသို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးကွေ့လိုက်၏။

လူနှစ်ယောက်က ရှေ့သို့ ခပ်သွက်သွက် လှမ်းသွားကြ၏။

ကျင်းဖုံး မျက်မှောင်ကြုတ်လိုက်၏။

'ရှေ့မှာ တောင်နံရံကြီး ခံနေတာပဲ၊ သူတို့ ဘယ်လိုလုပ်



ရှေ့ဆက် သွားကြမှာလဲ'

သူ တွေးတော စဉ်းစားနေစဉ်မှာပင် ရှေ့သို့ လှမ်းထွက်သွားသူ နှစ်ယောက်သည် တောင်နံရံနှင့် ကပ်လျက်ရှိသော ကျောက်တုံးကြီးတစ်တုံးအား ဖယ်ရှားပစ်လိုက်ကြသည်။

ကျောက်တုံးကြီး ဘေးသို့ ရွှေ့လျားသွားသောအခါ ကျောက်နံရံတွင် လိုဏ်ဂူပေါက်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ကျင်းဖုံး ကြည့်နေစဉ်မှာပင် မီးတုတ်ကိုင်ဆောင်ထားကြသူများသည် တစ်ယောက်ပြီးတစ်ယောက် ဝင်သွားသည်ကို တွေ့လိုက်ရလေ၏။

နောက်ဆုံး ကျန်ရစ်ခဲ့သူနှစ်ယောက်က ကျောက်တုံးကြီးကို ရွှေ့ကာ ဂူပေါက်ကို ပိတ်လိုက်ကြ၏။

ကျောက်တုံးကြီး ရွှေ့လျားသွားပြီး ဂူပေါက်ပိတ်သွားလျှင် ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

လူရိပ်လူယောင် လုံးဝ မတွေ့ရတော့ချေ။

မီးတုတ်ကိုင်ဆောင်ထားသူ လူစုမှာ ကျောက်ဂူထဲ ဝင်ရောက်ကွယ်ပျောက်သွားကြပြီ ဖြစ်ပါသည်။

ကျင်းဖုံး သက်ပြင်းချလိုက်၏။

ရန်သူ၏ လျှို့ဝှက်နေရာကို သိလိုက်ရပြီဖြစ်သော်လည်း သူ

ဝမ်းမသာနိုင်ချေ။

ဆင့်ဆင့်မှာ ရန်သူလက်တွင်းသို့ သက်ဆင်းသွားရပြီ မဟုတ်ပါလား။

ကျင်းဖုံးက **နောက်ထပ် ထူးခြားမှု** မတွေ့ရမှ ကပျာကယာ ခုန်ထွက်လိုက်သည်။

တစ်ဆက်တည်းပင်

'ငါ့အတွက် နောက်ဆုတ်စရာ လမ်းမရှိတော့ဘူး'

တွေးမိကာ ဂူပေါက်ပိတ်ဆို့ထားသော ကျောက်တုံးကြီးကို ဖယ်ရှားပစ်လိုက်သည်။

'ဂျိမ်း'

ကျယ်လောင်သောအသံနှင့်အတူ ဂူပေါက် ပွင့်သွား၏။

ကျင်းဖုံးက သတိကြီးစွာ ထားပြီး ဂူပေါက်ထဲ နားမျက်စိ ရှင်ရှင်ထား၍ ဝင်လိုက်သည်။

ကျောက်ဂူထဲ၌ လူသူ တစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

လိုဏ်ဂူလမ်းတစ်လျှောက်ဝယ် မီးတုတ်များ စိုက်ထူ ထွန်းညှိထားသည်။

ဂူလမ်းမှာ ကွေ့ကွေ့ကောက်ကောက်ရှိပြီး အတွင်းဘက်၌ တစ်စထက်တစ်စ ကျယ်ဝန်းလာသည်ကို တွေ့ရလေသည်။

လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရသဖြင့် ကျင်းဖုံး ဝမ်းသာသွားသည်။



ဂူအတွင်းဘက်သို့ ခပ်သွက်သွက် လျှောက်ဝင်သွားသည်။

ခြေလှမ်းငါးဆယ်ခန့် ဝင်မိသွားသောအခါ အရှေ့ဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကျင်းဖုံး ရင်ထိတ်သွားသည်။

ကပျာကယာ ပုန်းကွယ်စရာ နေရာ ရှာလိုက်ပါသော်လည်း ပုန်းစရာ မရှိပါချေ။

ထိုစဉ် လူတစ်ယောက် ထွက်လာသည်နှင့် ဘွားခနဲ ရင်ဆိုင်မိလေတော့သည်။

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားသည့် သိုင်းသမားတစ်ယောက်ဖြစ်သည်။

ကျင်းဖုံးကို မြင်လျှင်

'ဟေ့ မင်း ဘယ်သူလဲ'

မေးရင်း ဓားဆွဲထုတ်လိုက်သည်။

ကျင်းဖုံးက တုန့်ဆိုင်းမနေတော့ဘဲ ထိုလူထံ ခုန်ဝင်ကာ လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်လေသည်။

'ဒုတ်'

'အင့်'

ထိုလူမှာ မသဲမကွဲ ညည်းညူရင်း မြေပေါ် ခွေခနဲ လဲကျ

သွား၏။

ကျင်းဖုံးက ထိုလူအား ပွေ့ချီလိုက်ပြီး လိုဏ်ဂူအပြင်ဘက် ပြေးသွားကာ ချောင်းထဲ ပစ်ချလိုက်လေသည်။

'ဝုန်း'

ထိုလူမှာ ချောင်းရေထဲ မျောပါသွားလေတော့သည်။

ကျင်းဖုံးက လိုဏ်ဂူထဲ ခပ်သွက်သွက် ပြန်ဝင်လာခဲ့၏။

ဂူလမ်းတစ်လျှောက် လူရှင်းနေပါသည်။

အတန်ကြာ သွားမိသောအခါ ဂူအတွင်းပိုင်းမှာ ခန်းမတစ်ခု ပမာ ကျယ်ဝန်းနေသည်ကို တွေ့မြင်လိုက်ရသည်။

ဂူထဲဝယ် အဆောင်အဆောင် အခန်းခန်းဖြင့် နန်းတော်ကြီး တမျှ ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ထူးခြားဆန်းကြယ်သော လူသားတို့၏ ပြုပြင်မှုမျှပါတည်း။

ကျင်းဖုံး ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

ကျောက်ဂူထဲဝယ် ဤသို့ ကြီးကျယ်ခန်းနားစွာ ပြင်ဆင်မွမ်းမံထားမည်ဟု မထင်ခဲ့မိချေ။

ကျင်းဖုံး တအံ့တသြ ငေးကြည့်နေစဉ်မှာပင် မေးမြန်းသံ ပေါ်လာလေ၏။

'ဟေ့ မင်းက ဘယ်သူလဲ'

ကျင်းဖုံး လှည့်ကြည့်လိုက်သောအခါ အနက်ရောင်ဝတ်ဆင်



ထားသူ လူသုံးယောက် ပြေးလာနေသည်ကို တွေ့မြင်လိုက်ရသည်။

ကျင်းဖုံးက အချိန်ဆွဲမနေတော့ဘဲ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမလေး'

နူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူ လူသုံးယောက်မှာ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

ထိုစဉ်

'ဘာဖြစ်တာလဲဟေ့'

မေးမြန်းသံ ထွက်ပေါ်လာသည်။

လူတစ်စု ပြေးထွက်လာကြပြန်သည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ယို့စွမ်းဖြစ်လေသည်။

ယို့စွမ်းတို့ လူစုကို မြင်လျှင် ရင်ဆိုင်ရုံမှ လွဲပြီး အခြားနည်းလမ်းမရှိတော့သည်ကို နားလည်သဘောပေါက်မိသည်။

ယို့စွမ်းသည် ကျင်းဖုံးကို မြင်လျှင် ချက်ချင်း မှတ်မိသွား

လေသည်။

'လက်စသတ်တော့ မင်းကိုး'

'မင်းက လူထူးလူဆန်း ခုနစ်ယောက်ကို ဒုက္ခပေးခဲ့တာ ငါ မှတ်မိတယ်'

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားက ကျုပ်ကို ဒုက္ခပေးခဲ့တာလည်း ကျုပ် မှတ်မိတယ်ဗျ'

'ဟား ဟား ဟား'

ယို့စွမ်း သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းဖုံးက တောင်းဆိုလိုက်၏။

'ခင်ဗျား ဖမ်းထားတဲ့ သခင်မလေး ဆင့်ဆင့်ကို လွှတ်ပေးပါ'

ယို့စွမ်းက အရေးမစိုက်ဘဲ

'နေစမ်းပါဦး၊ မင်းအပေါ်မှာ ငါ့ရဲ့ ကျေးဇူးရှိနေတယ်ဆိုတာ မင်း မေ့နေပြီလား'

'ဘာဗျ'

'စာပေသမားရဲ့ အဆိပ်အပ်ကြောင့် မင်း ဒုက္ခရောက်ခဲ့တုန်းက ငါ ကယ်တင်ခဲ့တာကို မင်း မေ့သွားပြီလား'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျားက ကျုပ်ကို ကယ်တင်ခဲ့တယ်ဆိုပြီး ကျေးဇူးတင်



ခံချင်နေတာကိုး မှားပြီ။ ခင်ဗျား ကယ်ခဲ့ကာ မဟုတ်ဘူးဆိုတာ၊ ရှမ်းချို ပြောလို့ သိပြီးပြီ'

'ဘာ'

ယို့စွမ်း မျက်နှာပျက်သွားသည်။

ကျင်းဖုံးက မျက်နှာထားတင်းတင်းဖြင့် ပြောသည်။

'ဆင့်ဆင့်ကို လွှတ်လိုက်ပါ'

ယို့စွမ်း အံကြိတ်လိုက်သည်။

'ဆင့်ဆင့်ကို ဖမ်းမိဖို့ ဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာ မင်း သိမှာမဟုတ်ဘူး၊ မမျှော်လင့်ဘဲ ဖမ်းမိတော့ နေမင်းသူရိန်ကျင့်စဉ်က ငါတို့လက်ထဲ ရောက်လာရတာပေါ့ကွာ'

ကျင်းဖုံးက

'နေမင်းသူရိန် ကျင့်စဉ် ပျက်စီးသွားပြီဗျ'

'ဟား ဟား ဟား'

'မင်း တော်တော် ညံ့သးတာပဲ။ ဒီလောက်တန်ဖိုးရှိတဲ့ သိုင်းကျမ်းကို နယ်စားကြီးက ဖျက်ဆီးပစ်ပါ့မလား၊ တစ်နည်းနည်းနဲ့တော့ သူ့သမီးကို ပေးခဲ့မှာပဲ'

ကျင်းဖုံး ရင်ထိတ်သွားသည်။

သူက ယို့စွမ်းအား စေ့စေ့ကြည့်လိုက်ပြီး

'ဆင့်ဆင့်ကို လွှတ်မပေးရင် ခင်ဗျားကို ကျုပ် သတ်ရမှာပဲ'

ယို့စွမ်း ပြုံးလိုက်သည်။

'မင်းသိုင်းပညာ မခေမှုန်း ငါသိပါတယ်၊ ဒါပေမယ့် ငါက မင်းကို မကြောက်ဘူးကွ'

'ကောင်းပြီ သတိထားပေတော့'

ကျင်းဖုံးက အော်ငေါက်ရင်း ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

ယို့စွမ်းက

'တိုက်ကြစမ်း'

သူ၏ လူများကို အမိန့်ပေးလိုက်သည်။

သူ၏ တပည့်များသည် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ကျင်းဖုံးအား ဆီးကြို တိုက်ခိုက်လိုက်ကြလေတော့သည်။

✳ ✳ ✳

# အခန်း (၂၃)
## မရဏာတေးနှင့် တွေ့ဆုံခြင်း

တိုက်ပွဲမှာ ပြင်းထန်လှသည်။

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ယို့စွမ်း၏ တပည့်များသည် ကျင်းဖုံးအား မယှဉ်နိုင်ကြဘဲ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြလေတော့သည်။

ယို့စွမ်း ဒေါပွသွားသည်။

'ခွေးကောင် သေဖို့သာ ပြင်ထား'

အော်ငေါက်ရင်း သူကိုယ်တိုင် ကျင်းဖုံးထံ ပြေးဝင် တိုက်ခိုက်လိုက်လေ၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယို့စွမ်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

'ဆင့်ဆင့် ဘယ်မှာလဲ'

ကျင်းဖုံးက အေးစက်သော လေသံဖြင့် မေးလိုက်၏။

ယို့စွမ်း နှာခေါင်းရှုံ့လိုက်၏။

'မင်း တွေ့ချင်တိုင်း တွေ့လို့ရမလား'

ဒေါသတကြီး အော်ပြောရင်း ဒုတိယအကြိမ် တိုက်ခိုက်လာပြန်သည်။

ကျင်းဖုံးကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ် ယို့စွမ်း၏ တိုက်ခိုက်မှုကို လစ်ခနဲ ရှောင်ကာ ယို့စွမ်း၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်လေသည်။

'လွှတ်စမ်း'

ယို့စွမ်းက အော်ငေါက်ရင်း လွတ်နေသည့် ကျန်လက်တစ်



ဖက်ဖြင့် ကျင်းဖုံးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ကျင်းဖုံးက ယို့စွမ်း၏ လက်ကို ဖျစ်ညှစ်လိုက်လျှင်

'အမလေး'

ပြင်းထန်သော နာကျင်မှုကြောင့် ယို့စွမ်း လွှတ်ခနဲ အော်လိုက်သည်။

သူသည် ထပ်မံ တိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။

'ဆင့်ဆင့် ဘယ်မှာလဲ'

ကျင်းဖုံးက မေးလိုက်ပြန်သည်။

ဖျစ်ညှစ်ဆုပ်ကိုင်ထားလေရာ လက်ကောက်ဝတ်မှ အရိုးများပင် ကျိုးကြေသွားပြီဟု ယို့စွမ်း ခံစားနေရ၏။

သူ၏ မျက်ဝန်းအစုံဝယ် မျက်ရည်များ ရစ်ဝဲလာသည်။

'သူ သူ ရှိတယ်'

ကပျာကယာ ပြောလိုက်လေသည်။

သူက အလျှော့ပေးလိုက်ပြီဖြစ်ကြောင်း ကျင်းဖုံး ရိပ်မိလိုက်လေသည်။

'ဆင့်ဆင့်ကို ခေါ်လိုက်ခိုင်းပါ'

ယို့စွမ်း ခေါင်းခါယမ်းလိုက်၏။

'သူ့ကို ခေါ်လာဖို့ ကျုပ် အမိန့်မပေးနိုင်ဘူး'

'ခင်ဗျား သေချင်ပြီ ထင်တယ်'

'ကျုပ် ကျုပ် ခေါ်ခွင့်မရှိလို့ပါ'

ကျင်းဖုံးက အားစိုက်ဖျစ်ညှစ်လိုက်ရာ ယို့စွမ်း၏ လက်ကောက်ဝတ်အရိုးများကျိုးသွားလေတော့သည်။

'အား'

ယို့စွမ်း အော်ဟစ်လိုက်သည်။

ကျင်းဖုံး ပြုံးလိုက်၏။

သူ၏ အပြုံးမှာ ရေခဲတမျှ အေးစက်လှပေသည်။

'ခင်ဗျား ကတ်တီးကတ်ဖဲ့ လုပ်နေမယ်ဆိုရင် အခုထက် ပိုနာမယ်'

ယို့စွမ်းက

'ကျုပ် ကျုပ် တကယ် ခေါ်ခွင့်မရှိလို့ပါဗျာ'

'ဘာပြောတယ်'

'သူ သူက မရဏာစားရှင်လက်ထဲ ရောက်သွားပြီ'

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

'မရဏာစားရှင် ဟုတ်လား'

'ဟုတ်ပါတယ်'

ကျင်းဖုံး တွေဝေသွား၏။

သိုင်းလောကတွင် မရဏာစားရှင်ဆိုသူတစ်ယောက် သောင်းကျန်းနေကြောင်း ကြားသိခဲ့ရသည်။



ကျင်းဖုံးက ယို့စွမ်းအား စိုက်ကြည့်လိုက်ပြီး မေးလိုက်၏။

'မရဏာစားရှင် ဘယ်မှာလဲ'

ယို့စွမ်းက

'သူ သူ သူ'

သူ၏စကား မဆုံးမီပင် အသံတစ်သံ ကြားလိုက်ရလေ၏။

'မရဏာစားရှင်ဆိုတာ ကျုပ်ပါပဲဗျာ'

ကျင်းဖုံး လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားပြီး ကြောက်မက်ဖွယ်ရာ ကောင်းသည့် မျက်နှာဖုံး တပ်ဆင်ထားသူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူသည် သိုင်းလောကတွင် မကောင်းသည့်ဘက်မှ နာမည်ကြီးနေသည့် မရဏာစားရှင်ဆိုသူ ဖြစ်သည်။

မရဏာစားရှင် ရောက်လာသည်ကို တွေ့ရလျှင်

'သခင်ကြီးကို ဂါရဝပြုပါတယ်'

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် ချက်ချင်း ဒူးထောက်ကာ ဂါရဝပြုလိုက်ကြ၏။

ကျင်းဖုံးက ယို့စွမ်းအား ဆောင့်တွန်းပစ်လိုက်သည်။

ယို့စွမ်း ကြမ်းပြင်ပေါ် လဲကျသွား၏။

သို့သော် သူက နာကျင် မှုကို ဂရုမစိုက်အားဘဲ လူးလိမ့်ထ

ကာ မရဏာဓားရှင်ထံ ပြေးသွားလေ၏။

မရဏာဓားရှင်က ဝေါက်ငမ်းလိုက်၏။

'မင်းက သူ့ကိုတောင် မနိုင်ဘူးလား'

ကျင်းဖုံးက

'ဟုတ်တယ်၊ ခင်ဗျားက ဆင့်ဆင့်ကို ဖမ်းထားတယ်ဆိုရင် အခုချက်ချင်း လွှတ်ပေးလိုက်ပါ'

မရဏာဓားရှင် ရယ်မောလိုက်၏။

'ဒါလွယ်ပါတယ်၊ မင်းက သူ့ကို လိုချင်ရင် ငါ့ကို နိုင်အောင် တိုက်ပေါ့'

'ကောင်းပြီ'

စကားဆုံးသည်နှင့် ကျင်းဖုံးက မရဏာဓားရှင်ထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

မရဏာဓားရှင်ကလည်း ပြန်လည်တိုက်ခိုက်သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်

'ဝုန်း'

အသံတစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်သား ပြိုင်တူ ဆုတ်လိုက်ရသည်။

သူတို့တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ကျင်းဖုံး သိုင်းပညာ မခေကြောင်း မရဏာဓားရှင် ရိပ်မိသွား



သလို မရဏာဓားရှင် သိုင်းပညာ မခေသည်ကို ကျင်းဖုံး နားလည်သွား၏။

မရဏာဓားရှင်က မေးလာလေ၏။

'မင်း ဘယ်သူလဲ'

ကျင်းဖုံးက

'ကျုပ် နာမည် ကျင်းဖုံးဆိုတာ ခင်ဗျား သိပြီးသားပါဗျာ၊ ကျုပ်က ခင်ဗျားလို လူမြင်မခံဝံ့လို့ မျက်နှာဖုံး စွပ်ထားစရာ မလိုပါဘူး'

'တောက် မင်းဆရာ ဘယ်သူလဲ ပြောစမ်း'

'ခင်ဗျားမေးတိုင်း ပြောရမှာလား'

'မင်း မင်း'

မရဏာဓားရှင် ဒေါပွသွားသည်။

ချက်ချင်းပင် ကျင်းဖုံးထံ ခုန်ဝင်တိုက်ခိုက်လိုက်ပြန်သည်။

ကျင်းဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝုန်း'

နှစ်ယောက်သားနောက်သို့ ပြိုင်တူ ဆုတ်လိုက်ရပြန်သည်။

ယခုတစ်ကြိမ်တွင်

မရဏာဓားရှင်သာမက ကျင်းဖုံးလည်း အံ့သြသွားရလေသည်။

'ဘယ်လိုဖြစ်ကာလဲ၊ သူ့ရဲ့ သိုင်းကွက်ကို ငါသိနေသလိုပါ
လား'

စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

မှန်ပေသည်။

မရဏာဓားရှင် အသုံးပြုလိုက်သည့် သိုင်းကွက်မှာ သူနှင့်
ရင်းနှီးနေသည်။

သူ တတ်မြောက်ထားသည့် သိုင်းကွက်များထဲမှ သိုင်းကွက်
တစ်ကွက်နှင့် ခပ်ဆင်ဆင် တူနေသည်ဟု သတိပြုမိသည်။

မရဏာဓားရှင်က

'မင်းရဲ့ ဆရာ ဘယ်သူလဲ ပြောစမ်း'

မေးလာပြန်သည်။

အသံ၏လေသံ တုန်တုန်ယင်ယင် ဖြစ်လာသည်။

ကျင်းဖုံးက

'ခင်ဗျား ဆရာကော ဘယ်သူလဲ'

ကျင်းဖုံးက အချိန်ဆိုက်လာ ပြန်မေးလိုက်သည်။

မရဏာဓားရှင် တော်တော်နှင့်ပြိုက်သွားလေ၏။

ရုတ်တရက်ခြေဆောင့်လိုက်ပြီး မေးလိုက်သည်။

'မင်းဟာ နေမင်းသူရိန်ကျင့်စဉ်ကို တတ်မြောက်ထားတယ်
မဟုတ်လား'



ကျင်းဖုံး မျက်လုံးပြူးသွားသည်။

'နေမင်းသူရိန်ကျင့်စဉ် ဟုတ်လား'

သူ့အား နေမင်းသူရိန်ကျင့်စဉ် တတ်မြောက်ထားသည်ဟု
ပြောဆိုလာသည်။

တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်လာနေသည်။

သူတတ်မြောက်ထားသည့် သိုင်းပညာမှာ အမှန်တကယ်ပင်
နေမင်းသူရိန်ကျင့်စဉ် ဖြစ်နေသည်လော။

ကျင်းဖုံး တွေးတောစဉ်းစားနေစဉ်မှာပင်

'ဘယ်သူမှ မရှိကြဘူးလား'

အပြင်ဘက်မှ စကားသံ ထွက်ပေါ်လာသည်။

ခြေသံများလည်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေသည်။

သူတို့အားလုံး လှမ်းကြည့်လိုက်ကြသည်။

ယင်းအခါ လူသုံးယောက် လှမ်းဝင်လာနေကြသည်ကို တွေ့မြင်
လိုက်ရ၏။

ထိုလူသုံးယောက်ကို မြင်လျှင် ယို့စွမ်း၏ မျက်နှာပြုံးရွှင်
သွားလေသည်။

မရဏာဓားရှင်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'မိစ္ဆာတောင်က မိတ်ဆွေကြီးကိုး ကြွပါဗျာ ကြွပါ'

သူက ဖိတ်ခေါ်လိုက်သည်။

ကျင်းဖုံးက ထိုလူသုံးယောက်အနက် နှစ်ယောက်ကို ချက်ချင်း မှတ်မိလိုက်သည်။

ထိုလူနှစ်ယောက်မှာ ရွှေအလံဂေဟာ၌ တွေ့ခဲ့ရသည့် မောက်ပါနှင့် ကျီစုတို့ ဖြစ်ကြသည်။

မောက်ပါနှင့် ကျီစုတို့သည် စမ်းယုအား မယှဉ်နိုင်ဘဲ ထွက်ပြေးသွားခဲ့ကြသူများ ဖြစ်သည်။

သူတို့သည် ရွှေအလံဂေဟာအပေါ် မကျေနပ်သဖြင့် ဆရာဖြစ်သူကို ပြန်ခေါ်လာပြီး လက်စားချေမည်ဟု ကြုံးဝါးခဲ့ကြသည်။

မောက်ပါ၊ ကျီစုနှင့်အတူ လိုက်လာသူမှာ အဘိုးအိုတစ်ယောက်ဖြစ်သည်။

အသားမည်းကျုံ့ကျုံ့ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး လွန်စွာမှပင် အရုပ်ဆိုး အကျည်းတန်သူတစ်ယောက်ဖြစ်သည်။

ထိုလူ၏ မျက်လုံးများသည် ကောက်ကျစ်စဉ်းလဲမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ ဖြစ်ပေါ်နေသည်ဟု ကျင်းဖုံးတွေ့နေရသည်။

ထိုအဘိုးအိုကိုမြင်လျှင် မရဏာဓားရှင်က

'ဘယ်သူများလည်းမှတ်တယ်၊ မိစ္ဆာတောင်က မိတ်ဆွေကြီး စီးတုံးကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ အလည်သက်သက်လာခဲ့တာပဲလားဗျ'



စီးတုံးဟု အမည်ရသည့် အဘိုးအို သဘောကျစွာ ရယ်မောလိုက်၏။

'ကျုပ်က တပည့်တွေကို စော်ကားတဲ့ ရွှေအလံဂေဟာကို ဆုံးမဖို့ လာခဲ့တာဗျ။ လမ်းကြုံလို့ ဒီကို ဝင်လာခဲ့တာပဲ'

မရဏာဓားရှင်က ဤစကားကို မယုံကြည်နိုင်ချေ။

နေမင်းသူရိန်ကျင့်စဉ်ကို သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေကြသည်။

စီးတုံးသည်လည်း လိုချင်မက်မောနေလိမ့်မည်။

မရဏာဓားရှင် ရယ်မောလိုက်သည်။

'ရွှေအလံဂေဟာ ပိုင်ရှင် ချန်းစန်းဟာ မိတ်ဆွေကြီးကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူးဗျာ'

စီးတုံး ကျေနပ်သွားသည်။

'ဟဲ ဟဲ ဟဲ ကျုပ်က ချန်းစန်းကို ဂရုမစိုက်ပါဘူး။ ကောက်ကျင်းနယ်စားကြီးရဲ့ နေမင်းသူရိန်ကျင့်စဉ်ကြောင့်သာ သိုင်းလောကထဲ အမြန်ဆုံး ဆင်းလာတာဗျ'

မရဏာဓားရှင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ နေမင်းသူရိန်ကျင့်စဉ်ကို လိုချင်သူတစ်ယောက် တိုးလာသည်မှာ သူ့အတွက် ရန်သူတစ်ယောက် တိုးလာသည်နှင့် အတူတူပင် ဖြစ်သည်။

ထိုစဉ် အခြေအနေကို စောင့်ကြည့်နေသည့် ယို့စွမ်းက ပြော လိုက်၏။

'ဆရာကြီး စီးတုံးခင်ဗျာ၊ နေမင်းသူရိန်ကျင့်စဉ်အကြောင်း သူသိထားပါတယ်၊ ကျုပ်ဆရာက သူ့ကို မေးမြန်းစစ်ဆေးကြည့်ဖို့ စီစဉ်နေပါတယ်ဗျာ'

စီးတုံးနှင့် ကျင်းဖုံးအား ရန်ဝိုက်ပေးလိုက်ခြင်းဖြစ်ပါသည်။

စီးတုံးသည် ကျင်းဖုံးကို ချက်ချင်း လှည့်ကြည့်လာသည်။

ကျင်းဖုံးမှာ အဖြစ်မှန်ကို ရှင်းပြနိုင်သော်လည်း စီးတုံးကို သဘောမကျသဖြင့် ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

စီးတုံးက မေးလိုက်လေ၏။

'နေမင်းသူရိန်ကျင့်စဉ် ဘယ်မှာလဲ'

ကျင်းဖုံးက ဘာမှ မပြောဘဲ စီးတုံးကို စိုက်ကြည့်နေသည်။

စီးတုံး မျက်မှောင်ကြုတ်သွား၏။

ကျင်းဖုံး၏ ထီမထင်သည့် ပုံသဏ္ဌာန်ကြောင့် ခဲ့မလိုစိတ်များ ဖြစ်ပေါ်လာသည်။

'မင်းကို ကြည့်ရတာ သိုင်းလောကအကြောင်း ဘာမှ မသိသေးဘူးထင်တယ်။ ငါ ဘယ်သူလဲဆိုတာ မင်းသိသလား'

သူက ခပ်ထန်ထန် မေးလိုက်သည်။

ကျင်းဖုံး ဘာမှ မပြောဘဲ နေလိုက်သည်။



စီးတုံး ပို၍ မကျေမနပ်ဖြစ်သွားလေ၏။

'မင်းက ခေါင်းမာတယ်ထင်တယ်။ ဘယ်လောက်ခေါင်းမာသလဲ စမ်းကြည့်ရအောင်'

ပြောပြောဆိုဆို ကျင်းဖုံးအနီးသို့ ကပ်လာသည်။

ကျင်းဖုံးက မလှုပ်မယှက် ရပ်လျက် စိုက်ကြည့်နေ၏။

စီးတုံးသည် ကျင်းဖုံးအနီးသို့ ရောက်သည်နှင့် အမိန့်ပေး၏။

'ဒူးထောက်လိုက်စမ်း'

ကျင်းဖုံး၏ ပခုံးကို လက်ဝါးဖြင့် ဖိချလိုက်သည်။

အတွင်းအားကို အသုံးပြုလိုက်ခြင်းကြောင့် ပိဿာ အချိန်ရာချီပြီး လေးလံသည့် အလေးအပင်ကြီး ဖိချလိုက်သကဲ့သို့ ရှိနေ၏။

ကျင်းဖုံးမှာ ဖိအားကို မခံနိုင်ဘဲ ဒူးညွှတ်ကျသွားမည်ဟု ထင်ရပေသည်။

သို့သော် အများထင်သလို ဖြစ်မလာချေ။

ကျင်းဖုံးသည် လက်တစ်ဖက် ဆန့်ထုတ်ကာ လက်ညှိုးဖြင့် စီးတုံး၏ လက်ဝါးပြင်ကို တောက်ချလိုက်၏။

'ဟင်'

စီးတုံး ရင်ထိတ်သွား၏။

လက်ဝါးကို ကမူးကမယာရုတ်သိမ်းလိုက်လေသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး

'မင်း မင်း အသုံးပြုလိုက်တဲ့ သိုင်းကွက်ဟာ ပင်လယ်ပြင်က အပ်ကလေးဆိုတဲ့ သိုင်းကွက် မဟုတ်လား'

ကျင်းဖုံး ဘာမှ မပြောချေ။

စီးတုံးကိုသာ ခပ်စိမ်းစိမ်း ကြည့်နေသည်။

စီးတုံး ဒေါသထွက်လာသည်။

ကျင်းဖုံးအား ထပ်မံ တိုက်ခိုက်ရန်လည်း မဝံ့မရဲဖြစ်နေ၏။

ယို့စွမ်းက အော်ပြောလိုက်သည်။

'သူဟာ နေမင်းသူရိန်သိုင်းကျမ်းကို ရထားတာ အမှန်ပဲဗျ'

စီးတုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

မရဏာဓားရှင်က ဝင်ပြောလာ၏။

'နေမင်းသူရိန်ကျင့်စဉ်ကို သူ့ဆီမှာ မရရအောင် ယူရမှာပဲ'

သူတို့၏ စကားများကြောင့် စီးတုံးမှာ ကျင်းဖုံးနှင့် ရင်မဆိုင်၍ မဖြစ်တော့ချေ။

ကျင်းဖုံးကို စိုက်ကြည့်ရင်း မေးလိုက်သည်။

'နေမင်းသူရိန်ကျင့်စဉ်ကို ပေးမလား မပေးဘူးလား ပြောစမ်း'

ကျင်းဖုံးက မလှုပ်မယှက် ရပ်နေဆဲ။

စကားတစ်လုံးမျှ ပြန်မပြောဘဲ စီးတုံးကို စိုက်ကြည့်နေသည်။

စီးတုံးက

'ကောင်းပြီ မင်းကပဲ မှုမ်နိုင်မလား။ ငါကပဲ တိုက်ခိုက်နိုင်



မလား ကြည့်ကြသေးတာပေါ့'

စကားဆုံးသည်နှင့် ကျင်းဖုံးထံ ခုန်ဝင် တိုက်ခိုက်လိုက်သည်။

လက်ဝါးတစ်ချက်ဖြင့် ဦးခေါင်းကို ရိုက်ချလိုက်ပြီး ကျန်လက်တစ်ဖက်ကို စွန်ကုပ်လက်သည်းပုံသဏ္ဌာန်ဖြင့် ကျင်းဖုံး၏ ရင်ဝကို ကုတ်ဆွဲလိုက်သည်။

သူ၏ သိုင်းကွက်မှာ တစ္ဆေလက်ဝါးနှင့် အသက်ခြွေလက်ချောင်းသိုင်းကွက်နှစ်ကွက်ကို တစ်ပြိုင်နက် အသုံးပြုလိုက်ခြင်းဖြစ်သည်။

ကျင်းဖုံးလည်း ချက်ချင်း တုံ့ပြန် တိုက်ခိုက်လိုက်၏။

ဝဲဘက်ခြေထောက်ကို နောက်သို့ တစ်လှမ်းဆုတ်ပြီး ခန္ဓာကိုယ် ဘေးတိုက်အနေအထားဖြင့် ရှေ့သို့ ဆိုက်ချလိုက်သည်။

လက်နှစ်ဖက်ကို ခပ်ဆတ်ဆတ်လေး အောက်မှ အပေါ်သို့ ပင့်ကာ ရိုက်ထုတ်လိုက်သည်။

'ဖြန်း'

အသံတစ်ချက် ထွက်ပေါ်လာသည်။

စီးတုံး၏ လက်များ နာကျင်သွားသည်။

သူ၏ တိုက်ကွက်မှာ ထိရောက်မှုမရှိတော့သည့်အပြင် ကျင်းဖုံး၏ တုံ့ပြန်တိုက်ခိုက်မှု ခံရမည်ကို ရိပ်မိသဖြင့် ကပျာကယာ နောက်ဆုတ်လိုက်၏။

ကျင်းဖုံးကို မျက်လုံးပြူး၍ ကြည့်ရင်း မေးလိုက်၏။

'မင်း မင်း အသုံးပြုတာဟာ ကြာပွတ်တစ်ချက်စွေ့ သိုင်းကွက် မဟုတ်လား'

ကျင်းဖုံးက ဘာမှမပြောဘဲ နေလိုက်၏။

စီးတုံး ခံပြင်းသွား၏။

သို့သော် ကျင်းဖုံးအား အနိုင်ယူဖို့ မလွယ်သည်ကို ရိပ်မိလျှင် မရဏာဓားရှင်ဘက်လှည့်ကာ

'သူဟာ နေမင်းသူရိန်ကျင့်စဉ်ကို တတ်မြောက်ထားတာ အမှန်ပဲဗျ၊ ကျုပ်မှာ သွားစရာလေးတွေ ရှိနေသေးလို့ နောက်မှပဲ ဆုံးတော့မယ်၊ ခင်ဗျားပဲ သူ့ကို တာဝန်ယူလိုက်ပါ'

သူသည် ပြောပြောဆိုဆို မောက်ပါနှင့် ကျိုစုတို့ဘက် လှည့်ကာ ပြောလိုက်၏။

'သွားစို့'

ထို့နောက် သူတို့ သုံးယောက် ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

စီးတုံးတို့ ထွက်သွားကြလေပြီ။

ကျင်းဖုံးနှင့် ရင်ဆိုင်ရာတွင် အခြေမလှသဖြင့် ထွက်သွားခြင်းဖြစ်ကြောင်း သိနိုင်သည်။



မရဏာဓားရှင် သက်ပြင်းချလိုက်သည်။

စီးတုံးနှင့် သီးခြားမီးသည်မှာ ကြာမြင့်လှသည် မဟုတ်သေးပါ။

လွန်ခဲ့သည့် တစ်နှစ်ခန့်ကမှ မိန္တားတောင်ဘက်သို့ ရောက်သွားရင်း တွေ့ဆုံ သိကျွမ်းခဲ့ရခြင်း ဖြစ်သည်။

စီးတုံးသည် အနက်ရောင်သိုင်းသမားတစ်ယောက်ဖြစ်၍လည်း သူတို့နှစ်ယောက် မိတ်ဆွေဖွဲ့၍ ညှိနှိုင်းခြင်း ဖြစ်ပေသည်။

မရဏာဓားရှင်သည် အနက်ရောင်သိုင်းသမားများနှင့် မိတ်ဖွဲ့ပြီး သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်နေသည် မဟုတ်ပါလား။

နေမင်းသူရိန်ကျင့်စဉ်ကို ရမည်ဆိုလျှင် သူ၏ အကြံအစည် အောင်မြင်သွားမည်မှာ သေချာလှပေတော့သည်။

စီးတုံးတို့ ထွက်သွားသည်နှင့် ကျင်းဖုံးအား ဆုံးမရမည့် တာဝန်မှာ သူ၏ ပခုံးပေါ် ကျရောက်လာပြီဖြစ်ကြောင်း မရဏာဓားရှင် သဘောပေါက်မိသည်။

ကျင်းဖုံးကို စိုက်ကြည့်ရင်း ပြောလိုက်၏။

'မင်းဆရာဟာ သွေးဓားဆိုတာ ငါသိပြီ'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ကျင်းဖုံး မျက်နှာပျက်သွားသည်။

မရဏာဓားရှင်ကို မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း

'ခင် ခင်ဗျား'

စကားထစ်ငေါ့ငေါ့ ဖြစ်နေ၏။

မရဏာဓားရှင်က အားပါးတရ ပြောလေတော့၏။

'အစ်ကိုကြီးရှဲ့ ဘယ်မှာလဲ၊ ငါက သူ့ကို သိပ်ပြီး တွေ့ချင်နေတာကွ။ တို့နှစ်ယောက်သာ ပူးပေါင်းလိုက်မယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ငါတို့ ခြေဖဝါးအောက်ကို ရောက်လာရမှာပဲ'

ကျင်းဖုံး နားမလည်နိုင်အောင်ဖြစ်သွား၏။

တစ်ချိန်က သိုင်းလောက၌ သွေးဓားဆိုသူတစ်ယောက် ပေါ်ပေါက်လာပြီး မွှေနှောက် ဖျက်ဆီးခဲ့လေသည်။

သိုင်းလောကသားများ မခံနိုင်သည့်အဆုံး စုပေါင်းရင်ဆိုင်ခဲ့ကြ၏။

သိုင်းရာဇာ ဝမ်းဟန်သည် သွေးဓားကို အနိုင်ယူခဲ့သည်။

သွေးဓားမှာ အရေးနိမ့်ကာ ထွက်ပြေးသွားပြီး သိုင်းလောကထဲမှ ကွယ်ပျောက်သွားခဲ့သည်။

သိုင်းလောကအား မွှေနှောက်ခဲ့သည့် သွေးဓားသည် သူ့အား သိုင်းပညာ သင်ပေးခဲ့သည့် ရှဲ့တောင်းပင် ဖြစ်ကြောင်း ကျင်းဖုံး နားလည်ထားပြီးဖြစ်သည်။

သွေးဓား(ဝါ)ရှဲ့တောင်း သိုင်းလောကမှ ကွယ်ပျောက်ပြီးသည့်နောက်ပိုင်းတွင် မရဏာဓားရှင်ဆိုသူတစ်ယောက် ပေါ်ပေါက်လာကာ သိုင်းလောကကို ဒုက္ခပေးလာခဲ့ပြန်သည်။



ယခု မရဏာဓားရှင်နှင့် ရင်ဆိုင်တွေ့နေရလေပြီဖြစ်လေသည်။

မရဏာဓားရှင်သည် သွေးဓားအမည်ခံ ရှဲ့တောင်းအား အဘယ်ကြောင့် သိနေရပါသနည်း။

ရှဲ့တောင်းအား အစ်ကိုကြီးရှဲ့ဟု ခေါ်လိုက်ခြင်းကြောင့် သူတို့နှစ်ယောက်၏ ရင်းနှီးမှု အတိုင်းအတာကို ခန့်မှန်းနိုင်သည်။

ကျင်းဖုံး တအံ့တဩ တွေးတောစဉ်းစားနေစဉ်မှာပင် မရဏာဓားရှင်က

'အစ်ကိုကြီးရှဲ့ ဘယ်မှာလဲ။ မင်းရဲ့ ဆရာဟာ အစ်ကိုကြီးရှဲ့ မဟုတ်လား'

ကျင်းဖုံးမှာ အံ့ဩမှုကို မထိန်းချုပ်နိုင်တော့ဘဲ

'ခင်ဗျားက ဦးလေးရှဲ့ကို သိနေတယ် ဟုတ်လား'

မရဏာဓားရှင် ခေါင်းညိတ်လိုက်၏။

'သိတာပေါ့ကွာ၊ သိရုံတင် ဘယ်ကမလဲ၊ တို့နှစ်ယောက်ဟာ ပညာသင်ဘက် ညီအစ်ကိုတွေ ဖြစ်ခဲ့ကြတာပေါ့'

ကျင်းဖုံး ငိုင်ကျသွားသည်။

ရှဲ့တောင်း၏ ပညာသင်ဘက် ညီအစ်ကိုတစ်ယောက်နှင့် ရင်ဆိုင်ဖို့ မသင့်ဟု တွေးမိသည်။

ထူးခြားသည်မှာ မရဏာဓားရှင်က ရှဲ့တောင်း၏ အကြောင်းကို ပြောသော်လည်း ရှဲ့တောင်းကမူ သူ၏ နောက်ကြောင်းရာဇဝင်ကို

တစ်လုံးတစ်ပါဒမျှ ပြောပြခဲ့ခြင်း မရှိပါချေ။

ရှဲတောင်းသည် အတိတ်မရှိသည့် လူတစ်ယောက် ဖြစ်ခဲ့ရသည်။

မရဏာဓားရှင် ပြောလာမှ ရှဲတောင်း၏ နောက်ကြောင်းကို တစ်စွန်းတစ်စ သိလာခဲ့ရသည်ဖြစ်ပေတော့သည်။

မရဏာဓားရှင်က မာန်ပါပါ ပြောလေ၏။

'အစ်ကိုရှဲ ဘယ်မှာလဲ၊ ငါသိချင်တယ်။ သူနဲ့ငါ လက်တွဲချင်တယ်။ သိုင်းရာဇဝင်မှာ ဒီဟာန်ကို ငါကိုယ်တိုင် သုတ်သင်ပစ်မယ်'

ကျွင်းဖုံးက ဘာမှမပြောဘဲ မရဏာဓားရှင်ကိုသာ စိုက်ကြည့်နေ၏။

မရဏာဓားရှင်က

'မင်းကို ငါက လိမ်ပြောနေတယ်လို့ မင်းထင်သလား'

ကျွင်းဖုံး ပါးစပ်ပိတ်ထား၏။

မရဏာဓားရှင်က

'ကောင်းပြီ ငါနဲ့ အစ်ကိုကြီးရှဲတို့ ဘယ်လို ပတ်သက်ခဲ့သလဲ ဆိုတာ ငါပြောပြမယ်'

ကျွင်းဖုံးသည် ရှဲတောင်း၏ တပည့်ဆိုလျှင် သူ့ဘက်ပါလာအောင် စွဲဆောင်စည်းရုံးနိုင်မည်ဟု ယူဆထား၏။

နီးတိုးနှင့် ရင်ဆိုင်ခဲ့သည်ကို ကြည့်ရင်း ကျွင်းဖုံး၏ သိုင်း



ပညာ မခေမှန်း ရိပ်မိသည်။

ကျွင်းဖုံးကိုသာ စည်းရုံးသိမ်းသွင်းနိုင်မည်ဆိုလျှင် သိုင်းလောကအား ဖျက်ဆီးပစ်ရန် သူ၏ အကြံအစည် ပို၍ အောင်မြင်နိုင်လိမ့်မည်ဖြစ်သည်။

ကျွင်းဖုံးကို တစ်ချက်ကြည့်ကာ

'မင်းရဲ့ဆရာနဲ့ ငါ ဘယ်လို ပတ်သက်ခဲ့သလဲဆိုတာ မင်းသိချင်တယ်ဆိုရင် သေသေချာချာ နားထောင်၊ ငါပြောပြမယ်။ ငါတို့ နှစ်ယောက်ဟာ မိဘမဲ့ တစ်ကောင်ကြွက်တွေပေါ့။ လမ်းပေါ်မှာ ခြေသလုံးအိမ်တိုင်လျှောက်သွားနေခဲ့ကြရတယ်၊ ငတ်တစ်လှည့် ပြတ်တစ်လှည့် ဆင်းရဲဒုက္ခခံခဲ့ရတယ်။ ခါးသီးတဲ့ ဘဝဆိုးကို အရွယ်နှင့်မလိုက်အောင် ကြိတ်မှိတ်ခံစားခဲ့ရပြီးမှ လူတစ်ယောက်က ကရုဏာသက်ပြီး ကယ်တင်တာ ခံခဲ့ရတယ်။ အဲဒီ လူကတော့ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်လို့ ကျော်ကြားနေတဲ့ နေမင်းသူရိန် သိုင်းသမားကြီးပဲပေါ့'

မရဏာဓားရှင်သည် အတိတ်မှ ဖြစ်ရပ်များကို မြင် ာင်နေပုံရသည်။

သူ၏ မျက်လုံးများ ရီဝေနေသည်။

အတိတ်ဖြစ်ရပ်များကို ပြောပြနေ၏။

ကျွင်းဖုံးမှာ မရဏာဓားရှင်နှင့် ရှဲတောင်းတို့၏ အတိတ်ကာလ

ဆီသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိသွားပြီး တွေ့မြင်ခံစားရသည်ဟု ထင်မှတ်လာရလေတော့သည်။

မရဏာစားရှင်နှင့် ရှဲ့တောင်းတို့၏ အတိတ်ကာလသည် ကား။

◇

သူရိယခြံဝင်းမှာ ကေ တစ်ရာခန့် ကျယ်ဝန်းသော ခြံဝန်းကျယ်ကြီးဖြစ်သည်။

ဤမျှကျယ်ဝန်းသော ခြံဝင်းအတွင်း၌ ရေကန်၊ စမ်းချောင်း၊ တောအုပ်၊ ပန်းခင်းစသည့် သဘာဝအလှများ စုံလင်စွာ ရှိနေသည်။

ခြံဝင်းအလယ်တွင် ဝါးဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေပါ၏။

ထိုအိမ်သည် သိုင်းလောက၌ နေလို လလို ထင်ရှားသည့် သူရိယသိုင်းသမား ထင်းကျန်းပိုင်ဆိုင်သည့် အိမ်ကလေးပင်ဖြစ်သည်။

ထင်းကျန်းသည် လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြားနေသော်လည်း မာနထောင်လွှားသူတစ်ယောက် မဟုတ်ဘဲ ရိုးရိုးကုတ်ကုတ် နေထိုင်သူဖြစ်သည်။

ထင်းကျန်းသည် သိုင်းလောက၌ ကျင်လည်ကျက်စားရင်း မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့သည်။

အားလပ်သည့် အချိန်များတွင် ယာတောဆန်လှသည့် သူ၏



အိမ်ထဲ၌ပင် စာပေ ဖတ်ရှုလေ့လာရင်း နေထိုင်ခဲ့သည်။

ယခင်က တစ်နှစ်အတွင်း သုံးလေးကြိမ်ခန့် ခရီးထွက်ရပြီး ခရီးတစ်ခါထွက်လျှင် နှစ်လ သုံးလ ကြာမြင့်တတ်သည်။

တစ်နှစ် နေ၍ အိမ်၌ တစ်လပြည့်အောင် နေရသည် မရှိချေ။

ယခုမူ သိုင်းလောကတွင် အနက်ရောင်သိုင်းသမားများ ခေါင်းမထောင်ဝံ့ဘဲ ငြိမ်သွားကြသဖြင့် ခရီးထွက်စရာ အကြောင်းမရှိသလို နောက်ဆုံးအကြိမ် ခရီးထွက်ပြီး အိမ်သို့ ပြန်လာသောအခါ တပည့် သုံးယောက် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပေသည်။

ခြေသလုံးအိမ်တိုင်ဘဝဖြင့် အရွယ်နှင့်မလိုက်အောင် ဒုက္ခတွေ ခံစားနေရသည့် မိဘမဲ့ ကလေးသုံးယောက်ကို တပည့်အဖြစ် မွေးမြူရန် ဘဝဆိုးမှ ကယ်တင်လာခဲ့ခြင်းဖြစ်သည်။

ထင်းကျန်း ကယ်တင်ခဲ့သူ သုံးယောက်မှာ ရှဲ့တောင်း၊ ဆင့်လုံနှင့် ပုလီဆိုသူတို့ ဖြစ်ပေသည်။

ထင်းကျန်းသည် မိဘမဲ့ကလေး သုံးယောက်ကို ကျွေးမွေးပြုစုသည့်အပြင် သူ၏ ထိပ်တန်းသိုင်းပညာ များကိုလည်း သင်ကြားပေးခဲ့သည်။

အချိန်တန် အရွယ်ရောက်လာသောအခါ ပုလီသည် ထင်းကျန်း၏ နေမင်းသူရိန် သိုင်းကျမ်းအား ခိုးယူကာ ထွက်ပြေးရန်ကြံ စားခဲ့သည်။

ရှဲ့တောင်းမှာလည်း ကြိုရာပါ ဖြစ်ခဲ့သည်။

ဤသည်ကို ထင်းကျန်းက သိရှိသွားသောအခါ ပုလီနှင့် ရှဲ့တောင်းတို့အား သူ့ရိယာ ခြံဝင်းမှ မောင်းထုတ်ခဲ့လေတော့သည်။

ပုလီနှင့် ရှဲ့တောင်းတို့သည် ထင်းကျန်းသိရှိသွားခြင်းမှာ ဆင့်လုံက ချောက်ချခဲ့ခြင်းဖြစ်ကြောင်း တစ်ဖက်သတ် တွေးကာ ဆင့်လုံအပေါ် ရန်ငြိုးထားခဲ့ကြသည်။

မရဏာစားရှင်က အတိတ်ဖြစ်ရပ်များအကြောင်း ပြန်ပြောရင်း အာခေါင်ခြောက်လာဟန်ဖြင့် ချောင်းတစ်ချက် ဟန့်လိုက်သည်။

ကျင်းဖုံးက သူ့အား စိုက်ကြည့်နေပါသည်။

မရဏာစားရှင်က ပြောလိုက်လေ၏။

'ကဲ ကျုပ်အကြောင်းတော့ မင်းသိရပြီ၊ အစ်ကိုကြီးရဲ့ ဘယ်မှာ ရှိတယ်ဆိုတာ ပြောပြပေတော့'

ကျင်းဖုံးက

'ခင်ဗျားဘာကြောင့် ဦးလေးရှဲ့ကို တွေ့ချင်ရတာလဲ'

'ဪ ဘာကြောင့်လဲ ဟုတ်လား။ ငါက ဆင့်လုံကို လှည့်ဖျားပြီး ရှင်းပစ်လိုက်ပြီဆိုတော့ ပျော်ပြုံးချင်လို့ပေါ့၊ ပြီးတော့ တို့နှစ်ယောက် ပေါင်းပြီး သိုင်းလောကမှာ ထင်တိုင်းကြဲကြမယ်လေကွာ ဟား ဟား ဟား'

ပြောရင်း မရဏာစားရှင်က သဘောကျစွာ ရယ်မောလိုက်၏။



ကျင်းဖုံးက မေးလိုက်လေ၏။

'ခနမင်းသူရိန်ကျင့်စဉ်ကို ခင်ဗျား အခုထက်ထိ မက်မောနေတုန်းပဲပေါ့ ဟုတ်လား'

မရဏာစားရှင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ရယ်မောရာမှ ရပ်တန့်သွားသည်။

'မင်း ဘယ်လို မေးလိုက်တာလဲ၊ နေမင်းသူရိန်ကျင့်စဉ်ကြောင့် ငါတို့ ဒုက္ခရောက်ခဲ့ရသေးတာပဲ၊ ဘာကြောင့် မလိုချင်ရမှာလဲ'

သူက နာလိုခံခက်ဟန်ဖြင့် ပြောလေ၏။

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'နေမင်းသူရိန်ကျင့်စဉ်ကို နယ်စားကြီးဆင့်လုံက ဖျက်ဆီးပစ်လိုက်ပြီဗျ'

'အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ဒီစကားမျိုး ကျုပ် မယုံဘူးဆိုတာ မှတ်ထားစမ်းပါ'

မရဏာစားရှင်သည် ဆင့်ဆင့်အား လွှတ်ပေးမည် မဟုတ်သည်ကို ကျင်းဖုံး တွေးမိသည်။

ဆင့်ဆင့်အား သူ ကယ်တင်ရပေလိမ့်မည်။

သူသည် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်၊ ခက်ထန်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်သည်ဟု ဆိုလျှင် သူမငြင်းချေ။

သို့သော် လူဆိုးတစ်ယောက်တော့ မဟုတ်ပါ။

သိုင်းပညာ အားကိုးဖြင့် သိုင်းလောကဖျက်ဆီးရန် ကြံစည်ကြိုးပမ်းနေသူတစ် ယောက်တော့ မဟုတ်ပါ။

သူသာ မကောင်းသည့်စိတ်ထားရှိမည်ဆိုလျှင် ရှဲ့တောင်းစေခိုင်းသည့်အတိုင်း သိုင်းရာဇာ ဝမ်းဟန်အား လိုက်လံရှာဖွေကာ သုတ်သင် ရှင်းလင်းပစ်မည်ဖြစ်ပါသည်။

ယခုကဲ့သို့ လျစ်လျူရှုထားလိမ့်မည် မဟုတ်ချေ။

ဆင့်ဆင့်အား ကယ်တင်ပြီး နေမင်းသူရိန်ကျင့်စဉ်ကို ဖျက်ဆီးနိုင်လျှင် အကောင်ဆုံးဖြစ်မည်ဟု သူတွေးမိ၏။

မရဏဓားရှင်က ကျင်းဖုံးအား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ပြောလိုက်လေ၏။

'မင်းဆရာဟာ ငါနဲ့ ပညာသင်ဘက် အစ်ကိုကြီးတစ်ယောက်ဆိုတာ မင်းသိပြီပဲ၊ ငါနဲ့ ပူးပေါင်းရင် ကောင်းမယ်'

ကျင်းဖုံးက

'ဆင့်ဆင့်ကို လွှတ်ပေးပါ'

တွေးထင်ထားသည်နှင့် ကြားလိုက်ရသည့်စကား တခြားစီဖြစ်နေခြင်းကြောင့် မရဏဓားရှင် မကျေမနပ်ဖြစ်သွားလေ၏။

'သူက ငါ့ရန်သူရဲ့ သမီးပဲ၊ ဘာဖြစ်လို့ လွှတ်ပေးရမှာလဲ။ ပြီးတော့ သူ့ဆီက သိုင်းကျမ်း တောင်းရဦးမယ်'

'ဟင်'



သူ၏ စကားကြောင့် ကျင်းဖုံး အံ့သြသွားသည်။

ဆင့်ဆင့်ထံတွင် နေမင်းသူရိန်သိုင်းကျမ်းရှိနေ၏။

သို့သော် မရဏဓားရှင်၏ ပြောပုံဆိုပုံအရ သိုင်းကျမ်းကို မရသေးမှန်း ထင်ရှား၏။

ဆင့်ဆင့်သည် မရဏဓားရှင်၏ လက်တွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။

သူမထံမှ သိုင်းကျမ်းကို အလွယ်တကူ သိမ်းဆည်းနိုင်ပါလျက် မရဏဓားရှင်၏ လက်တွင်းသို့ အဘယ်ကြောင့် မရောက်ရသေးပါသနည်း။

ကျင်းဖုံးက ပို၍သေချာအောင် မေးလိုက်သည်။

'သူ့ဆီက သိုင်းကျမ်းကို ခင်ဗျား မရသေးဘူးပေါ့ ဟုတ်လား'

မရဏဓားရှင် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ငါ့လက်ထဲ ရောက်လာလို့ကတော့ သိုင်းလောက တစ်ခုလုံး ပြောင်းဆန်သွားလိမ့်မယ်'

ကျင်းဖုံးမှာ ယို့စွမ်းကို ဖျတ်ခနဲ လှမ်းကြည့်လိုက်လေသည်။

ယို့စွမ်း မျက်နှာပျက်သွား၏။

ကျင်းဖုံးနှင့် မျက်နှာချင်း မဆိုင်ဝံ့ဘဲ တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်သည်။

အဖြစ်မှန်ကို ကျင်းဖုံးနားလည်သဘောပေါက်သွားပြီ ဖြစ်ပါ

သည်။

ဆင့်ဆင့်အား ဖမ်းဆီးသွားသည့် ယို့စွမ်းသည် ဆင့်ဆင့်ထံမှ နေမင်းသူရိန့်သိုင်းကျမ်းရရှိခဲ့သော်လည်း မရဏာစေးရှင်အား မပေးပါ။ ဝှက်ထားခဲ့သည် မဟုတ်ပါလား။

သိုင်းကျမ်းသည် ယို့စွမ်းထံမှ လွဲ၍ မည်သူထံတွင်မှ မရှိနိုင်ချေ။

မရဏာစေးရှင်က ပြောလာလေ၏။

'ကဲ မင်း ဘယ်လို သဘောရသလဲ။ ငါနဲ့ ပူးပေါင်းလိုက်တာ မင်းအတွက် အကောင်းဆုံးဖြစ်မယ်ကွ။ ဟိုကောင်မလေးအပေါ် သံယောဇဉ် ထားမနေနဲ့တော့။ သိုင်းလောကထဲမှာ သူ့ထက်ချော၊ သူ့ထက်လှတဲ့ မိန်းကလေးတွေ တစ်ပုံကြီးရှိပါတယ်ကွာ'

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ်က သူ့ကို ကတိပေးထားပြီးပြီဗျ'

'ဘာ မင်း ဘာကတိပေးထားလို့လဲ'

'သူ့ကို ကူညီမယ်၊ နယ်စားကြီးဆင့်လုံကို လုပ်ကြံသွားတဲ့ တရားခံကို ဖော်ထုတ်သုတ်သင်မယ်လို့ ကတိပေးထားတာပါ'

မရဏာစေးရှင် ငြိမ်ကျသွား၏။

ကျင်းဖုံးအား စိုက်ကြည့်နေသည့် သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။



ကျင်းဖုံးကလည်း မမှိတ်မသုန် ပြန်လည်စိုက်ကြည့်လိုက်၏။ သူ့မျက်လုံးများကလည်း အေးစက်နေ၏။

ကျောက်ဂူထဲ၌ လူအတော်များများ ရှိနေကြသော်လည်း အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

အန္တရာယ်၏ အငွေ့အသက်ကို လူတိုင်းလိုလို ခံစားနေကြရပေမည်။

အတန်ကြာမှ မရဏာစေးရှင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး

'ဒို့နှစ်ယောက် ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့'

သူက တစ်လုံးချင်း ပြောလိုက်လေတော့သည်။

***

## အခန်း (၂၄)

## သစ္စာမဲ့သူ၏ ဇာတ်သိမ်း

ပတ်ဝန်းကျင်တစ်ဝိုက် အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျင်းဖုံးက မရဏာစားရှင်အား စိုက်ကြည့်နေသည်။

မရဏာစားရှင်၊ ရှုံ့တောင်းနှင့် ဆင့်လုံတို့သည် တစ်ဆရာတည်းတွင် အတူပညာသင်ခဲ့သော ပညာသင်ဖက်များ ဖြစ်ခဲ့သည်။

ထို့အပြင် မရဏာစားရှင်သည် သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ရအောင် မွှေနှောက်နေသူဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် မရဏာစားရှင်၏ သိုင်းပညာမှာ ထက်မြက်နေ



သည်မှာ မလွဲပါချေ။

သို့သော် သူက ဆင့်ဆင့်အတွက်နှင့် ပတ်သက်ပြီး ထိပ်တိုက် ရင်ဆိုင်မိပြီဖြစ်သည်။

'တို့နှစ်ယောက် ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့'

မရဏာစားရှင် ပုလီက ပြောကြားလိုက်သည်။

သူသည် ကျင်းဖုံးအား ရင်ဆိုင်ရန် ဆုံးဖြတ်လိုက် ပုံမျိုး ဖြစ်သည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ယို့ဗွမ်း အပါအဝင် အနက်ရောင်ဝတ်ဆင်ထားကြသူများ ခပ်လှမ်းလှမ်းသို့ ဆုတ်သွားကြသည်။

မရဏာစားရှင်က သတိပေးလိုက်လေ၏။

'ကျင်းဖုံး မင်း သဘောထားပြောင်းလဲဖို့ အချိန်မီသေးတယ်'

ကျင်းဖုံးက ပခုံးတစ်ချက်တွန့်ကာ

'ဆင့်ဆင့်ကို လွှတ်ပေးပါ'

မရဏာစားရှင် မကျေမနပ်ဖြစ်သွား၏။

'ကောင်းပြီလေ၊ အစ်ကိုကြီးရဲ့တောင်းဆိုက မင်းပညာ ဘယ်လောက်ရထားသလဲဆိုတာ ကြည့်ရသေးတာပေါ့'

စကားဆုံးလျှင် လျှင်မြန်စွာ တိုက်ခိုက်လိုက်လေ၏။

ကျင်းဖုံး ပြုံးလိုက်သည်။

'ခင်ဗျားလည်း နေမင်းသူရိန်သိုင်းစည်ာ တတ်သေးတာပဲ၊ ခင်ဗျား ဘယ်လောက် အစွမ်းထက်သလဲဆိုတာ ကျုပ် လက်တွေ့ ကြည့်မယ်'

ပြောပြောဆိုဆို သူက မရဏာစားရှင် တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်းမပြုဘဲ ထိပ်တိုက်ရင်ဆိုင်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းဖုံးရော မရဏာစားရှင်ပါ နောက်သို့ ပြိုင်တူ ဆုတ်လိုက်ကြ၏။

မရဏာစားရှင်မှာ ကျင်းဖုံးအား အထင်မသေးဝံ့သလို ကျင်းဖုံးကလည်း မရဏာစားရှင်အား တိုက်ခိုက်ရာ၌ မပေါ့ဆဝံ့ပါချေ။

ထို့ကြောင့် အမှားကင်းကာ ပြင်းထန်သောသူတို့၏ တိုက်ပွဲမှာ အလွန်ပင် ကြည့်၍ ကောင်းလေတော့သည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

နှစ်ယောက်စလုံး နောက်သို့ ပြိုင်တူဆုတ်လိုက်ရပြန်သည်။

မရဏာစားရှင်က ရယ်၍ ပြောလေ၏။

'မင်းရဲ့ ဆရာတောင် ကျုပ်နဲ့ လက်ရေတူလောက်ပဲ ယှဉ်နိုင်



မှာ။ မင်းက ကျုပ်ကို ဘယ်လိုလုပ် အနိုင်ရမှာလဲ'

ကျင်းဖုံး နားကြားပြင်းကပ်သွား၏။

'ယား'

သူက ညာသံပေးရင်း ရှု့တောင်းသင်ကြားပေးသော သိုင်းကွက်များကို အိတ်သွန်ဖာမှောက် အသုံးပြုလိုက်လေတော့သည်။

မရဏာစားရှင်ကလည်း ပို၍ ပြင်းထန်စွာ တိုက်ခိုက်လာ၏။

ယနေ့တစ်ကြိမ် သူတို့၏ တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်လှသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

နှစ်ယောက်သား ပြိုင်တူ နောက်ဆုတ်သွား၏။

ယို့စွမ်းနှင့် အနက်ရောင်ဝတ်ဆင်ထားသူတို့ ဝမ်းသာသွားကြသည်။

အဘယ်ကြောင့်ဆိုသော်

ကျင်းဖုံး နောက်ဆုတ်သွားပြီး တစ်ခဏအကြာတွင် ခန္ဓာကိုယ် တစ်ဆတ်ဆတ် တုန်ယင်ကာ

'အ'

သွေးများ အန်ထုတ်လိုက်သည်ကို တွေ့လိုက်ရသောကြောင့် တည်း။

တစ်ဆက်တည်းပင်

'ဝှန်း'

ကြမ်းပြင်ပေါ် ပစ်လဲကျသွားလေသည်။

'ဟား ဟား ဟား'

မရဏစားရှင် သဘောကျစွာ ရယ်မောလိုက်၏။

'မင်းက ကျုပ်ကို အံတုလို့ ဘယ်ရဦးမလဲ'

သူက သဘောကျစွာ ပြောပြီး ယို့စွမ်းဘက် လှည့်လိုက်သည်။

'သူကို ကောင်မလေးနဲ့ အတူ ချုပ်ထားလိုက်၊ လုံးဝ ထွက်ပြေးလို့မရအောင် ဂရုစိုက်ပါ၊ ကျုပ်ပြန်လာမှ ဘာဆက်လုပ်ရမလဲဆိုတာ စီစဉ်မယ်'

ယို့စွမ်း မျက်မှောင်ကြုတ်သွား၏။

'ဟင် ဆရာက ဘယ်သွားမလို့လဲ'

မရဏစားရှင်က ဒေါသဖြင့် ငေါက်လိုက်သည်။

'ဒါကို မင်းသိစရာ မလိုဘူး။ သူတို့မလွတ်သွားအောင်သာ ဂရုစိုက်'

ထို့နောက်



ချာခနဲ လှည့်ထွက်လာခဲ့၏။

ယို့စွမ်းက ကျင်းဖုံးအား ညွှန်ပြကာ

'ကဲဟေ့ သူ့ကို အချုပ်ခန်းထဲ ပို့ရအောင်'

ဟု အမိန့်ပေးလိုက်လေတော့သည်။

✧

'အင်း အင်း'

ညည်းညူသံနှင့်အတူ ကျင်းဖုံး သတိရလာသည်။

'အစ် အစ်ကို သတိရပြီလား'

ပထမဆုံး ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကျင်းဖုံး ကြိုးစားပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါ သူ့အား အပေါ်စီးမှ မိုးကြည့်နေသည့် မိန်းကလေး တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ သူလိုက်ရှာနေသည့် ဆင့်ဆင့်ပင် ဖြစ်လေသည်။

'ညီမ'

ကျင်းဖုံး လွှတ်ခနဲ ခေါ်လိုက်သည်။

ဆင့်ဆင့်က

'အစ်ကို ဘာမှ မဖြစ်ဘူးနော်'

သူမက မေးလာပြန်သည်။

ကျင်းဖုံး ခေါင်းခါယမ်းလိုက်၏။

'ဘာမှမဖြစ်ပါဘူး ကျုပ်က'

စကားဆုံးအောင် မပြောနိုင်ပါချေ။

ရင်ထဲ၌ စူးကနဲ နာကျင်သွားပြီး

'ဟဲ့'

သွေးများ အန်ထုတ်လိုက်သည်။

'အစ်ကို အစ်ကို'

ဆင့်ဆင့်က ပျာပျာသလဲ ဖေးမလိုက်ရသည်။

ကျင်းဖုံးမှာ မြေပေါ်တွင် ထိုင်ချလိုက်ရပါသည်။

သူ့အား ထွေးပွေ့ထားသည့် ဆင့်ဆင့်၏ ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ရသောအခါ ရင်ထဲ ထူးခြားသော ခံစားမှုများဖြစ်ပေါ်လာသည်။

ဝေဒနာကို မေ့လျော့သွားပြီး ဆင့်ဆင့်အား ကြည့်မိလေသည်။

ဆင့်ဆင့်က သူ့အား စိုးရိမ်ကြီးစွာ ကြည့်နေပါသည်။

ကျင်းဖုံးအား သူ ပြုံးပြလိုက်သည်။

'ကျုပ်အတွက် ဘာမှ မပူပါနဲ့၊ ကျုပ် ဘာမှ မဖြစ်နိုင်ပါဘူး။



ဒါထက် မင်းကော"

"ကျွန်မ ဘာမှ မဖြစ်ပါဘူးရှင်"

ကျင်းဖုံးက ကတိပေးလေ၏။

"မင်းကိုငါ ကယ်ထုတ်သွားမယ်"

ဆင့်ဆင့်က ဘာမှ မပြောဘဲ နေလိုက်၏။

ကျင်းဖုံးသည် အဏ်ရာပြင်းထန်စွာ ရထားပြီးဖြစ်ကြောင်း သူမနားလည်သဘောပေါက်ထားပြီး ဖြစ်ပါသည်။

သို့တိုင် သူမအား ကယ်တင်မည်ဟု ပြောနေခြင်းကြောင့် စိတ်မကောင်းဖြစ်ရပါတော့သည်။

သူ၏ အသက်ကိုပင် ခင်းကျက်ပဲ သူမအတွက် စိုးရိမ်ပူပန်နေသည် မဟုတ်ပါလား။

ဆင့်ဆင့်က ဝင့်သက်ရှိုက်ကာ

"ကျွန်မအတွက် အစ်ကို ဒုက္ခရောက်လှပါပြီ"

မချိတင်ကဲ ပြောကြားလိုက်လေ၏။

မှန်ပေသည်။

သူမွေးစခြင်းတွင် ကျင်းဖုံးတစ်ယောက်တည်း ရင်ဆိုင်ခဲ့ရ၏။

ထိုစဉ်က လုထိန်၊ ကွမ်းလျှူနှင့် လီကျူးတို့၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။

လီကျုံး၏ လက်ချက်ကြောင့် ဒဏ်ရာရခဲ့သည်ကို သူမ တွေ့မြင်ထားပြီးဖြစ်လေသည်။

ကျင်းဖုံးက ထိုဒဏ်ရာကို အရေးမစိုက်ခဲ့ပါ။

မရဏဘေးနှင့် ရင်ဆိုင်ရသောအခါ အရေးနိမ့်ခဲ့ရပြန်သည်။

ကျင်းဖုံး အဓောင်လေး ခံလိုက်ရကြောင်း သူမ နားလည် သဘောပေါက်ထားပေတော့သည်။

ကျင်းဖုံး မြေပေါ် တင်ပျဉ်ခွေထိုင်ရင်း အသက်ပြင်းပြင်း ရှူ ရှိုက်လိုက်သည်။

သူ၏ ရင်ထဲဝယ် ဆစ်ခနဲ ဆစ်ခနဲ နာကျင်နေပါသည်။

ဆင့်ဆင့်ကို ကြိုးစားပြုံးပြရင်း ပြောသည်။

'သူ နေမင်းသူရိန်ကျင့်စဉ်ကို တတ်မြောက်ထားတယ်ကွ'

ဆင့်ဆင့်မှာ နောက်ထပ် မျက်ရည်ကျမလာအောင် ကြိုးစား ထိန်းချုပ်ရင်း

'ကျွန် ကျွန်မကို ထားပစ်ခဲ့ပြီး အစ်ကို ထွက်သွားပါတော့'

ကျင်းဖုံး ပြုံးနေ၏။

'ကျုပ် ထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ မင်းက သူတို့ကို ဘယ် လိုလုပ်ပြီး ရင်ဆိုင်မလဲ။ မရဏဘေးဟာ မင်းအဖေကို သတ်သွားတာ ကွ၊ သူဟာ အင်မတန် ဉာဏ်များပြီး ကောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက်ပဲ၊ မ' းကို ကောင်းကောင်းကြီး ဒုက္ခပေးလိမ့်မယ်'



'ကျွန်မ ဖြစ်ချင်ရာ ဖြစ်ပါစေတော့ရှင်။ ကျွန်မအတွက် ဒုက္ခ ရောက်နေတာကို ကျွန်မ မကြည့်ရက်ဘူးရှင့်'

ကျင်းဖုံးက

'မင်းက ဒီလို အရှုံးပေးတဲ့စိတ် မွေးမြူထားမယ်ဆိုရင် ဘယ်တော့မှ အခက်အခဲ ဒုက္ခကို ကျော်လွှားနိုင်မှာ မဟုတ်ဘူး'

ဆင့်ဆင့်က ဘာမှ မပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

'ကဲ ကျုပ်တို့ ကြိုးစားကြည့်ကြရအောင်'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

သို့သော် သူ့ကိုယ်သူ မဟန်နိုင်ပါ။

မြေပေါ် ဒုတ်ခနဲ ပြန်လည် လဲကျသွား၏။

'အစ်ကို'

ဆင့်ဆင့်က ပြောပြီး ပွေ့ဖက်လိုက်သည်။

ကျင်းဖုံးမှာ ဆင့်ဆင့်၏ရင်ခွင်ထဲဝယ် သတိလစ် မေ့မျော သွားလေတော့သည်။

မရဏဘေးရှင် ကျောက်ဂူထဲ ပြန်လည်ရောက်ရှိလာ၏။

ရောက်ရောက်ချင်းပင်

'ဝို့စခန်း ပြောင်းရွှေ့ကြရတော့မယ်'

ယို့စွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'စခန်း ပြောင်းရွှေ့မယ် ဟုတ်လားဆရာ၊ ဘာကြောင့်လဲ'

မရဏာဓားရှင်က

'စီးတုံးကို စိတ်မချရတော့ဘူး'

ယို့စွမ်း စိတ်လှုပ်ရှားသွား၏။

မရဏာဓားရှင်က

'စီးတုံးဟာ အောက်လမ်းသိုင်းလောကမှာ ထင်ရှားတဲ့ လူတစ်ယောက်ပဲ၊ သူ့မှာ မိတ်ဆွေ အပေါင်းအသင်း များတယ်။ သူဟာ ငါတို့အပေါ်မှာ အကောက်ကြံမယ်ဆိုတာ ထင်ရှားတယ်။ နေမင်းသူရိန်ကျင့်စဉ်အကြောင်း သိတဲ့လူတွေ သည်ကျောက်ဂူကို လာမဝိုင်းခင် တို့တတွေ ထွက်သွားမှ ဖြစ်မယ်'

ယို့စွမ်း ကျေနပ်သွားသည်။

ကျောက်ဂူထဲမှ ထွက်သွားရမည်ဆိုလျှင် သူ့အတွက် အခွင့်အရေးများစွာ ရရှိနိုင်ပေသည်။

'ကျွန်တော်တို့ ဘယ်တော့ သွားကြမလဲ'

မရဏာဓားရှင်က

'အခုချက်ချင်း သွားကြမယ်'

ထိုအချိန်၌ နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီဖြစ်သည်။



မရဏာဓားရှင်တို့ လူစုသည် သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးကျောက်ခဲများကြားမှ ဖြတ်ကာ တစ်တောဝင် တစ်တောင်ထွက် ခရီးဆက်နေကြလေသည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့အား ကြိုးများဖြင့် တုပ်နှောင်ကာ မြင်းပေါ်တင်ကာ ခေါ်လာခဲ့သည်။

သူတို့အား ယို့စွမ်းက အနီးကပ် စောင့်ကြပ် လိုက်ပါလာသည်။

မရဏာဓားရှင်သည် မြင်းတစ်ကောင်နှင့် ရှေ့ဆုံးမှ ဦးဆောင်သွားနေ၏။

မရဏာဓားရှင်က စီးတုံးကို ကြောက်ပြီဆိုလျှင်လည်း ကြောက်လောက်ပြီ။

စီးတုံးသည် ဉာဏ်များသူ တစ်ယောက်ဖြစ်သည်။

ကျောက်ဂူထဲမှ ထွက်လာပြီး နေဝင်ဆည်းဆာအချိန်ဝယ် တောအုပ်တစ်ခုသို့ ရောက်ရှိလာသည်။

မရဏာဓားရှင်က

'ယို့စွမ်း မင်းတို့ သည်မှာပဲ နေခဲ့ကြ။ ငါတို့ တောအုပ်ထဲ သွားပြီး အခြေအနေကြည့်မယ်။ ကျန်တဲ့လူတွေ ငါ့နောက် လိုက်ခဲ့ကြ'

သူတို့သည် တောအုပ်ထဲသို့ ဝင်သွားကြ၏။

မကြာမီပင် အော်သံဟစ်သံများကို ကြားလိုက်ရတော့သည်။

'ဝုန်း'

'အား'

'အမလေး'

'သေပါပြီဗျ'

တိုက်ခိုက်သံများ၊ ဆူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

တောအုပ်ထဲ၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေချေပြီ။

မရဏဓားရှင်တို့ လူစုသည် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်နေကြပြီဖြစ်ကြောင်း ယို့စွမ်းတို့ ခန့်မှန်းလိုက်ကြ၏။

ယို့စွမ်းနှင့် အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ယို့စွမ်း စိတ်လှုပ်ရှားလာသည်။

သူသည် ဆင့်ဆင့်ထံမှ နေမင်းသူရိန်သိုင်းကျမ်းကို ရရှိထားပြီဖြစ်သည်။

ထို့ကြောင့် ကိုယ်လွတ်ရုန်းပြေးရန် ဆုံးဖြတ်ထား၏။

ယခု သူ့အတွက် အခွင့်အရေး ပေါ်ပေါက်လာချေပြီ။

အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်အား ရှင်းပစ်



လိုက်လျှင် ကိစ္စပြတ်ပြီဖြစ်သည်။

ထိုစဉ် တောအုပ်ထဲမှ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ ပြေးထွက်လာသည်။

ယို့စွမ်း မျက်နှာပျက်သွား၏။

မရဏဓားရှင်၏ အခြေအနေသည် မလှပတော့မှန်း ရိပ်မိလိုက်၏။

ပြေးလာသော သိုင်းသမားများသည် ယို့စွမ်းတို့ လူစုအား တရကြမ်း တိုက်ခိုက်လာ၏။

'ဝုန်း'

'အား'

'အမလေး'

သိုင်းသမားများ၏ လက်ချက်ကြောင့် အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကုန်သည်။

'ဟီ ဟီ ဟီ'

မြင်းဟီသံများ ထွက်ပေါ်လာသည်။

တိုက်ပွဲမှ လွင့်ထွက်လာသော လက်နက်ဂုန်းအချို့သည် ဆင့်ဆင့်နှင့် ကျင်းဖုံးတို့ လိုက်ပါလာသည့် မြင်းတင်ပါးဝယ် နိုက်ဝင်သွားရာ မြင်းကြီးမှာ ရှည်လျားစွာ ဟီကာ ကဆုန်ပေါက် ထွက်ပြေးသွားလေတော့သည်။

အခြေအနေမှာ တစ်စထက် တစ်စ ဆိုးရွားလာသည်။

နောက်ဆုံးတွင် ယို့စွမ်းလည်း အသက်လုကာ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့တော့၏။

ယို့စွမ်း၏ တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်။

သူ၏ နောက်မှ မည်သူမှ လိုက်လာသည်ကို မတွေ့ရ သဖြင့် စိတ်သက်သာရာ ရသွားသည်။

အရိပ်ကောင်းသည့် သစ်ပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချကာ အမောဖြေလိုက်၏။

ထိုစဉ်မှာပင်

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယို့စွမ်း ရင်ထိတ်သွား၏။

ကမူကယာ ခုန်ထကာ မြင်းခွာသံ ထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ကျင်းဖုံးနှင့် ဆင့်ဆင့်တို့ လိုက်ပါလာသည့် မြင်းကြီး ပြေးလွှားလာသည်ကို တွေ့ရ၏။

နောက်မှ အစိမ်းရောင်ဝတ်ဆင်ထားသူ သုံးယောက် ပြေးလိုက်လာကြသည်ကိုလည်း တွေ့မြင်ရလေသည်။



ကျင်းဖုံးနှင့်ဆင့်ဆင့်ကို မြင်လျှင် ယို့စွမ်း နှာခေါင်းရှုံ့လိုက်သည်။

'ဆင့်ဆင့်ကို လူတိုင်း လိုချင်နေကြတယ်...ဟွန်း၊ အခုအချိန်မှာ သူဟာ တန်ဖိုးမရှိတော့ဘူးဆိုတာ ဘယ်သူမှ မသိကြပါလား'

သူက မဲ့ကာရွဲ့ကာ ပြောပြီး သစ်ပင်နောက်ကွယ်သို့ ဝင်ပြီး ပုန်းနေလိုက်၏။

ဆင့်ဆင့်တို့ လာနေကြချေပြီ။

သူသည် ဆင့်ဆင့်တို့ ဖြတ်ကျော်သွားပြီးသောအခါ သူက ရှေ့ဆက်ပြေးသွားရန် စိတ်ကူးထား၏။

မကြာမီ နေဝင်တော့မည်ဖြစ်ရာ အလင်းရောင်ကွယ်ပျောက်သွားသည်နှင့် သူ့အား မည်သူမျှ တွေ့မြင်နိုင်တော့မည် မဟုတ်ချေ။

ယို့စွမ်းက

'ငါက တောရွာကလေးတစ်ရွာမှာ မထင်မရှား ခေတ်မြုပ်နေလိုက်မယ်ဆိုရင် ဘယ်သူ သိနိုင်တော့မှာလဲ။ နေမင်းသူရိန်ကျင့်စဉ်ကို လေ့ကျင့်တတ်မြောက်ပြီးမှ သိုင်းလောကကို ခြေချတော့မယ်။ သည်နေရာက ငါ အမြန်ဆုံးသွားမှ ဖြစ်မယ်'

သူ အမြန်ဆုံး ထွက်သွားနိုင်ရန် မြင်းတစ်ကောင် လိုအပ်သည်။

သူက ဆင့်ဆင့်နှင့်ကျင်းဖုံးတို့ စီးလာသည့် မြင်းကို ပုန်းကွယ်

ရာမှ ကြည့်လိုက်၏။

'သည်မြင်းကြီးကို ငါရရင် သိပ်ကောင်းမှာပဲ'

ထိုစဉ်

'ဟီ ဟီ ဟီ'

မြင်းညိုကြီးသည် ရှည်လျားစွာ ဟီကာ တောအုပ်ရှေ့တွင် ရပ်တန့်သွားသည်ကို တွေ့လိုက်ရ၏။

နောက်မှ ပြေးလိုက်လာသူများသည် မြင်းညိုကြီးကို မှီလာကြသည်။

ယို့စွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'သူတို့ကို ရှင်းပစ်နိုင်မယ်ဆိုရင် မြင်းရမှာပဲ'

ထို့ကြောင့် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ တောအုပ်ရှေ့သို့ ခုန်ထွက်လိုက်လေသည်။

'ရပ်လိုက်'

သူ၏ အော်ငေါက်သံကြောင့် အစိမ်းရောင်ဝတ်ဆင်ထားသူ သုံးယောက်သည် ယို့စွမ်းကို သတိပြုမိသွားကြပြီး ပြေးလာကြသည်။

ယို့စွမ်းက လက်နှစ်ဖက် ဝှေ့ယမ်းလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းကလေးများသည် အစိမ်းရောင်ဝတ်ဆင်ထား



သူ သုံးယောက်ထံ ပြေးဝင်သွား၏။

'ဝှစ် ဝှစ် ဝှစ်'

အစိမ်းရောင်ဝတ်ဆင်ထားသူ တစ်ယောက်က

'ဘယ်ဆိုးလို့လဲဟေ့'

ပြောပြီး လက်ဝှေ့ယမ်းလိုက်၏။

လက်နက်ပုန်းများ လွင့်စဉ်သွားသည်။

ယို့စွမ်း မျက်လုံးပြူးသွား၏။

'ဟင် သူတို့ရဲ့ ပညာ မခေပါ့လား'

အစိမ်းရောင်ဝတ်ဆင်ထားသူများအား လျှော့တွက်မိသည်မှာ မှားယွင်းသွားပြီ ဖြစ်ကြောင်း နားလည်သွား၏။

သို့သော် သူ အသိနောက်ကျသွားချေပြီ။

အစိမ်းရောင်ဝတ်ဆင်ထားသူ သုံးယောက်သည် သူ့အား ဝိုင်းရံ ထားလိုက်ကြသည်။

ယို့စွမ်း အံကြိတ်လိုက်သည်။

ခါးမှ ဓားကို ဆွဲထုတ်ကာ

'ယား'

ညာသံပေးကာ စတင်တိုက်ခိုက်လိုက်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသူတစ်ယောက်က

'သူ့ကို ကျုပ် တာဝန်ထားပါ'

ပြောပြီး ယို့စွမ်းအား တိုက်ခိုက်လာ၏။

ယို့စွမ်းက ပြန်လည် တိုက်ခိုက်လိုက်၏။

သို့သော်

'ဝုန်း'

'အား'

ယို့စွမ်း ပက်လက်လန် လဲကျသွား၏။

'ဟား ဟား ဟား'

အစိမ်းရောင်ဝတ်ဆင်ထားသူ သဘောကျစွာ ရယ်မောလိုက်၏။

ယို့စွမ်းက သဲတစ်ဆုပ် ကိုင်ထားပြီး ငြိမ်နေလိုက်၏။

အစိမ်းရောင်ဝတ်ဆင်ထားသူ သူ့အနီးသို့ ရောက်ရှိလာလျှင်

'ယား'

အော်ငေါက်ကာ ထလိုက်သည်။

တစ်ဆက်တည်းပင်

သဲဖြင့် ပစ်လိုက်လေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် မျက်လုံးထဲ သဲဝင်သွား၏။

'မင်း'



အထိတ်တလန့် ရေရွတ်ကာ နောက်ဆုတ်သွား၏။

ထိုအချိန်မှာပင် ယို့စွမ်း မြေပေါ်ကျသွားခဲ့သည့် သူ၏ ဓားကို ကောက်ယူကာ ထိုလူ၏ ရင်ဝသို့ ထိုးစိုက်ချလိုက်လေသည်။

'အား'

အစိမ်းရောင်ဝတ်ဆင်ထားသူ စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေ၏။

ထိုလူသည် ယို့စွမ်းအား အထင်သေးမိသဖြင့် ခံလိုက်ရခြင်း ဖြစ်ပေတော့သည်။

ကျန် အစိမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက် ဒေါသခြောင်းခြောင်း ထွက်သွားကြ၏။

'သေပေတော့'

အော်ငေါက်ကာ ယို့စွမ်းအား ပြေးဝင် တိုက်ခိုက်လိုက်သည်။

ယို့စွမ်းက ချာခနဲ လှည့်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

'မပြေးနဲ့'

အစိမ်းရောင်ဝတ်ဆင်ထားသူ တစ်ယောက်က ခုန်အုပ်တိုက်ခိုက်လိုက်သည်။

ထိုအချိန်မှာပင် ယို့စွမ်း ချာကနဲ လှည့်ကာ တိုက်ခိုက်လိုက်၏။

'အား'

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ စူးရှစွာ အော်ရင်း မြေပေါ် လဲကျသွား၏။

သူ၏ ရင်ဝတွင် ယို့စွမ်း၏ ဓား စိုက်ဝင်နေ၏။

'ယား'

နောက်ဆုံးကျန်ရစ်ခဲ့သူက ညာသံပေးကာ ယို့စွမ်းအား လက်ဝါးဖြင့် ရိုက်ချလာသည်။

ယို့စွမ်းကလည်း လက်ဝါးဆန့်ထုတ်လိုက်ရာ

'ဝုန်း'

'ဖျောက်'

ယို့စွမ်း၏ လက်တစ်ဖက် သွင်သွင်ကျိုးသွားလေသည်။

သို့တိုင် ကျန်လက်တစ်ဖက်က ဓားမြှောင်ဆွဲထုတ်ကာ ထိုလူ၏ ရင်ဝကို ထိုးစိုက်ချလိုက်၏။

ထိုလူက ရှောင်တိမ်းခြင်းမပြုဘဲ ယို့စွမ်း၏ ဦးခေါင်းပေါ် လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း'

'အား'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။



ယို့စွမ်း၏ ဓားသည် ထိုလူ၏ ရင်ဝသို့ စိုက်ဝင်သွား၏။

ထိုလူ၏ လက်ဝါးသည်လည်း ယို့စွမ်း၏ နားထင်ကို ရိုက်ချမိလိုက်လေတော့သည်။

ယို့စွမ်း မြေပေါ် ခွေခနဲ လဲကျသွား၏။

မရှေးမနှောင်းမှာပင်

'ဝုန်း'

အစိမ်းရောင်ဝတ်ဆင်ထားသူမှာလည်း မြေပေါ်သို့ လဲကျသွားလေတော့၏။

ထိုအချိန်တွင် နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားခဲ့လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မြေပေါ်တွင် လူလေးယောက် လဲကျနေ၏။

အစိမ်းရောင်ဝတ်ဆင်ထားသူ သုံးယောက်နှင့် ယို့စွမ်းတို့ ဖြစ်ကြလေသည်။

မလှမ်းမကမ်းတွင် မြင်းတစ်ကောင် ရပ်နေ၏။

မြင်းပေါ်တွင် လူနှစ်ယောက် ရှိနေသည်။

ကျင်းဖုံးနှင့် ဆင့်ဆင့်တို့ပင် ဖြစ်သည်။

သူတို့နှစ်ယောက် ကြိုးတုတ်ခံထားရသည်။

ကျင်းပုံးမှာ မြင်းပေါ်၌ မှောက်လျက်ရှိနေရာမှ တဖြည်းဖြည်း သတိရလာသည်။

'အင်း'

ညည်းညူရင်း စတင်လှုပ်ရှားလာတော့သည်။

**စာစဉ်(၃)ပြီး၏။**

**စာစဉ် (၄)စာတ်သိမ်းပိုင်းကို**

**ဆက်လက် ဖတ်ရှုပါရန်**